
www.burmeseclassic.com



www.burmeseclassic.com

မောင်မျိုးစီစဉ်သည်

ကြောင်နှစ်ကောင်
စာအုပ်တိုက်
အမှတ်၁၃၂(မြေညီ) ၃၅လမ်း ရန်ကုန်
ဖုန်း ၀၁-၂၅၃၇၂၁၊ ၀၁-၂၈၂၂၄၈

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်

၁၅၁/၂၀၀၃ (၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၄၂၂/ ၂၀၀၃ (၇)

ထုတ်ဝေသူ

ဒေါ်ဝေဝေအောင်

ဝိုင်းစာပေ

၁၅၀၊ ဘိုလိမ်းလမ်း၊ မင်္ဂလာတောင်ညွန့်

ပုံနှိပ်သူ

ဦးမောင်မျိုး

ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း

ပထမအကြိမ် ၂၀၀၃ ခုနှစ်  ဩဂုတ်လ

အုပ်ရေ ၅၀၀၊ တန်ဖိုး (၃၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com

အနန္တောအနန္တငါးပါးအပါအဝင် မိဘနှစ်ပါး ဖြစ်သူ ဖေဖေနှင့်မေမေအား ရုပ်နဲ့နာမ်တည်မြဲသရွေ့ သန့်ရှင်းစွာ ရှာဖွေရအပ်သောငွေဖြင့် ထောက်ပံ့ကူညီ ကျွေးမွေးပြုစုနိုင်သည့် သမီးကောင်းရတနာဖြစ်ရပါလို၏။

ဤဝတ္ထု၊ အမည်၊ ဇာတ်လမ်းနှင့် ဝတ္ထုတွင်းပါ ဇာတ်ကောင်များသည် စာရေးသူ၏ စိတ်ကူး ယဉ်မှုသာ ဖြစ်ပါသည်။

မည်သူ့ကိုမျှ မရည်ရွယ်ပါ။
တိုက်ဆိုင်မှုရှိလျှင် ခွင့်လွှတ်ပါ။

**ဝေဝေအောင်**

www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့ ညစဉ်ညတိုင်း ကျွန်မသာ T.V ထိုင်မကြည့် ဖြစ်ခဲ့ဘူးဆိုလျှင်...

ကြည့်ခဲ့မိလျှင်လည်း ကြော်ငြာအစီအစဉ်ကို အမှတ်တမဲ့ဖြစ်ခဲ့မိလျှင်...

ကျွန်မနဲ့ ကျွန်မသမီးတို့ဘဝ သည်မျှလောက် ဆိုးဝါးလှတဲ့ အဖြစ်ဆိုးမျိုးတွေ ဖြစ်လာနိုင်စရာ မရှိပါ။

ကျွန်မရဲ့ဘဝ၊ ကျွန်မသမီးရဲ့ဘဝမှာ ခါးသီးရှုံ့မုန်းစရာ၊ နာကြည်းကြေကွဲစရာ၊ တစ်ယောက်နဲ့တစ်ယောက် မကြည့်ချင်မမြင်ချင်လောက်အောင် (ကျွန်မက ကျွန်မသမီးကို မကြည့်ချင်တာထက် ကျွန်မသမီးက ကျွန်မကို တူးတူးခါးခါး မုန်းတီးရှုံ့ရှာသွားခဲ့ရခြင်း ဇစ်မြစ်အစကတော့) ကျွန်မ T.V ကြော်ငြာထိုင်ကြည့်မိခြင်းကနေ စခဲ့ရတာဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# ၁

ရန်ကုန်တက္ကသိုလ်မှ အင်္ဂလိပ်စာကထိက တစ်ဦးဖြစ် တဲ့ ကျွန်မဘာဝက အချိန်မှန် စာပြ၊ အချိန်မှန် အိမ်ပြန် စသည်ဖြင့် ရိုးစင်းစွာနဲ့ ဘဝရဲ့အချိန်တွေကို ကုန်ဆုံးခဲ့ရတာဖြစ်ပါသည်။

သူများတကာတွေလို ကားမရလို့၊ ကားကြပ်လို့၊ အိမ်မှာ ပြဿနာဖြစ်လို့စတဲ့ အကြောင်းကြီးငယ်တွေလည်း ကျွန်မမှာ မရှိလှပါ။

ကျွန်မနေတဲ့ တံတားဖြူ ကန်လမ်းမှ ရန်ကုန်တက္ကသိုလ်ကို ရောက်ဖို့အတွက် ကားကို အနီးဆုံးမောင်းရကာ တစ်ဦးတည်းသော သမီးဖြစ်တဲ့ ကျွန်မရဲ့သမီး 'ရာဇ' မှာလည်း နောက်ထပ် ကားတစ်စီး ရှိခြင်းက ပိုလို့ တာဝန်တွေ ငြိမ်းအေးစေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုးပြီးခဲ့တဲ့ တစ်နှစ် ဆယ်တန်းစာမေးပွဲကို ဂုဏ်ထူးနှစ်ဘာသာဖြင့် 'ရာဇ' ထူးချွန်စွာ အောင်မြင်ခဲ့ပြီးတည်းက သူမ စိတ်ကြိုက် ငွေစိမ်းရောင် နှစ်ဆန်းဆန်နီ ဆလွန်းကားလေးကို ကျွန်မကိုယ်တိုင် လိုက်ဝယ်ပေးခဲ့တာ ဖြစ်ပါသည်။

ဖခင်မဲ့ သမီးလေးအတွက် ကျွန်မ ဖြည့်ဆည်းပေးခြင်းပါ။

၁ (ခ) နံပါတ် ဆလွန်းကားလေးကို တစ်ပတ်မောင်းကြည့်ရင်း သမီးလေးက ကျွန်မကို ကျေးဇူးတင်စကားဆိုပါသည်။

" Thank you so much မာမီ"

သမီးရဲ့ အရွယ်လေးနဲ့ သမီးရဲ့ ကားမောင်းနေတဲ့ ပုံစံလေးကို ငေးကြည့်ရင်း ကျွန်မ ကြည်နူးပျော်ရွှင်မိပါသည်။

ကျွန်မအတွက်ကတော့ ကျွန်မရဲ့သမီးဟာ ကျွန်မရဲ့ဘဝပါပဲလေ။

သမီးလေး ပျော်ရွှင်တယ်ဆို ကျွန်မလည်း ပျော်ရွှင်ရတာပဲပေါ့။

www.burmeseclassic.com

www.burmeseclassic.com



၂

ဆယ်တန်းအောင်သူတို့ရဲ့ ထုံးစံအတိုင်း ကျောင်းမဖွင့်သေးခင်မှာ သမီးက ကွန်ပျူတာတက်သည်။

အိမ်မှာလည်း 'Apple' ကွန်ပြူတာတစ်စုံ ရှိပြီးသားမို့ တက် ချင်လည်းတက်ပေါ့ သဘောနှင့် လွှတ်လိုက်သည်။ ဒါပေမဲ့ သမီး တက်တာက I.B.M တဲ့။ ဒီတော့ I.B.M စက်တစ်လုံး ထပ်ဝယ် ရပြန်သည်။

ဒီအမေနဲ့ ဒီသမီးသာ နှစ်ယောက်တည်း ရှိတဲ့ဘဝမှာ ကျွန်မရဲ့ စည်းစိမ်ချမ်းသာတွေက ဘာလုပ်ဖို့လဲနော်။

တစ်ဦးတည်းသော သမီးဖြစ်တဲ့ ကျွန်မအတွက် ကျွန်မရဲ့ မိဘတွေက စည်းစိမ်ချမ်းသာများစွာ ချန်ထားခဲ့သလို ကျွန်မအမျိုးသားဘက်ကလည်း ပြည့်စုံကုံလုံသူတွေမို့လို့ သူ ဆုံးသွားပြီးတဲ့ နောက်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအတွက် မြောက်များစွာလှသော စည်းစိမ်ဥစ္စာတွေကို ပိုင်ဆိုင်ခွင့် ရရှိခဲ့ပါသည်။

ယခု ကျွန်မနေသော တံတားဖြူ ကန်လမ်း တိုက်ကတင် သိန်းနှစ်ထောင်ကျော်ခန့်တန်ကာ အခြားတိုက်တွေနှင့် ငွေတန်ဘိုး ခန့်မှန်း၍ပင် မရနိုင်သော မြေကွက်တွေကို မနည်းမနော ပိုင်ဆိုင်ထားပါသေးသည်။

တချို့ကို ရောင်းတန်တာရောင်း၊ တချို့ကို ငှားတန်တာငှားကာ ပိုက်ဆံအားလုံး ဘဏ်ထဲ ထည့်ထားလိုက်ပါသည်။

ကျွန်မအတွက်ကတော့ လိုတာ သိပ်မရှိလှပါ။ ကျွန်မ တတ်ထားသော ပညာနဲ့ အသက်မွေးဝမ်းကျောင်း၍ရသော ငွေနဲ့တင် ကျွန်မအတွက် ဖူလုံလောက်ငှ၍ နေပါပြီ။

ကျွန်မ သမီးလေး အတွက်ကတော့ လိုမည်ထင်ပါသည်။

ခေတ်လူငယ်မို့ ဝတ်တာစားတာ၊ နေတာထိုင်တာကအစ အစစအရာရာ အဆင်ပြေစေဖို့ လစဉ် သမီးလေးရဲ့ အသုံးစရိတ်အဖြစ် သမီးလေးရဲ့ဘဏ်စာအုပ်ထဲ သုံးသိန်းထည့်ပေးထားသည်။ ဒါ့အပြင် သမီးလေး လိုချင်တာဝယ်ဖို့ ခရက်ဒစ်ကဒ်တွေလည်း ကျွန်မ လုပ်ပေးထားပါသေးသည်။

ကဲ… သမီးလေးအတွက် ဖခင်မရှိတာကလွဲလျှင် ဘာလိုသေးလဲနော်။

သမီးလေး လိုချင်တာအားလုံး မရမရှိစေရအောင် ကျွန်မဖန်တီးပေးထားမိသည်။ သမီးလေးရဲ့ အမြင်မှာ ကျွန်မဟာ အင်မတန်မှ တာဝန်ကျေသော မိခင်တစ်ယောက် ဖြစ်ချင်ပါသည်။

အစိုးရဝန်ထမ်းတစ်ဦးမို့ အချိန်တန် အလုပ်သွားရတဲ့ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



အတွက် မိခင်တစ်ယောက်ရဲ့ တာဝန် မလစ်ဟင်းရအောင် ကျွန်မရဲ့ ဆွေမျိုးနီးစပ်တော်တဲ့ 'ဒေါ်ပန်းနု' ကို အိမ်မှာ ခေါ်ထားပေးသည်။

ပြီးတော့ သမီးလေးအဖော်ရအောင် 'ဘကြီးဒွေး' ရဲ့ မြေးမလေးကိုလည်း တိုးတိုးဖော်လေးအဖြစ် ခေါ်ထားပေးပါသေးသည်။

'ဘကြီးဒွေး' ဆိုတာက ကျွန်မမိဘတွေ လက်ထက်တည်းက အိမ်တော်စိုးလို အိမ်ရဲ့ အရေးအရာကိစ္စတွေကို ဖြေရှင်းပေးခဲ့သူပါ။ ကျွန်မရဲ့ မိဘတွေ မရှိတော့ပေမယ့်လည်း 'ဘကြီးဒွေး' က အိမ်မှာ ဆက်နေကာ သူ့သမီး 'မလွန်း' က ချက်ရေးပြုတ်ရေးတာဝန်ယူပေးနေတာကြောင့် ကျွန်မအတွက်က အစစအရာရာ အဆင်ပြေနေပါသည်။

'မလွန်း' ယောကျ်ားက ကျွန်မယောကျ်ားနဲ့ မတိမ်းမယိမ်းဆုံးသွားကာ 'မလွန်း' သမီးလေးကလည်း ကျွန်မသမီးလေးနဲ့ ရွယ်တူလောက်မို့ အိမ်မှာပဲ ခေါ်ထားလိုက်မိပါသည်။

'မလွန်း' က ကျွန်မရဲ့အဖော်ဖြစ်ကာ 'မလွန်း' ရဲ့ သမီးလေး 'မြညို' ကတော့ သမီးလေးရဲ့ အဖော်ဖြစ်နေပါပြီ။

ပညာပါရမီဖြည့်တဲ့ အနေနဲ့ 'မြညို' ကို ကျွန်မကျောင်းထားပေးပေမယ့် ပါရမီ နည်း၍လားမသိပါ။ 'မြညို' ရှစ်တန်းအရောက်မှာ ကျောင်းထွက်လိုက်ပါပြီ။

'မြညို' ရဲ့ အပြောကတော့ သူ စာမလိုက်နိုင်တော့ပါတဲ့။

သူ့ဖိုးအေ 'ဘကြီးဒွေး' နဲ့ အမေဖြစ်သူ 'မလွန်း' ကကျောင်းဆက်တက်စေချင်ကြပေမယ့် ကာယကံရှင်ကိုယ်တိုင်က မတက်တော့ဘူးဆိုတော့လည်း ဘာမှ မပြောနိုင်ကြတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရဲ့ သမီးလေးကတော့ ငယ်စဉ်တည်းက ထူးချွန်သူ ပီပီ တစ်နှစ်တစ်တန်း မှန်မှန်တက်ကာ အသက်ဆယ့်ခြောက်နှစ် ကျော်ကျော်မှာ ဆယ်တန်းကို နှစ်ခြင်းပေါက် အောင်မြင်ခဲ့ပါပြီ။

ဒီကမ္ဘာမှာ ကျွန်မလောက် ပျော်ရွှင်နိုင်တဲ့သူ ရှိပါ့အုံးမလား နော်…။

www.burmeseclassic.com

www.burmeseclassic.com



## ၃

နေ့စဉ် ကျောင်းမှ ပြန်ရောက်ချိန်သည် ညနေငါးနာ ရီကျော်ဖြစ်ကာ ခဏနားပြီးလျှင် ရေမိုးချိုးသည်။

ခြောက်နာရီလောက်ဆို ကျွန်မ ညစာစားချိန်ဖြစ်ကာ ညစာ အဖြစ် ထမင်းအစား ကော်ပြန့်စိမ်း၊ ဒါမှမဟုတ် ဟင်းရွက်ကြော် တစ်ခါတလေကျတော့လည်း ခေါက်ဆွဲကြော်၊ ကြာဇံကြော်၊ ကတ်ကြီးကိုက် စသဖြင့် ကျွန်မ စားလိုရာကို 'မလွန်း' က ပြင်ဆင် ပေးတတ်ပါသည်။

ပြီးလျှင် ကျွန်မ ခြံထဲကိုဆင်းကာ လမ်းနည်းနည်းလျှောက် သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာ သမီးနဲ့ 'မြညို' ကလည်း ခြံထဲမှာ ဒါန်းစီးလျှင် စီး၊ မစီးလျှင် ဘက်(တ)မင်တန် ရိုက်နေတတ်ပါသည်။

ခုတလော ခြံထဲမှာ ဒါန်းစီးနေတဲ့ 'မြညို' ကိုပဲ အတွေ့ရများကာ သမီးကို အတွေ့ရ နည်းနေပါသည်။

ကျောင်းတွေဖွင့်ပြီမို့ သင်တန်းတွေနဲ့ မအားလပ်ဘူးထင်ပါ ရဲ့။ ပြီးခဲ့တဲ့နှစ်က အင်္ဂလိပ်မေဂျာနှင့် သမီးတက္ကသိုလ်ကို တက်နေ ပါပြီ။

ကျွန်မကိုအတွေ့ 'မြညို' က ပြေးလာကာ သမီးအကြောင်း ပြောပြပါသည်။

"ဒီနေ့ 'ရာဇ' အင်္ဂလိပ်စာကျူရှင် သူ့သူငယ်ချင်းအိမ်မှာ သွားတက်မယ်လို့ ပြောသွားတယ် မေမေလေး"

ကျွန်မ ခေါင်းညိတ်လိုက်မိပါသည်။ သူ့သူငယ်ချင်းအိမ်ဆိုတော့ 'အင်းကြင်း' တို့အိမ် ထင်ပါရဲ့။ 'အင်ကြင်း' လည်း သမီးနဲ့ အတူ အီးမေဂျာယူသည်။

"ဘယ်နှစ်နာရီလောက် ပြန်ရောက်မယ်ပြောသွားလဲ 'မြညို'"

"ခုနစ်နာရီခွဲလောက်မှ ပြီးမယ်လို့ ပြောသွားပါတယ်"

ဒါဆို ရှစ်နာရီလောက်မှ ပြန်ရောက်မှာ သေချာသည်။

'အင်ကြင်း' တို့အိမ်က သံလွင်လမ်းမှာဆိုတော့ ကြားထဲမှာ အသွားအလာအချိန် ရှိသေးသည်။

အိမ်ပေါ်ပြန်တက်လာကာ သမီးအတွက် 'မလွန်း' ဘာတွေ ချက်ပေးထားလဲ ကြည့်မိသည်။

ကြက်သားလုံးကျော်၊ အစိမ်းကြော်၊ ကြံမဆိုင်ဟင်းချိုနဲ့ဆို

www.burmeseclassic.com

www.burmeseclassic.com



တော့ သမီးလေး ထမင်းစားလို့ မြိန်မှာပါလေ။

ဆယ်တန်းစာမေးပွဲ ဖြေကာနီးတုန်းကဆို ထမင်းပင်ကောင်းကောင်းမစား၊ စာကိုပဲ အခါမလပ်ကြည့်နေ၍ ကျွန်မကိုယ်တိုင် ထမင်းကိုစောင့်ကာ ကျွေးခဲ့ရဖူးပါသည်။

အဖမဲ့သော သမီးလေးမို့ သမီးလေးကို ကျွန်မ တုန်နေအောင် ချစ်သလို သမီးလေးကိုယ်တိုင်လည်း ကျွန်မကိုချစ်တာ ကျွန်မသိပါသည်။

ဘယ်နေရာက ပြန်လာ၊ ပြန်လာ အရင်ဦးဆုံး ကျွန်မကို လိုက်ရှာတတ်သူ၊ တစ်နေ့တာ ကြုံလာခဲ့ရသမျှတွေကို အမေ့ကို မချွင်းမချန် ဖောက်သည်ပြန်ချတတ်လေသည်။

ကျွန်မအဖို့ကတော့ ကျွန်မသမီးရဲ့ သူငယ်ချင်းလည်းဖြစ်၊ အမေလည်းဖြစ်ရသော ဘဝကို ကြည်နူးပျော်ရွှင်မိပါသည်။ ဧည့်ခန်းထဲ ပြန်လျှောက်လာကာ ရှိုးကေ့စ်ပေါ်တင်ထားတဲ့ ကျွန်မနဲ့ သမီးတို့ ပခုံးချင်းဖက်ကာ ရိုက်ထားသော ဓါတ်ပုံလေးကို ကိုင်ကြည့်မိပါသည်။

ထိုနေ့က သမီးဆယ်တန်းအောင်တဲ့နေ့အဖြစ် သမီးရဲ့ သူငယ်ချင်းတွေကို 'ရွှေအင်းယား' မှာ လိုက်ကျွေးရင်း အမှတ်တရ ရိုက်ထားခဲ့တဲ့ ဓါတ်ပုံလေးဖြစ်ပါသည်။

ရေခဲသားစိမ်းပြာရောင်က လည်ပင်းနေရာမှာ ပြန်ဝိုက်ကျနေကာ သွယ်ရှင်းသော ကျွန်မရဲ့ လည်ပင်းတွင် စိန်နဲ့ပလက်တီနမ် ကြိုးဆွဲထားကာ နားတွင် တစ်လုံးတည်း စိန်နားကပ်ကြီးကြီးကို ပန်ထားသော ကျွန်မက သမီးထက်ပဲ ပိုလှနေသယောင်ယောင်ပါ။

သမီးကတော့ လူငယ်ပီပီ လိမ္မော်ရောင် ကိုယ်ကျပ်အကျႌနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဘောင်းဘီအနက်လေးကို တွဲဝတ်ထားသည်။ ဆံပင်ကတော့ ခု ခေတ်ကောင်မလေးတွေထားတဲ့ အဖြောင့်စတက်ဖ် ဆံပင်နှင့် သမီး ရဲ့ မျက်နှာလေးက ရှင်လန်းကာ တက်ကြွ၍ နေပါသည်။

ဓါတ်ပုံတွေ ရလာတဲ့နေ့က သမီးက ကျွန်မကိုဖက်ကာပြော ပါသည်။

" 'အင်ကြင်း' က ပြောတယ်... သမီးနဲ့ မာမီနဲ့ယှဉ်ရင် မာမီက ပိုချောတယ်တဲ့"

ကျွန်မက ပြုံးကာ သမီးကို ပြန်မေးလိုက်မိပါသည်။

"အဲ့ဒီတော့ သမီးက ဘာပြန်ပြောလိုက်လဲ"

"မပြောပါဘူး... ဟုတ်တယ်လို့ပဲ ပြောလိုက်တာပေါ့... ကိုယ့်မာမီ ချောတယ်ပြောတာပဲ ပိုတောင် ကျေနပ်မိသေးတယ်"

"မာမီ့သမီးလေးကတော့ ချစ်စရာ သိပ်ကောင်းတယ်"

ဖောင်းဖောင်းမို့မို့ ပါးပြင်၊ ချွန်စင်းနေတဲ့ နှာခေါင်းလေးနဲ့ သမီးရဲ့ မျက်တောင်ကော့ကော့လေးတွေက သမီးရဲ့ ချစ်စရာ ကောင်းတဲ့ အချက်လေးတွေပါ။

ကျွန်မရဲ့ မျက်နှာက သွယ်ကာ၊ သမီးရဲ့ မျက်နှာလေးက တော့ ဝိုင်းသည်။ ကျွန်မပုံစံက သွယ်မြင့်မြင့်ဟန်ရှိကာ သမီးရဲ့ပုံစံ ကတော့ တုတ်တုန်တစ်တစ်လေးပါ။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မသမီးကို ချစ်ပါသည်။ ဒီသမီးလေး က ကျွန်မရဲ့ ကမ္ဘာမဟုတ်ပါလား။

ဒီသမီးလေးသာ ရှိနေလို့ကတော့ ကျွန်မဘဝမှာ အရာရာ ပြီးပြည့်စုံနေပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



## ၄

ဧည့်ခန်းတွင်းရှိ T.V ကိုဖွင့်လိုက်တဲ့ အချိန်မှာတော့ ညခြောက်နာရီ ခွဲလုပါပြီ။

"အခု လာနေတဲ့ ကိုးရီးယားဇာတ်လမ်း သိပ်ကောင်းတယ် မမလေး... အစားအသောက်တွေကလည်း စုံနေတာပဲ"

T.Vဖွင့်သည်နှင့် 'မလွန်း' က မယောင်မလည် ရောက်လာကာ စကားမရှိ စကားရှာကာ ပြောတတ်ပါသည်။

'ဘကြီးဒွေး' က တည်ကြည်သလောက် 'မလွန်း' ကတော့ နာမည်နဲ့လိုက်အောင် လွန်းအိမ်လို လှုပ်ရှားနေတတ်သူ တစ်ယောက်ပါ။

ဒါကြောင့်သာပဲ 'မြညို' ငါးနှစ်အရွယ်လောက်မှာ နောက်အိမ်ထောင် ထပ်ပြုခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူထပ်ပြုတဲ့ ယောက်ျားကလည်း သားမှတ်မှတ်၊ မယား မှတ်မှတ်အဖြစ် ရှာကျွေးဖို့ထက် အရက်သမား၊ ဖဲသမားဖြစ်နေလေတော့ 'မလွန်း' အော်ကြောလန်ကာ ကျွန်မတို့ဆီကို ပြန်ရောက်လာခဲ့ခြင်း ဖြစ်ပါသည်။

ကံကောင်း၍ နောက်အိမ်ထောင်နဲ့ ကလေးထပ်မရခြင်းပါ။ ထိုကိစ္စနဲ့ပတ်သက်ကာ 'မြညို' က သူ့အမေကို အမြဲ အပြစ်တင်တတ်ပါသည်။

"မေမေလေးလည်း အမေ့လို ယောက်ျားသေသွားတာပါပဲ... ဒါပေမဲ့ နောက်ယောက်ျား ထပ်မယူပါဘူး... အမေကတော့ လွန်ကိုလွန်ပါတယ်"

"ဟဲ့ ဟိုကသူဌေး... ပညာတတ်... နောက်ယောက်ျားထပ်မယူဘဲ သူ့ပိုက်ဆံနဲ့သူ သူ့ပညာနဲ့သူ နေလို့ရတယ်... ငါကဆင်းရဲတော့ အားကိုးရာရမလားဆိုပြီး ယူမိတာပေါ့"

"အခုတော့ အမေ ခေါင်းမွေးပြောင်တာပဲ အဖတ်တင်လာတယ် မဟုတ်လား"

အသက်လေးဆယ်ကျော် ဆိုပေမယ့်လည်း ဈေးတောင်းခေါင်းရွက်ရလွန်း၍ 'မလွန်း' ၏ ရှေ့ဆံပင်တွေကျဲကာ ရပ်ကအို စာနေပါပြီ။

ဒါတောင် 'မလွန်း' ၏ ရုပ်ပြာပြာ အမူအကျင့်တွေက မပျောက်ချင်သေးပါ။

"အေး အေး... ညည်းပဲတော်... ညည်းပဲတတ်... ကျုပ်သာပြောနေ... ညည်းလည်း ဘယ်လိုလင်မျိုးရမလဲ ကျုပ်စောင့်ကြည့်အုံးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားများ ဘာလုပ်ရမှာလဲ… ကျုပ်က မေမေလေးတို့လို… 'ရာဇ' တို့လိုပဲနေမှာ"

"အောင်မယ်လေး… ကြည့်ရသေးတာပေါ့… ဟိုက သူဌေးညည်းက ခွေး… သူတို့ကျန်တဲ့ အရိုးအရင်းလောက် စားနေရတာများ တက်ပြိုင်ချင်ရတယ်လို့"

"ပြိုင်တာတော့လည်း ဘယ်ဟုတ်မလဲ အမေရယ်… အတုခိုးသင့်တာဆို အတုခိုးရမှာပေါ့… မေမေလေးနဲ့ အမေနဲ့ဆို ရွယ်တူပဲ… မေမေလေးဆို ဘယ်လောက် ကျက်သရေရှိလဲ… ဘယ်လောက် တည်ကြည်သလဲ"

"ဟဲ့ အဲ့ဒါ ပိုက်ဆံရှိတာကိုး"

"ကျုပ် ပြောတာ ပိုက်ဆံကို ပြောတာမဟုတ်ဘူး… အနေအထိုင်ကိုပြောတာ… မေမေလေးရုပ် ဒီလောက်ချောတာ ကြိုက်တဲ့လူမရှိဘဲနေမလား"

'မလွန်း' ငြိမ်နေတာ တွေ့ရပါသည်။

ထိုအချိန်က သူတို့သားအမိ နှစ်ယောက်တည်း စကားပြောနေရာ မီးဖိုချောင်ကိုအဝကို ကျွန်မ မထင်မှတ်ဘဲ ရောက်ရှိသွားခဲ့တဲ့ အချိန်ဖြစ်ပါသည်။

" 'ဦးရောဘတ်' တို့ 'ဦးမြင့်ထည်' တို့ဆိုတာ မေမေလေးဆီ အလကားသက်သက် လာနေတဲ့လူတွေမှ မဟုတ်တာ"

'မြညို' ပြောတာ မှန်ပါသည်။ 'ဦးရောဘတ်' ဆိုတဲ့ မိုးကုတ်သူဌေးကော၊ 'ဦးမြင့်ထည်' ဆိုတဲ့ ကျောက်စိမ်းသူဌေးပါ။ ကျွန်မကို နီးစပ်ချင်၍ နည်းအမျိုးမျိုးဖြင့် ချဉ်းကပ်နေခဲ့ကြတာ ကြာပါပြီ။

မိဘခြင်း မိတ်ဆွေတွေမို့ အခင်မင်မပျက် ဆက်ဆံနေရပေ

www.burmeseclassic.com

www.burmeseclassic.com



မယ့် အခါခွင့်သင့်တိုင်း ကျွန်မကို နောက်ထပ်အိမ်ထောင်ပြုဖို့ တိုက်တွန်းနေကြတဲ့ သူတွေလည်း ဖြစ်ပါသည်။

'ဦးရောဘတ်' ကော 'ဦးမြင့်ထည်' ပါ ဂုဏ်သရေရှိ လူကြီးတွေမို့အများက ဝိုင်းဝန်းတိုက်တွန်းခဲ့ကြပေမယ့် ကျွန်မအိမ်ထောင်မပြုချင်တော့ပါ။ ကျွန်မရဲ့ဘဝမှာ ကျွန်မ သမီးလေးရှိရင် ပြည့်စုံလုံလောက်၍ နေပါပြီ။

အိမ်မှာခေါ်ထားတဲ့ 'ဒေါ်ပန်းနု' ကပင် ကျွန်မကို အံ့သြ၍ နေသည်။

" 'သိုက်' ရယ်... လေးဆယ့်သုံး လေးဆယ့်လေးဆိုတာ အိမ်ထောင်ပြုလို့ ရသေးတဲ့အရွယ်ပါ... 'ရာဇ' အတွက် ငဲ့နေတယ် ဆိုရင်လည်း 'ဒေါ်ပန်းနု' ရှိနေတဲ့ ဥစ္စာပဲကွယ်"

'ဒေါ်ပန်းနု' စကားကို နားထောင်ကာ ကျွန်မ ပြုံးလိုက်မိပါသည်။

လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကျော် ကျွန်မ ယောကျ်ားဆုံးကာစ အချိန် ( ကျွန်မအသက်မှ သုံးဆယ်ဝန်းကျင် ရှိသေးတဲ့အချိန်) က ပင် ကျွန်မအိမ်ထောင်ပြုဖို့ မစဉ်းစားခဲ့သေးလျှင် ယခု အချိန်ကျကာမှ ကျွန်မ ဘာလုပ်ဖို့ စဉ်းစားရမှာတုန်း။

အိမ်ထောင်ပြုတယ်ဆိုတာ အားကိုးအားထား ရှာတာ။

ကျွန်မဘဝမှာ ငွေကြေးဥစ္စာလည်း ပြည့်စုံသည်။ ကိုယ်ပိုင်အရည်အချင်းလည်း ရှိနေသည်။

ဒီလို အချက်တွေ ရှိနေပါရက်နဲ့ ကျွန်မ အိမ်ထောင်မပြုသင့်တော့ဘူး ထင်ပါသည်။ အဓိက အရေးကြီးတဲ့အချက် တစ်ချက်အဖြစ် ကျွန်မ ဘယ်ယောကျ်ားကိုမှ မချစ်တော့ဘူးဟု ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရဲ့ အချစ်နဲ့အတူ ကျွန်မဘဝလည်း သေးဆုံးခဲ့ရတာ သမီးလေးတစ်သက်ပင် ရှိခဲ့ပြီ မဟုတ်ပါလား။

ဒီလောက် အချိန်တွေကြာမှတော့ ကျွန်မရဲ့ နှလုံးသားလည်း ငြိမ်သက်ခဲ့ပါပြီ။ ကျွန်မ သက်ပြင်းကိုချကာ 'ဒေါ်ပန်းနု' ကိုပြော လိုက်မိပါသည်။

"'သိုက်' ဘယ်တော့မှ အိမ်ထောင်မပြုတော့ပါဘူး 'ဒေါ်ပန်းနု' ရယ်... 'သိုက်' တို့ အရွယ်ဟာ စိတ်ကူးယဉ်တဲ့အရွယ်ကိုကျော် လို့ ရင့်ကျက်တည်ငြိမ်တဲ့ အရွယ်ကို ရောက်နေပါပြီ... ခုချိန်မှာ 'သိုက်' စိတ်ထဲ သမီးလေးပဲ ရှိပါတယ်"

"အေးကွယ်... ခုလိုကြားရတာ 'ဒေါ်ပန်းနု' စိတ်ချမ်းသာပါ တယ်"

ကျွန်မအတွေးကို ဖြတ်ကာ စိတ်ကို တီဗွီဇာတ်လမ်းထဲ နှစ် ထားလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၅

'မလွန်း' ပြောသလိုပါပဲ၊ ကိုးရီးယားဇာတ်လမ်းတွဲက ကြည့်လို့ကောင်းတာ အမှန်ပါ။ တရုတ်ဇာတ်ကားတွေလိုလည်း ဇာတ်လမ်းတွေ မရှုပ်။

မြန်မာ့ယဉ်ကျေးမှုနဲ့ ကိုက်ညီတဲ့ အတွေးအခေါ် အယူအဆလေးတွေလည်းပါတာကြောင့် ကျွန်မ စိတ်ဝင်စားစွာ ကြည့်နေဖြစ်ပါသည်။

ခက်တာက ဇာတ်ကားတစ်ကား ကြည့်ရဖို့အရေး ကြော်ငြာတွေကြည့်ရတာ တမေ့တမော့ဆိုတော့ မကြည့်ချင်လည်း ကြော်ငြာတွေ ထိုင်ကြည့်နေဖြစ်ပါသည်။

ဒီမှာတင် ကျွန်မ စိတ်ဝင်စားသော ကြော်ငြာတစ်ခုကို တွေ့လိုက်ရပါသည်။

BAGAN - NET မှ ကြော်ငြာလေးပါ။

အင်္ဂလိပ်လို ပြောနေသော ကြော်ငြာကို စိုက်ကြည့်ရင်း အိမ်

www.burmeseclassic.com



မှာ INTERNET တတ်ဖို့ ကျွန်မ သတိရလိုက်သည်။

သမီးလည်း ကွန်ပျူတာ တတ်ပြီးသားပဲ။ INTERNET တတ်ထားခြင်းအားဖြင့် ကမ္ဘာနဲ့အဝှမ်း ဖြစ်ပျက်နေသမျှကို အင်တာနက်က တစ်ဆင့် ကြည့်လို့ရမည်။ ကမ္ဘာနဲ့ ရင်ဘောင်တန်းနိုင်မည်။

သမီးလည်း အင်္ဂလိပ်စာ ပိုကျွမ်းလာမည်။ ဒီအကြောင်း သမီး ကို ပြောပြလျှင် သမီးလည်း စိတ်ဝင်စားမှာ သေချာပါသည်။ ဘာ ပဲဖြစ်ဖြစ် မနက်ဖြန်အားလျှင် BAGAN- NET ကို ကျွန်မ သွားမည်။

ဒါမှမဟုတ် သမီးကို သွားခိုင်းမည်။ အတွေးဖြင့် ကျွန်မငြိမ် နေချိန် ခြံထဲကို ကားဝင်လာသံ ကြားလိုက်ရလေသည်။

သမီး ပြန်လာပြီ ထင်ပါရဲ့။ ကျွန်မရဲ့ အတွေးကို 'မြည်ို' က ရိုပ်မိသလို အိမ်တံခါးကို ပြေးဖွင့်ထားပါသည်။

"မာမီ"

ကျွန်မတွေးနေဆဲ သမီး ပြေးဝင်လာကာ ကျွန်မကို ဖက်နမ်းလိုက်ပါသည်။

"မာမ့ီအတွက် မုန့်ဝယ်လာတယ်"

သမီးက အနက်ရောင် သူ့ရဲ့လွယ်အိတ်ကို သိုင်းလွယ်ကာ လက်ကို နောက်ပစ်ရင်းမှ ကျွန်မကို လှမ်းမေးပါသည်။

"ဘာမုန့်လို့ မာမီ ထင်လဲ"

"မာမီ… မဆာပါဘူး သမီးရယ်"

"မရဘူး… မဆာလည်း စားရမှာပဲ… သမီးက မာမ့ီအတွက် တကူးတက ဝယ်လာတာ"

www.burmeseclassic.com

www.burmeseclassic.com



မိုးပြာရောင် HANG - TEN အတို တီရှပ်နှင့် အနက်ရောင် ဘောင်းဘီရှည်လေးဝတ်ထားတဲ့ သမီးလေးက တက္ကသိုလ်သာ တက်နေသော်လည်း ပီတိကလေးလေးလိုပါ။

"ပြောလေ.... မာမီဘာလို့ ထင်လဲ"

"မာမီ မပြောတတ်ပါဘူး သမီးရယ်... တစ်ခုခုပေါ့"

ကျွန်မရယ်တော့ သမီးက ကျွန်မကို မချိုမချဉ်စိုက်ကြည့်ကာ မေးပါတော့သည်။

"ဒါဆို မာမီ ပန်းပေးပြီပေါ့"

သမီးကို မွေးပြီးထဲက မာမီ အမြဲပန်းပေးခဲ့တာပဲ သမီးရယ်။ ရင်ထဲက စကားများဖြင့် သမီးကို ပြန်အကြည့် ...

" 'ဒေါ်လွန်း' မာမီ့အတွက် ပန်းကန်ပြားတစ်ချပ် ပြီးတော့ ဇွန်းခက်ရင်းပါ ယူခဲ့"

"မာမီ မဆာသေးပါဘူးဆို"

"မဆာလည်း 'ရာဇ' ကို ချစ်ရင် နည်းနည်းလေးတော့ စားရမယ်"

သမီးက အကျပ်ကိုင်ကာ ပြောလာပြီဆိုတော့ ကျွန်မသဘောတူဘို့ကလွဲ၍ ဘာမှမရှိတော့ပါ။

"အပ်ချလောင်း"

မျက်လှည့်ပြပွဲထဲကလို သမီးက သူ့အထုပ်ကို ဖွက်ပြီး 'မလွန်း' ယူလာတဲ့ဖိုင်ဘာ ပန်းကန်ပြားထဲကို လောင်းထည့်လိုက်ပါသည်။

ခရမ်းချဉ်သီးအနှစ်များများ၊ ကြက်သားများများဖြင့် စားချင်စရာ ပြုလုပ်ထားသော ပီဇာမုန့်တစ်ချပ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



"မာမီကြိုက်တယ် မဟုတ်လား"

"အင်း ...."

ကျွန်မခါတိုင်းစားနေကြ အစားအစာတွေထက်စာလျှင် အပြောင်းအလွဲလေးမို့ ခေါင်းကိုအငြိမ့် ....

" 'ရာဇ' ဝယ်လာတာ မှန်ပါတယ်နော် မာမီ"

"အေးပါ... သမီးရယ် မှန်ပါတယ်... သမီး ရေချိုးအုံးမှာလား"

"ညနေက ချိုးသွားတယ် မာမီ"

"ဒါဆို ထမင်းစားတော့လေ"

" 'ရာဇ' အတွက် ဘာချက်ထားလဲ"

သမီးက ထမင်းစားခန်းဆီ သွားရင်းမှ 'မလွန်း' ကို လှမ်းမေးပါသည်။

" 'ရာဇ' အကြိုက်တွေပဲ"

'မြညို' က သမီးလွယ်အိတ်ကို ယူရင်း ဖြေပါသည်။ သမီးက ထမင်းစားပွဲပေါ်မှ ဟင်းတွေကို ငုံ့ကြည့်ရင်း ကျွန်မကို လှမ်းပြော သည်။

" GOOD ပဲ မာမီ... 'ရာဇ' တော့ တုတ်တော့မယ်"

"အဝတ်လဲအုံးလေ 'ရာဇ' ရဲ့"

'မလွန်း' ပြောတာကို သမီးက ခေါင်းခါရင်း ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။

" 'ရာဇ' အရမ်းကို ဆာလာပြီ 'ဒေါ်လွန်း' ရဲ့... စားတော့မယ်"

'မလွန်း' က အရှုံးပေးတဲ့ပုံစံဖြင့် သမီးကို ထမင်းခူးပေးနေတာ ငေးကြည့်ရင်း ကျွန်မ ပြုံးနေမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားနေရင်းမှလည်း သမီးက ကျွန်မကို စကားတွေ လှမ်းပြောနေပါသေးသည်။

“ မာမီရာ… ဒီနေ့ ‘အင်ကြင်း’ အမေကြီးဝတ်ထားတဲ့ စိန်လော်ကတ်ကြီးက ရယ်ပဲ… သမီးလက်သီးဆုပ်လောက်ကို ရှိတာ”

“ဟုတ်ရဲ့လား… သမီးရယ်”

ကျွန်မကရယ်တော့ သမီးက မျက်လုံးလေးပြူးကာ ပြန်ပြောပါသည်။

“တကယ်မာမီရဲ့ သူ့ဖာသူ အော်ဒါပေးပြီး လုပ်တာလို့ပြောတာပါပဲ … နေကြာပန်းပုံ လော်ကတ်ကြီး မာမီရဲ့ … ပွင့်ဖတ်တွေကို အဝါရောင်သန်းနေတဲ့ စိန်အလုံးလေးတွေချည်း ရွေးလုပ်ထားပြီး အလယ်က ဝတ်ဆံကို အစိမ်းရောင်သမ်းနေတဲ့ စိန်နဲ့လုပ်ထားတာဆိုတော့ အမှတ်တမဲ့ကြည့်လိုက်ရင် တကယ့်နေကြာပန်းပွင့်လေးလိုပဲ မာမီရယ် … လှလိုက်တာ အဲဒါကို ရွှေကြိုးတုတ်တုတ်ကြီးနဲ့တွဲဝတ်ထားတော့ ဘယ်လောက်လှမလဲ … မာမီလည်း လုပ်ဝတ်ပါလား”

အလှအပ လက်ဝတ်လက်စားနဲ့ ပတ်သက်လာလျှင် ကိုယ့်ဖာသာကိုယ် ဒီဇိုင်းထွင်ဝတ်တာကို ဝါသနာပါပေမယ့် အဲဒီလောက် အကြီးကြီးမျိုးကို ဝတ်ဖို့ ကျွန်မစိတ်မပါပါ။

လော်ကတ်အကြီးကြီးတွေ ဆွဲထားတဲ့သူတွေကို မြင်တိုင်း ကျွန်မငယ်ငယ်က ကြည့်ခဲ့ရဘူးတဲ့ အငြိမ့်ခွင်မှ လူရွှင်တော်တွေရဲ့ ပျက်လုံးဖြစ်တဲ့ ဟိုဖက်က ဆရာလေးဆွဲတာ ဒီဖက်က ဆရာကြီးဆွဲတာ ဆိုပြီး ဆုရရွှေပြားကြီးတွေကို ကိုင်ကိုင်ပြီး ကိုယ်ကိုလှုပ်ကာ ခါခါပြီး ကပြတာကို သတိရကာ အမြဲပြုံးချင်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးတို့ ဆရာလေးတို့ အဆွဲခံတာလည်း မဖြစ်ချင်၍ လော်ကက်ဆို ကျွန်မက သေးသေးလေးနဲ့ တန်ဖိုးရှိရှိလေးတွေပဲ ကြိုက်သည်။

တလောက ကျွန်မဝတ်တဲ့ သလဲသီးပုံ လည်ဆွဲလေးဆို စိန်ပန်းရောင်လေးတွေချည်းပဲ ရွေးမှာကာ ကိုယ်ဒီဇိုင်းနဲ့ကိုယ် အော်ဒါပေးခဲ့တာမို့ ကျွန်မဝတ်တိုင်း မကြိုက်တဲ့သူမရှိပါ။

ဒီလိုပဲ ပတ္တမြားရဲရဲ အရည်အသွေးကောင်းကောင်းလေးတွေကို ရွေးဝယ်ကာ အပေါ်မှ မြစိမ်းခက်လေးနဲ့ ပန်းသီးပုံလော်ကက်။

စိန်နဲ့ ကျောက်စိမ်းလေးတွေရောကာ စပယ်ပန်းပုံရင်ထိုး စသည်ဖြင့် ကျွန်မအားတိုင်း ဒီဇိုင်းထွင်ကာ လုပ်ဝတ်လေ့ရှိပါသည်။

မိဘတွေလက်ထက်ထဲက ပြည့်စုံတဲ့အပြင် ကျွန်မလက်ထပ်ခဲ့သူကလည်း နိုင်ငံခြားတွင် ကျောက်မျက်ဆိုင် ဖွင့်နိုင်တဲ့အထိ ချမ်းသာသူမို့ ကျွန်မဘဝက စိတ်သွားတိုင်း ကိုယ်ပါ လိုရာဆန္ဒတစ်လုံးတဝနဲ့ ပြည့်စုံသောသူ တစ်ယောက်ဖြစ်ခဲ့ရပါသည်။

သမီးစိတ်ကျေနပ်စေရန် ကျွန်မလှမ်းပြောလိုက်မိပါသည်။

" သမီးဝတ်ချင်လို့လား … မာမီ အပ်ပေးမယ်လေ "

" ဟာ… မာမီကလဲ 'ရာဇ' အရွယ်နဲ့ အဲဒီလောက်လော်ကက်ကြီး ဘယ်ကြည့်ကောင်းပါ့မလဲ … 'ရာဇ' ပလက်တီနမ်ပဲကြိုက်တယ် … ပြီးတော့ ရှုပ်ရှုပ်ယှက်ယှက်အများကြီး ဝတ်တာလည်း မကြိုက်ပါဘူး "

သမီးရဲ့ နုနုပျိုပျို အရွယ်လေးနဲ့ ဘာမှဝတ်စားမထားလည်း ချစ်စဖွယ် တင့်တယ်ပြီးသားမို့ ကျွန်မ ကျေနပ်စွာ ပြောလိုက်မိပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။

"သမီးက ဘာမှမဝတ်လဲ ... ချစ်စရာကောင်းပြီးသားပါပဲ ကွယ်"

"'ရာဇ' က ချစ်စရာကောင်းတာ ... မာမီ က ချောတာ ... 'အင်ကြင်း' ရဲ့ ကာစင် 'မသဇင်' ကဆို မာမီ့ကို သိပ်ချီးမွမ်းတာ သူက Master တက်နေတာဆိုတော့ မာမီတို့ Main ထဲမှာ တက်ရ တာလေ ... မာမီကားကို ကိုယ်တိုင်မောင်းပြီး ကျောင်းကိုလာတဲ့ အချိန်က သူတို့အတွက် ဝတ္ထုတစ်ပုဒ် ဖတ်ရတဲ့အချိန်ပဲတဲ့"

ကျွန်မ အသံထွက်အောင် ရယ်လိုက်မိပါသည်။ ဒီလောက် တောင်ပဲ ကျွန်မက ကျောင်းသူတွေကြားထဲ ရေပမ်းစားသတဲ့လား ကွယ်။

"မာမီကားပေါ်က ဆင်းမလာခင် ဒီနေ့မာမီဘာဝတ်လာမလဲ ပဟေဠိဖွက်ကြသလို ... မာမီဆင်းလာပြီး သူတို့နားက ဖြတ်သွား ရင်လည်း မာမီဆွတ်ထားတဲ့ ရေမွှေးနံ့နဲ့အတူ သူတို့ရဲ့စိတ်တွေ ဟာလည်း မာမီနောက်ကို ကောက်ကောက်ပါအောင် ပါသွားခဲ့ကြ တာတဲ့ ... မာမီသွားပြီးလို့ အကြာကြီးနေမှ သူတို့အသက်ရှုဖို့ သတိရမိကြသတဲ့လေ"

"အဲဒါတော့ ... သူတို့လေးတွေ ပိုပြောကြတာနဲ့ တူပါတယ် သမီးရယ်"

ကျွန်မ မျက်နှာလေး နီနီဖြင့် ရယ်တော့ သမီးက ထမင်းကို လက်စသပ်စားပြီး ရေသောက်ကာ ကျွန်မအနားကို လာထိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၆

" 'မသဇင်' ပိုပြောတာ မဟုတ်ဘူး မာမီရဲ့ ... သူ့အကြောင်း 'ရာဇ' သိတယ်... သူက 'အင်ကြင်း' လို အပိုမပြောတတ်ဘူး"

သမီးပြောတာ အမှန်တွေဆိုတာလည်း ကျွန်မရိပ်စားမိပါသည်။ လူပဲလေ ကိုယ့်ကို ဘယ်သူတွေ စောင့်ကြည့် အကဲခတ်နေတယ်ဆိုတာ မသိဘဲ နေပါ့မလား။

ကျောင်းသူတွေတင်မက ဆရာပေါက်စတွေ၊ ကျွန်မနဲ့ တန်းတူရွယ်တူ ဆရာတွေကအစ ကျွန်မကို စိတ်ဝင်စားတယ်ဆိုတာ ကျွန်မ သိနေပါသည်။

ဒါကလည်း ယခုအရွယ်မတိုင်ခင် ဟိုးလွန်ခဲ့တဲ့ ဆယ့်ငါးနှစ်

www.burmeseclassic.com

www.burmeseclassic.com



ခင်ပွန်းသည် ကွယ်လွန်ပြီး နောက်ပိုင်းအချိန်တွေထဲကပါ။

သမီးဆိုတဲ့ နှောင်ကြိုးနဲ့ ကျွန်မဘက်က လုံးဝမလှုပ်တော့ သူတို့ခများလဲ ရှေ့ဆက်တိုးပို့ ခက်နေရတာ ယခုအချိန်ထိ တိုင်အောင်ပါ။

တချို့လည်း ကျွန်မကို မျှော်လင့်စောင့်စားရင်း မရနိုင်မှန်းသိ တာကြောင့် ကြုံရာနဲ့ လက်ထပ်ဖြစ်သွားသလို တချို့လည်း ကျွန်မ ကို စောင့်ရင်း ခုချိန်ထိတိုင် လူပျိုကြီးဖြစ်နေကြသူတွေ မနည်းပါ။

ကျွန်မ နှလုံးသားကတော့ အချစ်နဲ့ပတ်သက်လျှင် ငြိမ်သက်ခဲ့ပြီဟု ထင်မိပါသည်။

"ဒါနဲ့သမီးကို မာမီပြောစရာရှိတယ်... အိမ်မှာ INTERNET တတ်ပါလား"

"ဟာ... 'ရာဇ' လည်း အဲဒါ ပြောမလို့မာမီရ ... 'အင်ကြင်း' တို့လည်း တတ်မလို့တဲ့ ... ပြီးတော့ သမီးတို့ အချင်းချင်း e-mail ပို့ကြမလို့လေ ... မာမီကတော့ အင်တာနက်ကကြည့်ပြီး ဈေးဝယ်ပေါ့ မကောင်းဘူးလား"

"မာမီ့အတွက်ထက် သမီးအတွက်ကိုပဲ မာမီက စဉ်းစားတာပါ ... အင်တာနက်တတ်ထားခြင်းအားဖြင့် ကမ္ဘာနဲ့အမှီ ရင်ဘောင်တန်းနိုင်တယ်လေ"

"အတော်ပဲ 'ပုတိ' ဆီကိုလဲ ... e-mail ပို့ရမယ်"

'ပုတိ' ဟု သမီးခေါ်တဲ့ 'မိုးကောင်း' က သမီးနဲ့အတူ ဆယ်တန်းအောင်သွားတဲ့ ကောင်လေးပါ။

လူငယ်ခြင်း ရင်းနှီးသလို 'မိုးကောင်း' ၏ မိဘတွေကလည်း ကျွန်မ၏ သူငယ်ချင်းတွေမို့ အိမ်ကို ဝင်ထွက်သွားလာနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ယောက်ဖြစ်ပါသည်။

အသားဖြူဖြူ မျက်နှာသွယ်သွယ်လေးနဲ့ပေမယ့် ၅' ၅" မြင့်သော သမီးထက်စာလျှင် ၅' ၄" ပဲရှိတာကြောင့် သမီးက တမင်နောက်ကာ 'ပုတိ' ဟု ခေါ်ရင်း နာမည်တွင်သွားရသူလေးဖြစ်ပါသည်။

ယခု 'ပုတိ' သည် ဩစတြေးလျမှာ ကျောင်းသွားတတ်နေလေသည်။

အမှန်မှာ သမီးပါ ဩစကြေးလျကို သွားဖို့ အစီအစဉ်ရှိသော်လည်း ကျွန်မရဲ့သမီးကို မခွဲနိုင်တဲ့ တကိုယ်ကောင်းစိတ်ကြောင့် သမီးလိုက်မသွားခဲ့ရတာ ဖြစ်ပါသည်။

ဘာပဲဖြစ်ဖြစ် ကျောင်းပြီးလျှင်တော့ ကျွန်မလွှတ်နိုင်ကောင်းပါရဲ့။

အဲဒီလို တကိုယ်ကောင်းဆန်ဆန် တွေးခဲ့တာကပဲ ကျွန်မရဲ့အမှား ဖြစ်သွားခဲ့တာကို ထိုအချိန်က ကျွန်မ မသိခဲ့ပါ။

ပိုမှားယွင်းသွားတာက နောက်တစ်နေ့ နေ့လည်မှာ ကျွန်မသမီးနဲ့အတူချိန်းပြီး BAGAN - NET ကို သွားခဲ့တာက စသည်ဟု ဆိုရပါမည်။

တကယ်လို့ ကျွန်မဆတ်ဆော့ကာ BAGAN - NET ကို မသွားလျှင်ဖြစ်ဖြစ်၊ သမီးနဲ့အတူချိန်းကာ မရောက်ဖြစ်ခဲ့လျှင်ဖြစ်ဖြစ် ကျွန်မ 'အထွန်း' ကို ပြန်ဆုံတွေ့စရာ အကြောင်းမရှိပါ။

ကျွန်မနဲ့ 'အထွန်း' ပြန်မဆုံဘူးဆိုလျှင် ဒီ 'ကျွန်မရဲ့ပင့်ကူ' ဇာတ်လမ်းလဲ ဖြစ်လာမည် မထင်ပါ။

ခုတော့ ကောင်းကင်ပေါ်က ကြယ်တွေပြောင်းလဲသွားသလို

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မနဲ့ 'အထွန်း' ရဲ့ကြားထဲက အဆီးအတားတွေလည်း ရုတ်တရက် ပျောက်ကွယ်ကာ ကျွန်မနဲ့ 'အထွန်း' ပြန်လည်ဆုံဆည်းခဲ့ကြပါသည်။

အိမ်မှာ သမီးမကြာခဏ ဖွင့်နေတဲ့ 'နှောင်ကြိုးလေးတစ်မျှင်' VCD ထဲက 'ဆုန်သင်းပါ(ရ်)' က... ချစ်သူနဲ့ပြန်လည်မဆုံဆည်းနိုင်လို့ "ကမ္ဘာကြီးက ကျဉ်းတယ်ဆိုပေမယ့်" သီချင်းနဲ့ ရင်ဖွင့်ခဲ့ပေမယ့် ကျွန်မအဖို့ကတော့ တကယ့်ကို ကမ္ဘာကြီးကကျဉ်းမြောင်းခဲ့ပါလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



# ၇

နေ့လည် သမီးလာမှာမို့ ကျွန်မလုပ်စရာရှိတဲ့အလုပ်တွေကို သိမ်းကြုံးလုပ်နေမိပါသည်။

ဒီနေ့ သမီးနဲ့ အပြင်သွားရမှာမို့လည်း ကျွန်မ လှလှပပလေး ဝတ်စားလာခဲ့မိလေသည်။

သမီးနဲ့အပြင်သွားရတိုင်း အမေ့အတွက် ဂုဏ်ယူသလို ကြည့်တတ်တဲ့ သမီးရဲ့မျက်ဝန်းလေးတွေကို ဖတ်တတ်နေပြီမို့လည်း ကျွန်မ ပိုပြင်လာခဲ့မိတာပါ။

'ဟောင်ကောင်' မှလာသော အသားရောင် 'Twin' ဆက်နှစ်ထပ်အင်္ကျီပျော့ပျော့အိအိလေးနှင့်အတူ ကိုးရီးယား စိန်မိုက်ကယ် လုံချည်နံ့သာရောင်ပေါ် အညိုနဲ့အနက် တုံးလေးများပါသော လုံချည်ပျော့အိအိကို ဝတ်ထားတာကြောင့် ကျွန်မရဲ့သွယ်ပြင့်သော

www.burmeseclassic.com

www.burmeseclassic.com



အရပ်၊ ဖြူဖွေးသော အသားနဲ့ကြည့်ကောင်းနေရကာ နှုတ်ခမ်းကို ညိုနုနုလေး ဆိုးထားပြီး ...

ပလက်တီနမ်နှင့် စိန်ရောယှက်လုပ်ထားသော လက်ဝတ်ရတနာများကို ကျွန်မဝတ်ထားခဲ့ပါသည်။

ဆံပင်ကိုတော့ ကျွန်မထုံးနေကြအတိုင်း ပြင်သစ်ဆံထုံး ထုံးကာ ပတ္တမြားအနီရဲရဲလေးတွေကို နှင်းဆီပန်း ပုံဖော်ထားသော ဆံထိုးလေးကို ကျွန်မ လှပစွာ ထိုးဆိုက်လာခဲ့ပါသည်။

သမီး သဘောကျ မကျမသိပေမယ့် ကျွန်မ ကားရပ်ပြီး ဌာန ကို လျှောက်လာရာ လမ်းတလျှောက် တိတ်ဆိတ်ပြီး ငြိမ်သက်စွာ ကျန်ရစ်ခဲ့တာကိုတော့ ကျွန်မရဲ့ ဆဋ္ဌမအာရုံက အလိုလို ခံစားသိရှိ နေခဲ့မိပါသည်။

ကျွန်မနဲ့အလုပ်အတူ လုပ်ဖက် 'ပင်စီ' ကပင် ကျွန်မကို နောက်နေပါသေးသည်။

"အလုပ်တွေလည်း သိမ်းကြုံးလုပ်နေတယ် ... အလှတွေလည်း အပြည့်အစုံပြင်လာပုံထောက်တော့ 'သိုက်' တစ်စုံတစ်ယောက်နဲ့ ချိန်းထားတယ်နဲ့ တူတယ်"

ကျွန်မပြုံးကာ ခေါင်းညိတ်လိုက်မိပါသည်။ 'ပင်စီ' က သဘောကျသွားပြီး ...

"'ပင်စီ့' ဗိုက်ထဲမှာ ပုဏ္ဏားလေးရှိတယ်နော်"

"ဒါဆို 'သိုက်' ဘယ်သူနဲ့တွေ့ဖို့ ချိန်းထားလည်း 'ပင်စီ' ကို ပြောပြပါအုံး"

"အသက်ကလည်း ငယ်သေးတယ် ... ရုပ်ကလဲရှိသေးတယ် ဆိုတော့ ... Boy Friend ပဲ ဖြစ်ရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



'ပင်စီ' စကားကြောင့် ကျွန်မ အားရပါးရ ရယ်လိုက်မိပါသည်။

"ဒီတစ်ခါတော့ 'ပင်စီ' ဗိုက်ထဲက ပုဏ္ဏားမှားသွားပြီ... ကိုယ်တွေ့မှာ အမျိုးသားမဟုတ်ဘူး... ကိုယ့်သမီးလေးနဲ့ တွေ့မှာ"

ကျွန်မစကားကြောင့် 'ပင်စီ' မျက်နှာ ရှုံ့မဲ့သွားရပြီး ...

"အပွဲပွဲနွဲလာသမျှ မင်းနဲ့ကျမှ ကိုယ်လွဲရတော့တာပါပဲ"

"နောက်လည်း ယူ လွဲအုံးမှာပဲ... ကိုယ့်ဘဝမှာ ကိုယ့်သမီးလေးကလွဲရင် ဘယ်သူမှ ကိုယ့်စိတ်ကို လှုပ်ရှားလာအောင် လုပ်လို့ရမှာ မဟုတ်တော့ဘူး"

နေ့လည်တစ်နာရီလောက် ကျွန်မဌာနက ဆင်းလာချိန်တွင် သမီးက ကားဘေးမှာ ရပ်စောင့်နေတာ တွေ့လိုက်ရပါသည်။

ဘော်ဒီဖစ် ရပ်အင်္ကျီအပွင့်နုတ်နုတ် ဂျင်းဘောင်းဘီအပြာနုလေးဖြင့် သမီးသည် နုပျို လန်းဆန်းလှပါသည်။

ကားကိုမှီကာ လက်ပိုက်ရပ်နေတဲ့ သမီးက ကျွန်မကိုမြင်တော့ ပြေးလာကာ လာတွဲပါသည်။

"ဒီနေ့ မာမီ သိပ်လှတာပဲ"

"သမီးလည်း လှတာပါပဲ... 'အင်းကြင်း' တို့ကော မပါကြဘူးလား"

"'ရာဇ' တမင်ကို ခေါ်မလာတာ... ဒီကောင်တွေ သိပ်လိုက်ချင်တာ မာမီရဲ့"

"ခေါ်လာခဲ့ရောပေါ့ သမီးရယ်"

"ဟင့်အင်း မခေါ်ချင်ပါဘူး... သူတို့က မာမီ့ကိုတွေ့ရင် 'ရာဇ' လို ခွဲချင်ကြတာ... 'ရာဇ' အမေကို 'ရာဇ' ပဲ ချစ်ချင်တယ်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ ချစ်တာ သဘောမကျပါဘူး”

နေရင်းထိုင်ရင်း သမီးက အူတိုစွာ စိတ်ပုပ်နေတာမို့ ကျွန်မမှာ ရယ်နေမိပါသည်။

“ကဲ မာမီ မောင်းရမလား… သမီး မောင်းမလား”

“မာမီ ဘေးကဇိမ်နဲ့ ထိုင်စီးပါ… ‘ရာဇ’ ပဲ မောင်းပါ့မယ်”

ကျွန်မရဲ့ကားကို ကျောင်းထဲမှာပဲ ထားခဲ့ကာ မာလာဆောင်ရှေ့ရှိ Bagan Net ကို မောင်းလာခဲ့ကြပါသည်။

သမီးရဲ့ကားထဲမှာ စားစရာတွေလည်း အစုံပါသည်။ နေကြာစေ့၊ ငါးမုန့်ကြော်၊ ဇီးထုပ်၊ အားလူးကြော်အပြင် ရေသန့်ဘူးနှစ်ဘူးလည်း ပါသည်။

ကျွန်မ စားစရာတွေကို လှျောက်မွှေကြည့်နေတော့ သမီးက လှမ်းပြောပါသည်။

“မာမီ စားလေ”

“ဟင့်အင်း… မာမီ မစားတတ်ပါဘူး”

သွားရည်စာ စားခြင်းကို ကျွန်မ ဘယ်တုန်းကမှ အကျင့်မလုပ်ခဲ့ပါ။

သမီးကိုလည်း အကျင့်ဖြစ်မှာစိုး၍ အိမ်မှာပင် ဘာမုန့်မှဝယ်မထားခဲ့ပါ။ ဒါကိုပင် သမီးသည် အကျင့်ပျက်စွာ ပါးစပ်မှ တစွပ်စွပ်စားရတာကို ဝါသနာထုံပုံရလေသည်။

ဒီမကောင်းတဲ့ အကျင့်ဆိုးက ဘယ်သူနဲ့များ သွားတူရတာပါလိမ့်။ ကျွန်မရဲ့ မျက်နှာက ချက်ချင်းလိုတည်ကာ တင်းသွားမှန်းသိတော့ ‘ရာဇ’ က မျက်နှာငယ်လေးဖြင့် လေချိုသွေးပါသည်။

“ ‘အင်ကြင်း’ ဝယ်ပေးလိုက်တာပါ မာမီရဲ့”

www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် မိန်းကလေးတစ်ယောက် ဖြစ်ရဲ့နဲ့ အဲ့ဒီလိုမျိုး တစွပ်စွပ်စားတာကို မာမီ မကြိုက်ပါဘူး"

"ဟုတ်"

သမီးသည် ဇက်ကလေးပုကာ ခေါင်းလေးညိတ်ပြလေသည်။ ဒီလိုဆိုတော့လည်း ကျွန်မမှာ စိတ်ဆိုးသမျှ တခဏနှင့် ပြေပျောက်ရသည်သာ။

Bagan Net ကိုရောက်တော့ သမီးက ကျွန်မကို လှည့်မေးပါသည်။

"မာမီ ပိုက်ဆံပါရဲ့လား"

"ပါပါတယ်... Check လည်းပါတယ်... ကဒ်တွေလည်းပါတယ်"

"'အင်ကြင်း' ပြောတော့ ပစ္စည်းထပ်ဝယ်ထည့်ရတာပဲ တစ်သိန်းဝန်းကျင်လောက် ကျတယ်ပြောတယ်"

"ဘယ်လောက်ကျကျပေါ့ သမီးရယ်... ကျောင်းသားကဒ်ကော ပါရဲ့လား"

သမီးက သူ့စလွယ်သိုင်းလွယ်ထားတဲ့ ငွေရောင်အိတ်သေးသေးလေးထဲက ကျောင်းသားကဒ်ကို ထုတ်ပြပါသည်။

သမီးနာမည်ပြောပြီး လိုအပ်တာတွေ လုပ်နေဆဲ ကျွန်မမျက်ဝန်းထဲကို မထင်မှတ်သော လူတစ်ယောက် တဖြည်းဖြည်းတိုးဝင်လာခဲ့ပါသည်။

အသားပျော့ပျော့ ရှပ်အင်္ကျီကို ပုံကျစွာ ဝတ်ဆင်ကာ စတိုင်ဘောင်းဘီ မီးခိုးဖျော့ဖျော့ဖြင့် ဘောင်းဘီအိတ်ထဲကို လက်နှစ်ဖက်ထိုးသွင်းကာ ကျွန်မဆီကို တည့်တည့်မတ်မတ် လျှောက်လာသူက ကျွန်မ ဘယ်လိုမှ ထင်မှတ်မထားသော လူတစ်ယောက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



အလွန်တစ်ရာမှ အံ့သြနေပုံရတဲ့ သူ့မျက်ဝန်းအတွက် ကျွန်မ ရဲ့မျက်နှာကို မလွတ်တမ်းစိုက်ကြည့်နေကာ သူ့ဆီက ထွက်လာတဲ့ အသံကလည်း အံ့သြမှုကို ဖုံးကွယ်မထားနိုင်သလို လှုပ်ရှားတုန်ရီ ၍ နေခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၈

“ ‘မ’ … ‘မ’ ဟုတ်တယ် မဟုတ်လားဟင်”

သူ့အသံကိုအကြား ကျွန်မတစ်ကိုယ်လုံး ထုံထိုင်းသွားကာ လူတစ်ကိုယ်လုံး အားအင်တွေ ကုန်ဆုံးသွားသလို ခံစားရကာ နေရာမှာ ပျော့ခွေကျချင် လာခဲ့ပါသည်။

သမီးအနားမှာ ရှိနေတာကြောင့်လည်း ကျွန်မ ဟန်မပျက်အားကိုတင်းကာ မျက်နှာကို မော့ပစ်လိုက်မိပါသည်။

“မင်း လူမှားနေပြီနဲ့တူတယ်”

“ဟာဗျာ… ဘာလို့ မှားရမှာလဲ… ဘယ်တော့မှ ပျောက်ပျက်သွားမယ့် မျက်နှာမျိုးမှ မဟုတ်တာ”

www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း။ လူတောထဲမှာ သူမို့ ပြောထွက်လိုက်တာ။အေးလေ သူ့အကျင့်စရိုက်ကိုက ငယ်ငယ်လေးတည်းက ဒီအတိုင်းပဲ ဥစ္စာ။

သမီးကို စိုးရိမ်စွာလှမ်းအကြည့် သမီးက ကျွန်မတို့နှစ်ယောက်အဖြစ်ကို မသိဘဲ သူ့ဖါသာ လိုအပ်တာတွေ လိုက်လုပ်နေတာကြောင့် ကျွန်မ သက်ပြင်းချလိုက်မိပါသည်။

ဖြစ်နိုင်လျှင် သမီးရှေ့မှာ သူနဲ့ လုံးဝမပတ်သက်ချင်တာကြောင့် သမီးကို ပြောလိုက်မိပါသည်။

"သမီး မာမီကားပေါ်က စောင့်နေမယ်နော်… ဖြစ်ရဲ့လား"

"အိုကေ မာမီ… 'ရာဇ' တစ်ယောက်တည်း ဖြစ်ပါတယ်"

ကျွန်မကားဆီကို ခပ်သုတ်သုတ်လျှောက်အလာ သူ ကျွန်မနောက်ပါးမှ တစ်ပါတည်း ကပ်ပါလာခဲ့ပါသည်။

သူ့ပုံစံသည် ဟိုးလွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ဝန်းကျင် ကျွန်မနှင့် တွေ့စတုန်းကလို ပိန်ပိန်သေးသေး ညစ်ကျယ်ကျယ်ကောင်လေး တစ်ယောက်ပုံစံ မဟုတ်ပါချေ။

ဖွံ့ထွားလာသော ကိုယ်လုံးကိုယ်ထည်နှင့်အညီ မြင့်မားသော အရပ်ဖြင့် အတော်ကြီးကို ကြည့်ကောင်းလာတဲ့ လူရွယ်တစ်ယောက် ဖြစ်နေပါပြီ။

အသားအရည်က တောက်ပစိုပြေ ဝင်းလဲ့နေကာ ပုံစံကလည်း တသွေးတမွေး တသားတနားနှင့် ကျွန်မကို တအံ့တသြ လှမ်းမေးပါသည်။

"အဲဒါ 'မ' ရဲ့ သမီးလား"

ကျွန်မနဲ့ သမီးနဲ့ စဝင်လာတည်းက သူ သတိထားမိခဲ့ပုံပါ။ ကျွန်မ စိတ်မသက်မသာဖြင့် ခေါင်းကို ညိတ်လိုက်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

ကျွန်မသံပြတ်ဖြင့် ခေါင်းညိတ်တော့ သူက ကျွန်မ မျက်နှာကို တအံ့တသြ ငေးမောကြည့်နေပါသည်။

"လုံးဝ မထင်ရဘူးဗျာ… 'ဦးအဓိပတိ' ဆုံးသွားတယ်ဆိုတာတော့ ကျွန်တော် စင်္ကာပူကနေ ကြားလိုက်ရတယ်… ဒါပေမဲ့ 'မ' တို့ ဘယ်မှာနေမှန်း ကျွန်တော် မသိခဲ့ဘူး"

ဒီလို မသိရအောင်လည်း ကျွန်မ ခြေရာဖျောက်ခဲ့တာ ဖြစ်ပါသည်။

လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ဝန်းကျင်က ကျွန်မရဲ့ အဖြစ်တွေကို ကျွန်မရဲ့ဘဝနဲ့အတူ မြေမြှုပ်သင်္ဂြိုလ်ပြီးကာမှ ဒင်းက ကျွန်မဘဝထဲကို တဖန်ထပ်ကာ ဝင်လာပြန်လေပြီ။

ကျွန်မ အတိတ်ဟောင်းကို ပြန်လည်ကာ မတူးဆွချင်တော့ပါ။ ပြန်လည်ကာလည်း အမှတ်မရချင်တော့တာကြောင့် သူ့ကို ယတိပြတ် ပြောလိုက်မိပါသည်။

"မင်း သွားစရာရှိတာ သွားတော့လေ… တို့နောက်ကို ဘာလိုက်လုပ်တာလဲ"

"ဘယ်လိုပြောလိုက်တာလဲ 'မ' ရယ်… 'မ' နဲ့ ကျွန်တော်နဲ့ ဒီလောက် နှစ်ပေါင်းများစွာ ကွဲနေတာ… 'မ' ကျွန်တော့်ကို ဒီလိုပဲ ပြောရက်သလား… ကျွန်တော့်မှာဖြင့် 'မ' ကို တွေ့ရလို့ ပျော်လိုက်ရတာ"

သူ့မျက်လုံးတွေ အရောင်တောက်နေပုံက သူ့အပျော်ကို မဖုံးနိုင်မဖိနိုင် ခံစားနေရတယ်ဆိုတာ သိသာပေမယ့် ကျွန်မကတော့ သူနဲ့အတူ လိုက်မပျော်နိုင်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



မတော် ကျွန်မသမီးက အပြင်ကို ထွက်လာလျှင် ကျွန်မနဲ့ သူ့ကို တန်းတွေ့သွားနိုင်တာကြောင့် စိတ်ထဲမှာ ညစ်ညူးကာ ရှုပ်ထွေးနေမိပါသည်။

ကျွန်မ သမီးရဲ့ အမြင်မှာ ကျွန်မသည် မြင့်မြတ်သော မိန်းမတစ်ယောက်၊ တစ်နည်းအားဖြင့် ရိုသေချစ်ခင်လေးစားဖွယ်ကောင်းသော မိန်းမတစ်ယောက် အဖြစ်သာ အမြဲထာဝရ မြင်စေလိုပါသည်။

ဒါကြောင့်လဲ…

"'မ' မင်းကို တောင်းပန်ပါတယ်… မင်းနဲ့ 'မ' နဲ့ပတ်သက်ခဲ့တယ်ဆိုတာ ဟိုးလွန်ခဲ့တဲ့ ဆယ့်ကိုးနှစ် အနှစ်,နှစ်ဆယ်ကပါ… ဒီလောက်နှစ်တွေ ကြာခဲ့ပြီးမှတော့ 'မ' အရင်တုန်းက အကြောင်းတွေ ပြန်ပြီး သတိမရချင်တော့ဘူး… မေ့ထားလိုက်ပြီ"

"ကျွတ် ပြောရက်လိုက်တာ 'မ' ရယ်… 'မ' ကတော့ သတိမရပေမယ့် ကျွန်တော့်ရင်ထဲမှာတော့ 'မ' ကို ဒီနေ့ထက်ထိကို မေ့လို့မရသေးလို့ မြန်မာပြည်ကို ပြန်ရောက်တည်းက ဘယ်သွားသွား ဘယ်လာလာ 'မ' ကိုပဲ သတိတရနဲ့ အမြဲလိုက်ရှာနေမိတာ"

ကောင်းလိုက်တဲ့ အပြော။ ဒီအပြောနဲ့တင် ကျွန်မရဲ့နှလုံးသားတွေ ကွဲကြေခံစားခဲ့ရတာ ထင်ပါရဲ့။

"တော်ပါတော့ကွယ်… ဒီအကြောင်းတွေကို 'မ' မကြားပါရစေနဲ့တော့"

ကျွန်မ စိတ်ပျက်သလို တားမြစ်နေဆဲ သူ့ဘောင်းဘီတွင် ချိတ်ထားသော ဟမ်းဖုန်းမှ အသံမြည်လာ၍ သူက ဖုန်းကိုဖြုတ်ကာ စကားပြောနေတာ တွေ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်တော့မှ ကျွန်မသူ့ကို အေးအေးဆေးဆေး အကဲခတ်ခွင့်ရပါသည်။

ကျွန်မနဲ့သူနဲ့ စတွေ့စဉ်က သူ့အသက် ကျွန်မထက် ကိုးနှစ်ငယ်တာဆိုတော့ ဆယ့်ခြောက်နှစ်ကျော်ကျော် ဆယ့်ခုနစ်နှစ်ထဲမှာပါ။

ဖြူဖွေးသောအသားတွင် ပိန်ပိန်ပါးပါး ကိုယ်ဟန်နှင့် ဆံပင်ညိုညိုကောက်ကောက်လေးများကြားမှ ပါးချိုင့်ခွက်လေးနှစ်ဖက်ကို ပြုံးကာ စကားပြောလိုက်လျှင် အလွန်ကို ချစ်စဖွယ်ကောင်းသော ကောင်လေးတစ်ယောက်ရဲ့ ပုံစံမျိုးပါ။

ဒါပေမဲ့ မပြေလည်သော သူ့ဘဝကြားမှာ သူ့အပြုံးက ရှားပါးလွန်းခဲ့ပါသည်။

ထာဝစဉ် မှုန်တေနေသော မျက်ဝန်းဆိုးနှင့် ဂျစ်ကန်ကန်မာကြောကြော သူ့စရိုက်ကသာ သူ့ဘဝတစ်ခုလုံးကို ဖုံးလွှမ်းနေခဲ့ပါသည်။

ထိုကောင်ဆိုးလေးကို ပြုပြင်ဖို့ ကျွန်မ ကြိုးစားခဲ့ဘူးပါသည်။

တစ်ဦးတည်းသော သမီးဖြစ်တဲ့ ကျွန်မဘဝအတွက် မောင်ငယ်လေးတစ်ယောက်လို သူ့ဘဝကို နားလည်စာနာစွာ ကျွန်မခံစားပေးခဲ့ဘူးပါသည်။

ကျွန်မနဲ့ စတွေ့ကာစတုန်းကလည်း သူ့ကို ပြဿနာနဲ့ စ တွေ့ခဲ့ရတာဖြစ်ပါသည်။

ထိုပြဿနာကပဲ သူနဲ့ကျွန်မတို့ကြား ပိုမိုရင်းနှီး ခင်မင်ဖို့ ဖြစ်လာသလား ကျွန်မ မသိပါ။ ကျွန်မကပဲ သူ့ဘဝထဲကို တိုးဝင်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာလား၊ သူကပဲ သူ့ရဲ့ ကြိုးမျှင်တွေနဲ့ ကျွန်မကို ရစ်ပတ်နှောင်ဖွဲ့တွယ်ငင်ခဲ့တာလား ကျွန်မ မသိတော့ပါ။

မရှက်တမ်း၊ မညာတမ်း ဝန်ခံရလျှင် ကျွန်မသူရဲ့ ကွန်ယက်မှာ တိုးဝင်ခဲ့မိတာတော့ သေချာပါသည်။

သူကပဲ ညှို့ယူခဲ့တာလား၊ ကျွန်မကပဲ အတင်းတိုးဝင်ခဲ့တာလား ကျွန်မကိုယ်တိုင်လည်း မဆန်းစစ်မိပါ။ ကျွန်မ သာယာခဲ့မိတာကိုတော့ ဝန်ခံရမှာ သေချာပါသည်။

အဲ့ဒီ အချိန်တုန်းကလည်း ကျွန်မရဲ့ အသက်ကလည်း ယခုလို လေးဆယ့်လေးနှစ်မှ မဟုတ်တာပဲ။ နှစ်ဆယ့်လေးနှစ်ဆိုတာ နှလုံးသားနဲ့ ဦးနှောက်နဲ့ ညီမျှနေတဲ့အရွယ်ပါ။

နှလုံးသားကိုလည်း ဦးစားပေးချင် ဦးစားပေးနိုင်သည်။ ဒါမှမဟုတ် ဦးနှောက်ကိုလည်း အနိုင်ပေးချင် အနိုင်ပေးနိုင်သည်။

ယခုတော့ ကျွန်မအဖို့ ထိုအကြောင်းတွေကို မစဉ်းစားချင်တော့ပါ။

သူကိုယ်တိုင်လည်း သုံးဆယ့်ငါး၊ သုံးဆယ့်ခြောက်ဆိုသော အသက်နဲ့ဆီလျော်စွာ လူကြီးလူကောင်းတစ်ယောက်ပုံစံ ဖြစ်နေပါပြီ။

ကျွန်မနဲ့စတင်ကာ ဆုံခဲ့ဘူးတဲ့ ဟိုးလွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ဝန်းကျင်ကလို လူဆိုးလူပေလူတေ အရွယ်လေးလည်း မဟုတ်တော့ပါ။

ကျွန်မက ပြုပြင်ပြောင်းလဲပေးဖို့ လိုအပ်သော အခြေအနေလည်း မဟုတ်တော့ပါ။

ဟို အချိန်တုန်းကတော့ အဖော်မဲ့ ကျွန်မဘဝအတွက် မောင်

www.burmeseclassic.com

www.burmeseclassic.com



ဆိုးလေး တစ်ယောက်အဖြစ် လိမ္မာလာအောင် ကျွန်မ အမျိုးမျိုး ပြုပြင် သွန်သင်ပေးခဲ့ဘူးပါသည်။

သည်လို သွန်သင် ပေးရင်းမှလည်း သူလေးဘဝကို နားလည်ကာ ခံစားပေးခဲ့ဘူးပါသည်။

ဒီလို ခံစားပေးမိလို့လည်း သူနဲ့ပတ်သက်ကာ ကျွန်မမှာ နက်နက်ရှိုင်းရှိုင်း ခံစားရမှုတွေ၊ ဝမ်းနည်းကြေကွဲရမှုတွေ ဖြစ်ပေါ်ခဲ့ရဘူးပါသည်။ အခုတော့ အေးချမ်းသာယာနေပြီဖြစ်တဲ့ ကျွန်မရဲ့ဘဝနဲ့အတူ ကျွန်မရဲ့အတိတ် သချိုင်းကိုလည်း ရာသက်ပန်မြှုပ်နှံပစ်လိုက်ချင်ပါပြီ။

ဒါပေမဲ့ သူက ကျွန်မကို အလွတ်ပေးပါ့မလား။ ဖြစ်နိုင်လျှင် ဒီနေရာက အတောင်ပေါက်ကာ ငှက်ကလေးတစ်ကောင်လို အဝေးကို ပျံပြေးချင်လှပါသည်။ မဖြစ်နိုင်၍ သမီးလာရာလမ်းကို မျှော်ငေးကာအကြည့် သူက ဖုန်းပြောပြီးသွားသလို ကျွန်မနားကို ပြန်လျှောက်လာခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၉

"'မ' ဒီကို ဘာလာလုပ်တာလဲ"

" Internet နဲ့ e-mail တပ်ဖို့ လျှောက်လွှာ လာတင်တာ"

"ဟုတ်လား... ကျွန်တော်လည်း ကျွန်တော့် ကုမ္ပဏီအတွက် Internet တပ်ဖို့ လျှောက်လွှာလာတင်တာ... ဒါ ကျွန်တော့်ရဲ့ ကုမ္ပဏီလိပ်စာလေ"

ကျွန်မ စိတ်မပါသလို ကဒ်ပြားလေးကို ငုံ့ဖတ်လိုက်မိပါသည်။

ဒီတော့မှ ကျွန်မရဲ့ မျက်လုံးလေးတွေ ပိုကျယ်သွားပါသည်။

**"'ရန်နောင်ထွန်း'**

**ရတနာသိုက် အထွေထွေရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်**

www.burmeseclassic.com

www.burmeseclassic.com



**အမှတ် ( )၊ စတုတ္ထထပ်၊ ဆာကူရာတာဝါ။**

အောက်တွင် ဖုန်းနံပါတ်များပြားစွာ ရေးသားထားပေမယ့် ကျွန်မစိတ်မှာ ဖုန်းနံပါတ်တွေကို မမြင်ဘဲ ကုမ္ပဏီရဲ့ နာမည်ကိုသာ မြင်ကာ အသက်ရှူမှားနေမိပါသည်။

ကျွန်မ မျက်နှာ ပျက်နေမှန်းသိတော့ သူက ပြုံးပါသည်။

" 'မ' အံ့သြနေလား"

ကျွန်မ ဘာမှမပြောဘဲ ငြိမ်နေတော့ သူက လေးနက်စွာထပ် ပြောပါသည်။

"အဲ့ဒါ 'မ' အပေါ်မှာ ကျွန်တော် ဘယ်လောက်အထိ အလေး အနက်ထားတယ်ဆိုတာ သိစေချင်လို့ပဲ"

သူဘယ်လိုပဲ အလေးအနက်ထားပါစေ ကျွန်မအဖို့ကတော့ အားလုံးကို ပြီးဆုံးသွားပြီဟုပဲ မှတ်ထားလိုက်ပါပြီ။

အကောင်းဆုံးက ဒီနေရာက အမြန်ဆုံးသာ ထွက်သွားချင် တာကြောင့် သမီးကိုအမျှော် သမီးထွက်လာတာကို တွေ့၍ ကျွန်မ ဝမ်းသာအားရ သမီးကို လက်လှမ်းပြလိုက်ကာ သူ့ကိုလည်း တစ် လက်စတည်း နှုတ်ဆက်လိုက်မိပါသည်။

"ကဲ မင်းပြန်တော့လေ... ဟိုမှာ သမီး လာနေပြီ"

ကျွန်မရဲ့စိတ်ထဲမှာ သမီးနဲ့သူနဲ့ လုံးဝ မပတ်သက်စေချင် ပါ။ ဒါပေမဲ့ သူက ကျွန်မရဲ့ကားနားမှာ တစ်ဖဝါးမှမခွာဘဲ သမီး ကို လှမ်းကြည့်ကာ ပြုံးပြရင်း နှုတ်ဆက်နေပါသည်။

" 'မ' ရဲ့ သမီးလေးက ချစ်စရာလေးပဲ"

သမီးက ဘာမှ နားမလည်သလို သူ့ကို အူကြောင်ကြောင် လေးဖြင့်အကြည့် သူက အပြုံးချိုချိုဖြင့် သူ့ကိုယ်သူ မိတ်ဆက်

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

“ကိုယ့်နာမည် ‘ရန်နောင်ထွန်း’ ပါ… ဒီက ‘မ’ ရဲ့ မိတ်ဆွေပါ”

“ဩော်…”

သမီးရဲ့ မျက်နှာတွင် အပြုံးပန်းများ ချက်ချင်းလိုလို ပွင့်ဖူးလာကာ ကျွန်မကို လှမ်းပြောပါသည်။

“မာမီ တစ်ခါမှ မပြောဖူးဘူး”

“ကိုယ်နဲ့ ‘မ’ တို့ဆုံတုန်းက ဘယ်သူ…”

သူက သမီးနာမည်ကိုမသိ၍ သမီးမျက်နှာကိုအကြည့် သမီးက အပြုံးလှလှလေးဖြင့် သူ့နာမည်ကို ထောက်ပေးပါသည်။

“ ‘ရာဇဘွား’ ပါ ဦး… ‘ရာဇ’ လို့ ခေါ်လဲရပါတယ်”

“အေး ‘ရာဇ’ တောင် လူ့လောကထဲ ရောက်မလာသေးဘူးလေ… ကိုယ်တို့ ပြင်ဦးလွင်မှာ ဆုံခဲ့ကြတာ”

“ဩော် အရင်တုန်းက ပြင်ဦးလွင်မှာ ဘိုးဘိုးတို့ခြံ ရှိတာ ‘ရာဇ’ သိတယ်”

နွေရာသီ ကျောင်းပိတ်ရက် ရောက်လေတိုင်း သမီးက ပြင်ဦး လွင်ကိုသွားဖို့ စကားစပေမယ့် ကျွန်မ သူနဲ့ ပြန်မပတ်သက်ချင် တော့၍ ထိုခြံကြီးကို လွှန်ခဲ့တဲ့ ငါးနှစ်လောက်တည်းက အပြီး အပိုင် ရောင်းပစ်လိုက်ပါပြီ။

ကျွန်မ စကားစကို ဖြတ်ချင်တာကြောင့် သမီးဖြစ်သူကို မေး လိုက်မိပါသည်။

“ပြီးပြီလား သမီး…”

“အင်း Internet တပ်တဲ့ အပိုင်းကတော့ ပြီးပါပြီ… ‘ရာဇ’

www.burmeseclassic.com

www.burmeseclassic.com



ရိုးမကဒ် လုပ်မလားလို့ မာမီ့ကို လာတိုင်ပင်တာ”

“သမီးမှာ AWB ကဒ်ကော… ကမ္ဘောဇကဒ်ပါ ရှိနေသေးရဲ့နဲ့ သမီးရယ်… ဘာလုပ်မှာလဲ”

“အလကားနေ အလကား ကဒ်တစ်ကဒ်တိုးတော့ သုံးချင်တာသုံးလို့ရတာပေါ့ မာမီရဲ့… ဦးကော မလုပ်ဘူးလား”

သူက အပြုံးဖြင့် ခေါင်းညိတ်ပြသည်။

“မနက်ဖြန် ဓါတ်ပုံနှစ်ပုံ လာပေးရမယ်… နောက်တစ်ပတ်ဆိုရင်တော့ ရမယ်နဲ့တူပါရဲ့”

“ကိုယ့်ဖါသာကိုယ်လည်း စိတ်တိုင်းကျသုံးလို့ ရနေတာပဲ ‘ရာဇ’ ရယ်… ဘာလုပ်မှာလဲ”

သူနဲ့ မပတ်သက်ချင်တော့၍ စိတ်တိုသလိုလေး ပြောတော့ ‘ရာဇ’ က မျက်နှာလေးကိုမော့ရင်း အမေ့ကို အထွန့်တက်နေလေသည်။

“style ပေါ့ မာမီရယ်… ပိုက်ဆံဆို တစ်ပုံကြီး သယ်ရမှာ… ကဒ်နဲ့ဆိုတော့ ဒီအိတ်လေးနဲ့ဆိုလည်း ပြီးတာပဲနော့်… ဦးရယ်”

သူက ပြုံးချိုချိုဖြင့် ခေါင်းညိတ်ပြနေတာကြောင့် ကျွန်မစိတ်ထဲ ပိုမို၍သာ ချဉ်တူးသွားရရင်း သမီးကို ခပ်လောလောလေးပြောလိုက်မိပါသည်။

“ဒါဆိုလည်း လုပ်ကွယ်… မြန်မြန် … မာမီ ပြန်ချင်ပြီ”

ဖြစ်နိုင်လျှင် သူ့ရှေ့မှာ တစ်မိနစ် တစ်စက္ကန့်လေးမျှပင် ကျွန်မ မနေချင်တော့ပါ။

ကျွန်မရဲ့စိတ်တိုသလို အမူအယာကြောင့် သူက အေးစက်စက်ပြုံးရင်း…

“ ‘မ’ ကလည်း… အလကားနေ စိတ်တိုနေပါလား… ဘာလဲ

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆံငင်ရမယ့် ကိစ္စတွေ ရှိနေလို့လား”

“ရှိတယ်... ရှိတယ်... ငါက ကျောင်းက လိုက်လာရတာ”

ရိုင်းတယ်ထင်ချင်တယ် ထင်တော့။ ကျွန်မ ငါနဲ့တတ်အပြော သူ့ဆီက အသံခပ်တိုးတိုး ထွက်လာခဲ့ပါသည်။

“ ‘မ’ က အလုပ်,လုပ်နေလို့လား”

“ဟုတ်တယ်လေ ဦးရဲ့... မာမီက ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနမှာ ကထိကလေ... ဦးမသိဘူးလား”

လျှာရှည်လိုက်တဲ့ သမီးပါပဲ။ ဒီနေ့ အဖို့တော့ သမီးသည် ကျွန်မကို စိတ်တိုအောင် လုပ်နေသူဟု ကျွန်မ ထင်မိပါသည်။

ဒါပေမဲ့ တကယ့်တကယ် လုပ်နေသူက ကျွန်မနားကလူ၊ ‘ရန်နောင်ထွန်း’ ဆိုတဲ့လူ။

‘အထွန်း’ သက်ပြင်းချလိုက်မိပါသည်။ ‘မ’ နဲ့သူနဲ့ ဝေးကွာခဲ့တာ အနှစ်နှစ်ဆယ်နီးပါးပင် ကြာမြင့်ခဲ့ပြီပဲလေ။

သူ့ဘဝတွေက အချိုးအကွေ့များစွာဖြင့် အမျိုးမျိုး အဖုံဖုံ ပြောင်းလဲခဲ့သလို ‘မ’ ဘဝကော မပြောင်းလွဲဘဲ နေမလားလေ။

ကျေနပ်သလို အပြုံးမျိုးဖြင့် ‘မ’ ကို အကြည့် ‘မ’ သည် သူ့ ကို တစ်စက်ကလေးမှပင် မကြည့်ဘဲ ‘ရာဇ’ ကိုသာ လှမ်းပြောပါသည်။

“မာမီ အချိန်မရဘူးနော် ‘ရာဇ’... လုပ်ချင်ရင် နောက်နေ့မှ လာလုပ်တော့”

“အင်းပါ... ‘ရာဇ’ သွားပြောလိုက်အုံးမယ်”

‘ရာဇ’ ပြေးထွက်သွား၍ တစ်ပူအေးသွားပေမယ့် နောက်တစ်ပူက အနားက မခွာသေးတာကြောင့်...

www.burmeseclassic.com

www.burmeseclassic.com



“မင်းလည်း သွားတော့လေ... ဘာလုပ်နေတာလဲ”

“ကျွန်တော့်လိပ်စာတော့ ‘မ’ ကို ပေးပြီးပြီ... ‘မ’ ကော ကျွန်တော့်ကို အိမ်လိပ်စာ မပေးတော့ဘူးလား”

“မလိုဘူးနဲ့တူတယ် ‘အထွန်း’... မင်းနဲ့ငါ ထပ်တွေ့စရာမှ မရှိတာ”

“ ‘မ’ ဘက်က မရှိပေမယ့် ကျွန်တော့်ဘက်က ရှိနေတယ်ဆိုရင်ကော”

ကျွန်မ သူ့ကို ရွံမုန်းစွာ ကြည့်လိုက်မိပါသည်။

ဒါ သူ တမင်သက်သက် အကြပ်ကိုင်ကာ ပြောတဲ့စကား။

သူနဲ့ ကျွန်မနဲ့ကြားမှာ ထပ်တွေ့စရာကို ဘာအကြောင်းမှ မရှိတော့ပါ။ ဒါကို သူသိရဲ့နဲ့ ဘာလို့များ ရှေ့တိုးချင်နေရတာပါလိမ့်။

“မင်း ငါ့အနားက ခုချက်ချင်းထွက်သွားရင် ကောင်းမယ် ‘အထွန်း’ ”

ကျွန်မက စိတ်တိုသလိုအော်တော့ သူက ဘာမှ မဖြစ်တဲ့ပုံစံဖြင့် ကျွန်မကို အေးအေးဆေးဆေး ပြန်ပြောပါသည်။

“ ‘မ’ ကလည်း... ‘မ’ နဲ့ ကျွန်တော်နဲ့ခွဲခဲ့ရတာ ဘယ်လောက် ကြာခဲ့ပြီလဲ... ခုမှ တွေ့ရကာစ ရှိသေးတယ်... ‘မ’ က ကျွန်တော့် ကို နှင်ချင်ပြီလား”

ကျွန်မ ဘာမှမပြောဘဲ နှုတ်ပိတ်နေတော့ ‘အထွန်း’ က ကျွန်မ,မျက်နှာကို စိုက်ကြည့်ကာ နာကြည်းစွာ ပြောလာပါသည်။

“ကျွန်တော့်မှာဖြင့် ဒီ အနှစ်,နှစ်ဆယ်လုံးလုံး ‘မ’ ကို တွေ့ရနိုး မျှော်လင့်စောင့်စားလိုက်ရတာ”

www.burmeseclassic.com

www.burmeseclassic.com



"ဘာဆိုင်လို့လဲ..."

ကျွန်မ စိတ်တိုသလို အော်ပစ်လိုက်မိပါသည်။ ကျွန်မရဲ့ အ တိတ်ကို အတိတ်မှာပဲ ချန်ထားရစ်ခဲ့ချင်ပါသည်။ ယခု ပစ္စုပ္ပန်ဘဝ ကို ကျွန်မ သယ်မလာချင်တော့ပါ။ ဒါကို သူသိရဲ့နဲ့ ဘာလို့များ စိတ်ကူးယဉ်ချင် နေရတာပါလိမ့်။

" 'မ' မဖိတ်ဘူးဆိုလည်း ကျွန်တော်ကတော့ 'မ' အိမ်ကို ရောက်အောင်လာခဲ့မှာပဲ"

ထိုအချိန်မှာပဲ သမီး ပြန်ရောက်လာခဲ့တာမို့ ကျွန်မရင်ထဲ ကြည်နူးရွှင်မြူး သွားခဲ့ရပါသည်။

သူ့အနားက ကျွန်မ ထွက်သွားရတော့မည်ဆိုသော အတွေး နဲ့ပါ။

တကယ်တမ်းတော့ သူ့ရဲ့ ပင့်ကူလို တွယ်ငင်တတ်သော ကြိုးတွေက ကျွန်မကို အလွတ်မပေးတော့ပါ။

ကျွန်မကို တစ်ဖန်ပြန်လည်ကာ တွယ်ငင်ဖို့ ကြိုးစားပြန်ပါ တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ၁၀

"မာမီရေ… ဒီမှာ ကြည့်ပါအုံး… ဘယ်သူပါလာသလဲ လို့."

ထုံးစံအတိုင်း ကျောင်းမှ ပြန်ရောက်ပြီး ရေမိုးချိုးကာ ညစာ စားဖြစ်သည်။

ညစာစားပြီး ခြံထဲတွင် လမ်းလျှောက်ကာ တီဗွီဇာတ်လမ်း ကြည့်မည်အကြံဖြင့် တီဗွီရှေ့တွင်အထိုင် တိုက်ရှေ့က ကားရပ်သံ နဲ့အတူ သမီးရဲ့ အသံသာသာလေးကို စ ကြားလိုက်ရတာဖြစ်ပါ သည်။

သမီးရဲ့နောက်မှာတော့ ကွန်ပျူတာမှ **CD** ပြားထည့်သော **Box** ကိုမလျက် 'အထွန်း' က ရပ်နေတာကြောင့် ကျွန်မ ပါးစပ် ဟောင်းလောင်းပွင့် သွားခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မမျှော်လင့်ထားတဲ့ အချိန်မှာ သမီးကို သူ ဘယ်လို များ စည်းရုံးသိမ်းသွင်းလိုက်ပါလိမ့်။

ကျွန်မ မကျေမနပ်ဖြင့် သမီးမျက်နှာကိုအကြည့် သမီးက ကျွန်မရဲ့စိတ်ကို နားလည်သလို မျက်နှာချိုသွေးကာ လှမ်းပြောပါ သည်။

"ဟို ဦးကလည်း ခါတ်ပုံလာပေးရင်း Bagan Net မှာတွေ့ ကြတာလေ… အိမ်မှာလည်း ကွန်ပျူတာနဲ့ ဂျိုင်းဖို့ကရှိသေးတာ ဆိုတော့ 'ရာဇ' လည်း ဦးကို တစ်ခါတည်း အကူအညီတောင်းပြီး ခေါ်လာခဲ့တာ"

ကျွန်မ 'အထွန်း' ကို ခပ်တည်တည်ဖြင့် စိုက်ကြည့်လိုက်မိ ပါသည်။

ကျွန်မ ခွင့်မပြုဘဲ ကျွန်မရဲ့အိမ်ကို လိုက်လာတာ ကျွန်မကို စော်ကားတာနှင့် ဘာထူးလို့လဲ။

ပြီးတော့ သမီးရဲ့ပုံစံက ကျူရှင်က တန်းလာပုံလည်း မပေါ် တာကြောင့် လေသံမာမာဖြင့် မေးလိုက်မိပါသည်။

"အခု သမီးတို့ ဘယ်ကလာတာလဲ"

"Bagan Net မှာ ခါတ်ပုံပေးပြီးတော့ လှည်းတန်းက TECH မှာ လိုအပ်တဲ့ပစ္စည်း ဝင်ဝယ်ရသေးတယ် မာမီ"

ကျွန်မတို့ ကွန်ပျူတာက TECH က ဝယ်တာဆိုတော့ လို အပ်တာမှန်သမျှ TECH ကပဲ ဆောင်ရွက်ပေးပါသည်။

"အဲ့ဒီ moderm တပ်မှ Internet က ဖွင့်လို့ရမှာဆိုတော့ ဦး ကပဲ အစစအရာရာ လိုက်လုပ်ပေးတာ… ပြီးတော့ 'ရာဇ' ကို ရွှေ ရှမ်းကန်မှာဝင်ပြီး ညစာလည်း ကျွေးသေးတာ မာမီရဲ့"

www.burmeseclassic.com

www.burmeseclassic.com



သမီးက 'အထွန်း' ကို ကျေးဇူးတင်သလို ကြည့်ကာ ပြော နေပေမယ့် ကျွန်မကတော့ ကျေးဇူးအတင် မခံချင်ပါ။

ဒီ ကျေးဇူးတရားတွေရဲ့ နောက်မှာ 'အထွန်း' ဘယ်လိုအကြံ အစည်တွေ ရှိတယ်ဆိုတာ ကျွန်မ မရိပ်မိဘဲ နေပါ့မလား။

ကျွန်မ မျက်နှာတည်နေမှန်းသိတော့ 'အထွန်း' က သမီးကို လှမ်းပြောပါသည်။

"ကဲ ဘယ်လိုလဲ 'ရာဇ'... ဦးကို ဒီ ဘောက်စ်ကြီးကိုင်ထား ခိုင်းပြီး ဒီလိုပဲ ဒဏ်ပေးထားတော့မှာလား"

"ဟာ ဟုတ်ပါရဲ့... ဦးရယ် လာ လာ... ဒီပေါ်မှာတင်နော်"

သမီးက သူရဲ့ စာကြည့်ခန်းထဲကို ခေါ်သွားကာ စားပွဲကို ရှင်းပေးနေပါသည်။

ဖုန်းနဲ့ ဝိုင်းရမှာဆိုတော့ ဝယ်လာတဲ့ကြိုးခွေကို ဖြည်ကာ 'အထွန်း' ကွန်ပျူတာနဲ့ ဝိုင်းကြည့်နေပါသည်။ သမီးရဲ့ စာကြည့် ခန်းထဲမှာလည်း ဖုန်းရှိပြီးသားမို့ အဆင်ပြေသွားရသည်။

"အင်တာနက် တပ်တာတော့ ဟုတ်ပါရဲ့... 'ရာဇ' က ဖွင့် တတ်လို့လား"

Bagan Net မှာတုန်းက ပြပေးလိုက်ပေမယ့် ခုတော့လည်း ရောထွေးကာ 'ရာဇ' မမှတ်မိတော့ပါချေ။

"ဦးရော တတ်လားဟင်"

"စင်္ကာပူမှာတုန်းက ကွန်ပျူတာကိုင်ရတာဆိုတော့ ရပါ တယ် ... ဒါပေမဲ့ 'ရာဇ' တတ်ဖို့ဆိုရင် အချိန်ပေးပြီး သင်ပေးမှ ရမှာ"

www.burmeseclassic.com

www.burmeseclassic.com



"ဦး စင်္ကာပူမှာ နေခဲ့ရသေးတယ် ဟုတ်လား"

"အင်း ဟိုးလွန်ခဲ့တဲ့ ဆယ့်ငါးနှစ် ဝန်းကျင်လောက်က စင်္ကာပူမှာ ငါးနှစ်လောက်ကြာခဲ့တယ်... အဲ့ဒီက ပြီးတော့ ဂျပန်မှာ ရှစ်နှစ်... လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကမှ ဦး မြန်မာပြည်ကို ပြန်ရောက်လာပြီး အခု ကုမ္ပဏီကို ထောင်ခဲ့တာ"

သမီးက အထင်ကြီးအံ့ဩသလို အမူအယာမျိုးဖြင့် 'အထွန်း' ကို ငေးကြည့်နေပေမယ့် ကျွန်မကတော့ သူ့စကားတွေကို မကြားဟန်ဆောင် နေမိပါသည်။

အကောင်းဆုံးက သမီးနဲ့သူ ထပ်မပတ်သက်စေချင်တာကြောင့်လည်း...

"ဒါများ သမီးရယ်... ကျူရှင်တွေ ရှိမှာပါ... ကျူရှင်တက်လိုက်ပေါ့... မာမီလည်း စုံစမ်းပေးပါ့မယ်"

'အထွန်း' က ကျွန်မရဲ့ မျက်နှာကို ငေးကြည့်ကာ ပြုံးနေတာကလွဲ၍ ဘာမှ မပြောပါ။

ကျွန်မကတော့ 'အထွန်း' ကို အမြန်ဆုံး ပြန်စေချင်တာကြောင့်လည်း အလောတကြီး မေးလိုက်မိပါသည်။

" 'အထွန်း' ဘယ်ပြန်ရမှာလဲ"

"မြို့ထဲကိုပါ"

"မိုးချုပ်နေပြီ... ကားက အဆင်ပြေပါ့မလား"

"ဒီလှည်းတန်းနားမှာပဲ ကျွန်တော့်ကားကို ရပ်ထားခဲ့ပါတယ်"

"ဟုတ်တယ် မာမီ... 'ရာဇ' ကားနဲ့ ကွန်ပျူတာ Box ကြီးတွေ သယ်လာတာဆိုတော့ ဦးကားကို ထားခဲ့ရတာ ... 'ရာဇ' ပဲ လိုက်ပို့

www.burmeseclassic.com



ပေးလိုက်ပါ့မယ် မာမီ"

"မဟုတ်တာ မိုးချုပ်နေပြီ… သမီး နားပါတော့… မာမီပဲ လိုက်ပို့ပေးလိုက်ပါ့မယ်"

ကျွန်မ သွက်လက်စွာပင် ကားသော့ကိုယူကာ ခြံထဲကို ဦးဆောင်ကာ ဆင်းလာခဲ့လိုက်ပါသည်။

ကျွန်မရဲ့ ရင်ထဲမှာတော့ 'အထွန်း' နဲ့ ပတ်သက်ခဲ့ရတာတွေကို အမြန်ဆုံး နိဂုံးချုပ်ချင်ပါပြီ။

နောက်ထပ် ဘယ်လို ဇာတ်လမ်းမျိုးမှ ထပ်၍ မဆက်ချင်တော့ပါ။ ဒီအကြောင်းတွေကို ပြောချင်တာကြောင့်လည်း ကားပေါ်ကိုတက်ကာ စက်အနှိုး 'ရာဇ' က တိုက်ထဲမှ ပြေးထွက်လာကာ 'အထွန်း' ကို နှုတ်ဆက်နေပါသည်။

" ဦး နောက်လည်း လာလည်အုံးနော်… အစစအရာရာ အတွက်လည်း ကျေးဇူးပဲ"

"ရပါတယ် 'ရာဇ' ရယ်… ဦး သွားမယ်နော်"

'အထွန်း' က ကားမောင်းသူ ကျွန်မရဲ့ဘေးမှာ ဝင်ထိုင်ရင်း တိုက်ပေါက်ဝက တော့တာပြနေသော သမီးကို လက်ပြန်ပြနေပါသည်။

ကျွန်မ ဒေါသဖြစ်ဖြစ်ဖြင့် ကားကို တရှိန်ထိုး မောင်းကာ ခြံ ထဲမှ ထွက်ခဲ့လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၁

ကားသာမောင်းနေပေမယ့်လည်း ကျွန်မရင်ထဲကဒေါသက အရှိန်မပြေသေးပါ။

တကယ်ဆို ကျွန်မ သူနဲ့ မပတ်သက်ချင်တော့တာ 'အထွန်း' သိပါရဲ့နဲ့ ပေါ်တင်ကြီးလာ ပတ်သက်နေတာကတော့ ကျွန်မစိတ်ကို ဆွပေးနေရာ ရောက်နေတာမို့ ကျွန်မ ဒေါသဖြစ်ဖြစ်နဲ့ဆောင့်အော်လိုက်မိပါသည်။

"နောက် မင်းငါ့အိမ်ကို လာစရာ မလိုဘူး 'အထွန်း'"

ကျွန်မရဲ့စကားကြောင့် 'အထွန်း' က ရယ်ပါသည်။

"ဘယ်လိုဖြစ်နေတာလဲ 'မ' ရာ... ကိုယ့်အိမ်ကိုလာတဲ့ဧည့်သည်ကို ဒီလိုပဲ ဆက်ဆံရလား"

www.burmeseclassic.com

www.burmeseclassic.com



"အိုး မင်းကို ငါက ညွှဲ့သည်လိုမှ မသတ်မှတ်ဘဲ"

"ဒါဆို 'မ' က ဘယ်လို သတ်မှတ်ထားလို့လဲ... အရင်တုန်း ကလိုပဲ"

"တော်စမ်း"

သူ့စကားမဆုံးခင် ကျွန်မ ဒေါသတကြီး ဖြတ်အော်လိုက်မိပါသည်။

သူနဲ့မတွေ့ခင် အချိန်အထိ ကျွန်မဘဝက အေးချမ်းသာယာ နေတာမို့ ထိုဘဝကိုပဲ ကျွန်မ မက်မောမိပါသည်။

ထိုဘဝလေး ပျောက်ပျက်သွားမှာစိုး၍ သူ့ကို တောင်းပန်သလို ပြောလိုက်မိသည်။

"မင်းကို ငါတောင်းပန်ပါတယ် 'အထွန်း'... အေးချမ်းတည်ငြိမ်နေတဲ့ ငါ့ဘဝကို မင်းလာမနှောင့်ယှက်ပါနဲ့တော့"

"ကျွန်တော် နှောင့်ယှက်တယ် ဟုတ်လား 'မ'... 'မ' က ကျွန်တော့်ဘဝကို လာနှောင့်ယှက်တာလား... ကျွန်တော်က 'မ' ရဲ့ ဘဝကို နှောင့်ယှက်တာလားဆိုတာ 'မ' သေချာစဉ်းစားပြီးမှ ပြောပါ"

ကျွန်မ ရင်တွေခုန်လာပါပြီ။ ဒီအကြောင်းတွေကို ကျွန်မ ပြန် မစဉ်းစားချင်တော့ပါ။ ခုအချိန်မှာ အကောင်းဆုံးက ငြိမ်းငြိမ်းချမ်း ချမ်းနေရဖို့သာ အဓိကမို့ စိတ်ကိုလျှော့ကာ 'အထွန်း' ကို ပြော လိုက်မိပါသည်။

" 'မ' တောင်းပန်ပါတယ် 'အထွန်း'... ခုချိန်မှာ 'မ' ဘဝဟာ အေးချမ်းငြိမ်သက်နေပါပြီ... ဒီ ငြိမ်သက်နေတဲ့ ဘဝကန်ရေပြင်ကို လှုပ်ရှားလာအောင် မင်း ခဲနဲ့ လာမပစ်လိုက်ပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မစကားကြောင့် 'အထွန်း' က ရယ်ပါသည်။ ရယ်တာမှ ရိုးရိုးတန်းတန်း ရယ်တာမဟုတ်ပါ။ အကျယ်ကြီးကို အော်ရယ်တာပါ။ ရယ်လို့ဝမှ…

" 'မ'… 'မ' ဘယ်လိုပြောလိုက်တာလဲ… အေးချမ်းငြိမ်သက်နေတဲ့ဘဝကို ခဲနဲ့ပစ်တာ ကျွန်တော် မဟုတ်ဘူးလေ 'မ'… 'မ' ကသာ ကျွန်တော့်ဘဝကို ခဲနဲ့ပစ်သွားခဲ့တာ… ခဲမှန်ပြီး ကျန်ရစ်ခဲ့တဲ့ စာသူငယ်လို ကျွန်တော့်ဘဝဟာလည်း 'မ' ကြောင့် ဒဏ်ရာတွေ ဗလပွနဲ့ မထနိုင် မထူနိုင် လူးလိမ့်ပြီးကျန်ရစ်ခဲ့တာ 'မ' မေ့သွားခဲ့ပြီလား… ဒါမှမဟုတ် မေ့ချင်ဟန်ဆောင်နေတာလား"

"မင်း ဘာတွေလာပြောနေတာလဲ 'အထွန်း' "

ကျွန်မ အသံတွေတုန်ကာ မျက်ရည်တွေလည်း ဝဲလာခဲ့ပါပြီ။

ကျွန်မ ဒီအကြောင်းတွေကို မကြားချင်တော့ပါ။

ဒီအကြောင်းတွေကို ပြန်ကြားရမှာစိုး၍ ရန်ကုန်မှာ ကျွန်မ ဇာတ်လာမြုပ်နေခဲ့တာ သမီးရဲ့တစ်သက် တိုင်ခဲ့ပြီပဲ။

ခုမှတော့ ပြန်သတိမရပရစေနဲ့တော့။ ကားမောင်းရင်းမှ ကျွန်မရဲ့ ပါးပေါ် မျက်ရည်များစီးအကျ …

" 'မ'… 'မ' ဟာ တကယ်ရက်စက်တဲ့ မိန်းမပဲ… 'မ' ထွက်သွားပြီးတဲ့နောက် ကျွန်တော်တစ်ယောက်တည်း ဘယ်လိုကျန်ရစ်ခဲ့လဲ 'မ' သိလား"

ကျွန်မ မသိချင်ပါ။ ကြားလည်း မကြားချင်ပါ။ ကားကို လမ်းဘေးထိုးရပ်ကာ နားနှစ်ဖက်ကို လက်နဲ့အအုပ်၊ 'အထွန်း' က ကျွန်မရဲ့ လက်နှစ်ဘက်ကို ဆုပ်ကိုင်ကာ ဆွဲဖယ်ရင်း ကျွန်မကို အော်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



“ဒါမျိုးကျ ‘မ’ ဘယ်ကြားချင်ပါ့မလဲ… ‘မ’ က တကယ့်သူရဲကောင်းမကြီးကို”

“မင်း ငါ့ကို ဒီလိုမပြောနဲ့ ‘အထွန်း’… အဲ့ဒီအချိန်တုန်းက မင်းအခြေအနေက ဘယ်လိုလဲဆိုတာ မင်းဖါသာ မင်းအသိဆုံး”

“အခြေအနေ ဟုတ်လား… အခြေအနေဆိုတာ ဘာကိုပြောတာလဲ… ငွေလား… ပညာလား”

ကျွန်မပါးပေါ်မှ မျက်ရည်တွေကို ကြမ်းတမ်းစွာ သုတ်ကာ ‘အထွန်း’ ကို ရင်ဆိုင်ကြည့်လိုက်မိပါသည်။

“ဟုတ်တယ်… နှစ်ခုလုံးပဲ… အဲ့ဒီ နှစ်ခုစလုံး မပြည့်စုံတဲ့ မင်း ဘဝထဲကို ငါ ဝင်မလာရဲတာ အမှန်ပဲ”

“ ‘မ’ ရာ…”

‘အထွန်း’ က ကျွန်မကို ကြည့်ပြီး လှောင်ရယ်,ရယ်နေပါသည်။

“ဒီလို သတ္တိမရှိဘဲနဲ့များ ‘မ’ ကျွန်တော့်ကို လာဆွရဲခဲ့တယ်နော်”

“မင်းကို ငါမဆွဘူး… ငါ့မောင်လေး တစ်ယောက်လိုပဲ ငါ ကရုဏာထားခဲ့တာ… အဲ့ဒါ ငါ မှားသလား”

“မှားတော့ မမှားဘူးပေါ့… ဒါပေမဲ့ ကျွန်တော်ဟာ ‘မ’ ရဲ့ မောင်မှ မဟုတ်တာ… ‘မ’ ကျွန်တော့်ကို မသာယာခဲ့ဘူးဖူးလား”

ထိုစကားကိုကြားတော့ ကျွန်မ နားနှစ်ဘက်ကို အုပ်ထားလိုက်မိပါသည်။

ကျွန်မ မကြားပါရစေနဲ့။

“ ‘မ’ ကျွန်တော့်ကိုကော မချစ်ခဲ့ဘူးလား”

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတစ်ကိုယ်လုံး တုန်ရီလာပါသည်။ ဖြစ်နိုင်လျှင် ကျွန်မ ဒီနေရာကနေ ထွက်ပြေးချင်တာမို့ ကားတံခါးမှ လက်ကိုင်ကိုလှမ်း အကိုင် 'အထွန်း' က ကျွန်မ လက်နှစ်ဖက်ကို ဆုပ်ကိုင်ကာ ကျွန်မ မျက်နှာကို စိုက်ကြည့်နေပါသည်။

ကျွန်မ 'အထွန်း' ရဲ့ မျက်ဝန်းတွေကို ရင်ဆိုင်ကာ မကြည့်ရဲတာကြောင့် မျက်လုံးကိုအမှိတ်...

"'မ' ဟာ တကယ် သတ္တိမရှိဘူး"

'အထွန်း' က ကျွန်မ မျက်နှာနားကိုကပ်ကာ တီးတိုးပြောပါသည်။ 'အထွန်း' ပြောသလို ကျွန်မ တကယ် သတ္တိမရှိခဲ့ပါ။

'အထွန်း' ရဲ့ အချစ်မှာ တွယ်ငြိခဲ့တာကလွဲလျှင် ကျွန်မ သတ္တိ နည်းစွာ ရုန်းထွက်ခဲ့ဘူးပါသည်။ ဒါကလည်း ကျွန်မ သတ္တိနည်း တာ မဟုတ်ပါ။ ကျွန်မ သတ္တိကောင်းတာပါ။

ကိုယ့်ထက်လည်း ကိုးနှစ်ငယ်သော၊ ဘာအခြေအမြစ်မှ မရှိသော လူဆိုးလေးတစ်ယောက်ကို ကျွန်မရဲ့ ဘဝခရီးအဖော်အဖြစ် ကျွန်မ မရွေးချယ်ဝံ့ခဲ့ပါ။

ကျွန်မ ရွေးချယ်ခဲ့တဲ့လူက ကျွန်မထက်လည်း ကြီးသော ဂုဏ်သိက္ခာပိုင်းအရ ကျွန်မတို့ထက်လည်း မြင့်မားသော လူတစ်ယောက်ကို ကျွန်မ ရွေးချယ်မိခဲ့ပါသည်။

ဒါ ကျွန်မ မှားသလား။

ဦးနှောက်ပိုင်းအရဆိုလျှင် ကျွန်မ မမှားပါ။ ကျွန်မ မမှား၍ ဘဲ ကျွန်မရဲ့ မိဘတွေကော၊ ကျွန်မရဲ့ သူငယ်ချင်းအပေါင်းအသင်း တွေရဲ့ အလယ်မှာပါ ကျွန်မ မျက်နှာ မော်ခဲ့ရတဲ့အဖြစ်ပါ။

အဲ့ဒီအချိန်က ကျွန်မသာ မိုက်မဲစွာ 'အထွန်း' ကို ရွေးချယ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုလျှင် ခုချိန်မှာ ကျွန်မကော 'အထွန်း' ပါ ခုလို ပုံစံမျိုးတွေနဲ့ နေနိုင်ကြပါ့မလား။

ကျွန်မရဲ့ ရွေးချယ်ခဲ့မှုအတွက် နောင်တဆိုတာ ဘယ်တော့မှ ရလာခဲ့မယ့်အရာ မဟုတ်ပါ။ ဒါကြောင့်လည်း ကျွန်မ 'အထွန်း' ကို အပြတ်ပြောလိုက်မိပါသည်။

"ဒါတွေဟာ ပြီးဆုံးခဲ့ပါပြီ... 'မ' ဒါတွေကို လုံးဝပြန်သတိမရချင်တော့ဘူး... နှစ်တွေလည်း ကြာခဲ့မှပဲ"

"'မ' အဖို့ ကြာခဲ့ပေမယ့် ကျွန်တော့်အဖို့ကတော့ မနေ့တစ်နေ့ကလို ခံစားနေရဆဲပဲ... ကျွန်တော့်အတွက် ခုမှ အသစ်ပြန်စခဲ့တာ"

ကျွန်မ 'အထွန်း' ကို စွေစောင်းကြည့်လိုက်မိပါသည်။ ဒါ 'အထွန်း' ကျွန်မကို တွေ့မှ ပြောတဲ့စကားလား။

"မင်းရဲ့ 'ဘင်္ဂ' ကော ဘယ်ရောက်သွားခဲ့ပြီလဲ"

ကျွန်မနဲ့ မတွေ့ခင်အချိန်က 'ဘင်္ဂ' ဟု 'အထွန်း' နောက်ခေါ်ခဲ့သော 'ချစ်ချစ်' နဲ့ တွဲနေခဲ့တာပါ။ 'ချစ်ချစ်' ရဲ့အစ်ကို 'ထင်ရ' က 'အထွန်း' ရဲ့ ငယ်သူငယ်ချင်းပါ။

သူတို့ဖါသာသူတို့ သာယာနေခဲ့သော ဘဝထဲကို ကျွန်မကသာ အတင်းတိုးဝင်ခဲ့မိတာပါ။

"'ဘင်္ဂ' နဲ့ ကျွန်တော်နဲ့ ဘာဆိုင်လို့လဲ... စတည်းက 'ဘင်္ဂ' သာ ကျွန်တော့်ကို စိတ်ဝင်စားခဲ့တာ... ကျွန်တော် 'ဘင်္ဂ' ကို ညီမ အရင်းလေးတစ်ယောက်လိုပဲ ချစ်ခဲ့တာ"

"ဟုတ်ပါပြီ ... အခု အဲဒီ 'ဘင်္ဂ' ကကော"

သူ စက်ဘူတွင် ရောက်နေချိန်တွင် 'ဘင်္ဂ' သူ့အိမ်မှwww.burmeseclassic.comဗေးစား

www.burmeseclassic.com



သော ကောင်လေးတစ်ယောက်နဲ့ လက်ထပ်သွားပြီဟုသာ 'အထွန်း' ကြားခဲ့ရပါသည်။

သူငယ်ချင်းရဲ့ ညီမလေးမို့ ညီမလေးတစ်ယောက်လို သံယောဇဉ်တွယ်မိတာကလွဲလျှင် 'ဘင်္ဂ' သည် 'အထွန်း' ရဲ့နှလုံးသားကို လှုပ်ခတ်နိုင်အောင် ပြုစားတတ်သူ မဟုတ်ခဲ့ပါ။

ပြုစားခဲ့တဲ့ 'မ' က ကျတော့ သူ့အပေါ်ဘာလို့များ ဒီလောက်တောင် ရက်စက်စိမ်းကား နိုင်ရတာပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



# ၁၂

ကားက ပြန်ထွက်လာကာ လှည်းတန်းကို ရောက်လာတာကြောင့် 'အထွန်း' က သူ့ကားရှိရာကို လမ်းညွှန်လိုက်မိပါသည်။

ခဲရောင်မှောင်မှောင် 'Landcruser' ကားကြီးနားတွင် သူမရဲ့ မာစီဒီးကားအနက်ကို ထိုးအရပ် 'အထွန်း' က ကားပေါ်က မဆင်းသေးဘဲ သူမဘက်သို့ လှည့်ပြောပါသည်။

"ကျွန်တော် 'မ' နဲ့ ဆုံချင်ပါသေးတယ်"

"ငါကတော့ မဆုံချင်တော့ဘူး"

ကျွန်မ ယတိပြတ်ပြောကာ မျက်နှာကို တင်းထားလိုက်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ခုလို သူနဲ့ကျွန်မလိုက်လာတာကပင် ကျွန်မအတွက် အတော်ကြီးကို စွန့်စားပြီးမှ ထွက်လာခဲ့မိတာပါ။ ဒါကလဲ ကျွန်မ သမီးနဲ့ ဆက်မပတ်သက်စေချင်ကြောင့်ရယ်၊ ကျွန်မလဲ သူ့ကို အပြတ်ပြောစရာရှိတာ ပြောရအောင်ရယ်ကြောင့်သာ ကျွန်မ ဇွတ်ထွက်လာခဲ့မိတာပါ။

ကျွန်မ မိသားစုမှာ ကျွန်မသာ အကြီးဆုံး၊ ကျွန်မသာ ဦးစီးဦးဆောင် ပြုနေသူတစ်ယောက်အနေနဲ့ ကျွန်မမှာ အမှားအယွင်း တစ်စုံတစ်ရာ မဖြစ်စေချင်ပါ။ သူတပါးက ကျွန်မကို လေးစားအားကျနေတဲ့အဖြစ်ကိုသာ ကျွန်မ ဖြစ်ချင်တာကြောင့် 'အထွန်း' ကို ပြတ်သားစွာ ပြောလိုက်မိပါသည်။

"'မ' တကယ်ပြောတာ 'အထွန်း'… ခုချိန်မှာ 'မ' ဟာ လင်သေမုဆိုးမတစ်ယောက်ဖြစ်သလို သမီးပျိုတစ်ယောက်ရဲ့ အမေမို့ မင်းကို 'မ' နောက်ထပ် မတွေ့သင့်တော့ဘူးလို့ထင်တယ်… ခုတောင် 'မ' ဒီစကားတွေပြောချင်လို့ မင်းကို တမင်လိုက်ပို့ပေးတာ"

"ဘာဆိုင်လို့လဲ 'မ' ရာ… မုဆိုးမဖြစ်တာနဲ့ သမီးပျိုတစ်ယောက်ရဲ့အမေဖြစ်တာနဲ့ 'မ' နဲ့ ကျွန်တော် မတွေ့ရတော့ဘူးတဲ့လား… 'မ' ကို ဘယ်သူက တားမြစ်ထားလို့လဲ"

"ဘယ်သူမှ မတားဖြစ်ဘူး 'အထွန်း'… 'မ' ကိုယ် 'မ' တားမြစ်ထားတာ 'မ' ဟာ 'ရာဇ' ရဲ့အမေ…. လေးစားချစ်ခင်မြတ်နိုးနေတဲ့အမေ … ဒီလိုအမေမျိုးက သူ့ကွယ်ရာမှာ တစိမ်းယောကျ်ားတစ်ယောက်နဲ့ မပတ်သက်သင့်ဘူးလို့ 'မ' ထင်တယ်"

"'မ' ရယ်… 'မ' က အတွေးခေါင်လှချည်လား… ပြီးတော့ 'မ' တွေးနေတာကလဲ 'မ' ဘက်ချည်းပဲ… ကျွန်တော့်ဘက်ကိုလဲ

www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းပါးပါးထည့်မစဉ်းစားပေးတော့ဘူးလား...ကျွန်တော်ဟာ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ဝန်းကျင်က 'မ'... စွန့်ပစ်သွားခဲ့ဘူးတဲ့ ချစ်သူတစ်ယောက်ဆိုတာကော 'မ' မှတ်မိသေးရဲ့လား"

ကျွန်မ ဆိတ်ဆိတ်နေခြင်းဖြင့် ဝန်ခံနေမိပါသည်။ စိတ်ထဲမှာတော့ ကိုယ့်လိပ်ပြာကိုယ်မလုံသလို 'အထွန်း' အပါးက အမြန်ဆုံး ထွက်ပြေးချင်နေမိပါပြီ။

မတော်တဆ ကျွန်မရဲ့အသိမိတ်ဆွေတစ်ယောက်တလေ 'အထွန်း' နဲ့ကျွန်မကို ယှဉ်တွဲကာ မြင်သွားမှာကိုလဲ ကျွန်မစိုးရိမ်လှပါသည်။

ပတ်ဝန်းကျင်ရဲ့အမြင်မှာ ကျွန်မက တော်သောမိန်းမ၊ အိမ်ထောင်သိက္ခာနဲ့ ပြည့်စုံသော၊ တည်ကြည်သောမိန်းမအဖြစ်သာ ကျွန်မကို မြင်စေလိုပါသည်။

ဒီလိုမြင်စေချင်၍လဲ သမီးတစ်သက်တာ ကျွန်မအိမ်ထောင်ပြုဖို့ လုံးဝမစဉ်းစားခဲ့တာ အများအသိပါ။

ခု 'အထွန်း' ရောက်လာမှ ကျွန်မရဲ့ တည့်မတ်ခိုင်မာနေတဲ့ စိတ်တွေ မပြိုကွဲ မယိုင်လဲပါရစေနဲ့။ ကျွန်မ 'အထွန်း' ကို တောင်းပန်သလို စကားဆိုလိုက်မိပါသည်။

" 'မ' 'အထွန်း' ပြောတာ နားလည်ပါတယ်... ဒါပေမယ့် ဒီကိစ္စက ပြီးဆုံးတာ ကြာခဲ့ပြီပဲ... မင်းလဲ မင်းဘဝကို မင်းအသစ်ထူထောင်သင့်ပါပြီကွယ်"

ကျွန်မစကားကြောင့် 'အထွန်း' က ခပ်သဲ့သဲ့ရယ်မောနေပါသည်။ မီးရောင်လဲ့လဲ့တစွန်းတစကြားမှာ 'အထွန်း' ရဲ့ မျက်ဝန်းတွေက အရည်လဲ့နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မရှက်တမ်းဝန်ခံရလျှင် ကျွန်မနဲ့တွေ့ဦးစက 'အထွန်း' ထက် ယခုကျွန်မရှေ့မှာ ထိုင်နေသော 'အထွန်း' က အများကြီးကို ကွဲပြားကာ သားနားချောမွေ့နေတာ ကျွန်မ တွေ့နေရပါသည်။

ငယ်စဉ်က 'အထွန်း' က ကွေ့ကောက်နေသော ဆံပင်ဘုတ်သိုက်ကြီးနဲ့ မိုက်ရူးရဲဆန်ဆန် အကြည့်နဲ့ အပြုံးကို ပိုင်ဆိုင်ထားကာ အဝတ်ဆိုလျှင်လဲ တီရှပ်တစ်ထည်၊ ဂျင်းအင်္ကျီတစ်ထည်လောက်နဲ့ ဖြစ်သလို နေတတ်ပေမယ့် ခု ကျွန်မရဲ့ဘေးနားမှာ ထိုင်နေသော 'အထွန်း' ကတော့ သေသပ်စွာ ဖြီးထားသော ဆံပင်၊ စနစ်ကျလှပစွာ ဝတ်ထားသော အဝတ်ဖြင့် လူကြီးလူကောင်းတစ်ယောက်ရဲ့ အသွင်အပြင် ဟန်ပန်တွေ ရှိနေပါပြီ။

ဒီ အသွင်အပြင် ဒီဟန်ပန်တွေနဲ့ တခြား မိန်းကလေးတွေကို ဖမ်းစားဖို့ ကြိုးစားတော့လား…

" 'မ' ပြောတာကို နားထောင်စမ်းပါ… 'အထွန်း' ရယ်"

'အထွန်း' သည် စီးကရက်တစ်လိပ်ကို ထုတ်ဖွာလိုက်မိပါသည်။ 'မ' ပြောတာလွယ်လိုက်တာ၊ ဒီလို နှလုံးသားကွဲကြေနေတဲ့ ဒဏ်ရာကြီးနဲ့ သူက သူ့ဘဝကို ဘယ်လိုအသစ်တည်ဆောက်ရမှာလဲ။

သူ 'မ' ကိုပဲ ချစ်ပါသည်။ 'မ' ကသာ သူ့ဘဝရဲ့ အချစ်ဦးမို့ 'မ' ကိုသာ စွဲလမ်းစွာ လှမ်းအဖက် …

" 'အထွန်း' …. မင်း ဒါ ဘာလုပ်တာလဲ"

'မ' ဆီမှ တောင့်တင်းသွားသော ကိုယ်ခန္ဓာနဲ့အတူ ကျယ်လောင်သော အသံကလဲ ထွက်လာတာကြောင့် 'အထွန်း' ရယ်မောလိုက်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"'မ'… 'မ' ဘယ်လိုဖြစ်သွားတာလဲ"

"ငါဘယ်လိုမှ မဖြစ်ဘူး 'အထွန်း'… မင်းသာ ဒီကားပေါ်က အမြန်ဆုံးဆင်းရင် ကောင်းမယ်"

"မဆင်းဘူး ဆိုရင်ကောဗျာ"

'အထွန်း' ဂျစ်ကန်ကန်နဲ့ပြောတော့ 'မ' မျက်ဝန်းတွင် ဒေါသကြောင့် အရောင်တဖျတ်ဖျတ်လက်လာသည်ကို တွေ့လိုက်ရပါသည်။

ဒီမျက်လုံးတွေက ဟိုးလွန်ခဲ့တဲ့ အနှစ်နှစ်ဆယ် 'အထွန်း' တွေ့ခဲ့စဉ်က မျက်လုံးမျိုးပါ။ ဒါပေမယ့် ဒီမျက်လုံးတွေရဲ့ အောက်မှာ အကြင်နာတွေရှိတယ်ဆိုတာ 'အထွန်း' မရိပ်မိဘဲနေမလား။

"'မ' ကို ကျွန်တော်ချစ်တယ်… အရင်တုန်းကလဲ ချစ်တယ် အခုလဲ ချစ်တယ်… နောင်ကိုလဲ ချစ်မယ်"

"ငါ့အော်လိုက်မှာနော် 'အထွန်း'"

'မ' က မျက်ရည်များဝဲလာကာ တုန်ရီစွာ ပြောလေသည်။

"အော်လေ… 'မ' အော်လိုက်ရင် ဘာဖြစ်သွားမလဲ… 'မ' ကိုယ်တိုင် အရှက်ကွဲခံနိုင်လို့လား"

ည မိုးချုပ်နေသော်လည်း လှည်းတန်းတဝိုက်မှာ သွားကြလာကြသူတွေနဲ့ စည်ကားနေဆဲပါ။

'အထွန်း' ပြောသလို ကျွန်မ အရှက်ကွဲမခံဝံ့ပါ။ ဒါကြောင့်လည်း လေသံကို လျှော့ကာ 'အထွန်း' လက်ကို ဆွဲဖယ်ရင်း ချော့လိုက်မိပါသည်။

"'မ' တောင်းပန်ပါတယ် 'အထွန်း'… မင်း 'မ' ကို တကယ် ချစ်သေးတယ်ဆိုရင် 'မ' ဘဝကို နားလည်ပေးပါ… စာနာပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



"နားလည်လို့... စာနာလို့... 'မ' ကို 'အထွန်း' ဒီလောက် အောက်ကျို့ခံနေတာပေါ့.... 'အထွန်း' ရဲ့ အခုလက်ရှိ အခြေအနေနဲ့ဆို ဘယ်မိန်းမကိုမှ 'အထွန်း' ဒီလောက်အထိ အောက်ကျို့ခံနေမှာ မဟုတ်ဘူး"

ဒေါသဖြင့် 'အထွန်း' မျက်နှာက နီမြန်းကာ 'အထွန်း' မျက်ဝန်းတွေကလဲ ဖိတ်ဖိတ်လက်နေပါသည်။

သူ့နှလုံးသားကိုကလဲ ဒီမိန်းမမှ ဒီမိန်းမ တန်းတန်းစွဲနေမိတာ အံ့သြစရာပါ။

ဒီလောက်နှစ်တွေ ကြာခဲ့ပြီပဲ 'မ' ပြောသလို သူမေ့လိုက်ပါတော့လား။ မမေ့နိုင်တဲ့ သူ့နှလုံးသားကိုပဲ အပြစ်တင်ရမလား။ စိမ်းကားစွာ ဆက်ဆံနေတဲ့ 'မ' ကိုပဲ အညိုးဖွဲ့ရမလား။ ဝေခွဲမရတော့ပါ။

'မ' ကတော့ လေသံပျော့လေးဖြင့် သူ့ကို လှမ်းချော့နေပါသည်။

" 'အထွန်း' တွေ့ချင်တယ်ဆို 'မ' 'အထွန်း' ကို လာတွေ့ပါ့မယ်... ခုတော့ မိုးချုပ်နေလို့ 'မ' ပြန်ပါရစေတော့ကွယ်"

'မ' ဒီလို လေသံပျော့ပျော့နဲ့ ချော့လာပြီဆိုရင်လေတိုင်း 'အထွန်း' ရဲ့ နှလုံးသားတွေကလဲ အရည်ပျော်ကာ တင်းတောင့် မခံနိုင်တာက ခုမှမဟုတ်။ ဟိုးအရင် ငယ်စဉ်ထဲက။

'မ' မျက်နှာကို စိုက်ကြည့်ကာ ကားပေါ်မှ ဆင်းရင်း 'အထွန်း' က 'မ' ရှိရာဘက်အခြမ်းကို လျှောက်လာခဲ့လိုက်မိပါသည်။

" 'အထွန်း' 'မ' ကို မနက်ဖြန် တွေ့ချင်တယ် 'မ' တွေ့နိုင်မလား"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မနက်ဖြန်အတွက် စဉ်းစားရပါသည်။ မနက်ဖြန် ကျောင်းမှာ အလုပ်ပါးလျှင် ကိစ္စမရှိ၊ အလုပ်ရှုပ်လျှင် ကျွန်မတွေ့ နိုင်ပါမလား။

ကျွန်မ တွေဝေနေသော 'အထွန်း' က လှမ်းပြောပါသည်။

"ဒါဆို 'မ' ကျောင်းကို ကျွန်တော် ဖုန်းဆက်လိုက်မယ်လေ ဖြစ်မလား"

ဒီလိုတော့လဲ ကျွန်မ မဆက်စေချင်ပါ။ အများအမြင်မှာ ကျွန်မသည် တည်ငြိမ်ရင့်ကျက်သော အိန္ဒြေရှိသော မိန်းမပဲ ဖြစ်ချင်တာပါ။ တစိမ်းယောကျ်ားတစ်ယောက်နဲ့ ပတ်သက်နေတယ်ဆိုတာကို ဘယ်သူမှ မသိစေချင်။ ဒါကြောင့်လဲ ...

"ဒီလိုလုပ်လေ... မနက်ဖြန် 'မ' ကျောင်းကနေ စောဆင်းလာခဲ့မယ်... 'အထွန်း' ဘယ်မှာ စောင့်နေမလဲ"

" 'မ' ပြောလေ... 'မ' ပြောတဲ့နေရာကို 'အထွန်း' ရောက်အောင်လာခဲ့မှာပေါ့"

"ဒါဆို ယုဇနစူပါမားကက်မှာ 'မ' စောင့်နေလိုက်မယ်လေ"

ယုဇနစူပါမားကက်ဆိုတော့ ဈေးဝယ်ရင်း စကားပြောနိုင်သည်။ မတော် အသိတွေ့ရင်လဲ ဈေးဝယ်လာရင်း မိတ်ဆွေနဲ့ တွေ့ရှိ စကားပြောနေတယ်ပဲပေါ့။

'အထွန်း' ကျေနပ်စွာ သူ့ကားဆီလျှောက်သွားတာ တွေ့လိုက် ရပါသည်။

ခုမှ 'အထွန်း' လက်ကလွတ်သလို စိတ်လက်ပေါ့ပါးစွာ ကားစက်ကိုအနှိုး ...

"မနက်ဖြန် ဆက်ဆက်စောင့်နေမှာနော် 'မ' ... မလာဘဲ့ပို့က

www.burmeseclassic.com

www.burmeseclassic.com



တော့ အိမ်ကိုပဲ လိုက်လာမှာ”

ကျွန်မခေါင်းငြိမ့်ပြကာ ကားကို အရှိန်ပြင်းစွာ မောင်းထွက်လာခဲ့လိုက်ပါသည်။

ကျွန်မ ‘အထွန်း’ ရဲ့ ပင့်ကူအိမ်မှာ ဒုတိယအကြိမ် တွယ်ငြိမိပြန်ပြီ ထင်ပါရဲ့။

ကျွန်မ ရုန်းထွက်ချင်လိုက်တာ၊ ဖြစ်နိုင်လျှင် ‘အထွန်း’ ဆိုတဲ့ ‘ရန်နောင်ထွန်း’ ကို ကျွန်မဘဝထဲက ဖယ်ထုတ်ပစ်လိုက်ချင်လိုက်တာ။

ခက်တာက ကျွန်မကိုယ်တိုင်ဖယ်ထုတ်ပစ်ဖို့ စိုးရွံ့နေမိတာပါပဲ။

ဒီလိုစိုးရွံ့နေတာကိုက ကျွန်မရဲ့အမှားပေလား။

www.burmeseclassic.com

www.burmeseclassic.com



၁၃

အိမ်ကို ပြန်ရောက်တော့ အားလုံးက ကျွန်မကို စိုးရိမ် စွာစောင့်နေကြတာ တွေ့လိုက်ရသည်။ သမီး 'ရာဇ' က အဆိုးဆုံး ပါ။ ခေါင်းငုံ့ထားတဲ့ ကျွန်မရဲ့မျက်နှာကို ငုံ့ကြည့်ရင်း စိုးရိမ်သ လို မေးလာခဲ့ပါသည်။

"မာမီ... ဦးနဲ့ အဆင်ပြေခဲ့ရဲ့လား"

"ပြေခဲ့တယ်ပဲ ဆိုပါတော့ကွယ်"

ကျွန်မ ကားသော့ကို ချိတ်ကာ ဆိုဖာတွင် စိတ်မောမောဖြင့် ဝင်အထိုင် သမီးက ကျွန်မအပါးတွင် ဝင်ထိုင်ရင်း စိတ်ပူသလို ပြောနေပါသည်။

" 'ရာဇ' က မာမီနဲ့မျှား... စကားတွေများလာမလား စိုးရိမ်နေ

www.burmeseclassic.com

www.burmeseclassic.com



တာ"

ကျွန်မ သမီးကို မကြည့်ဘဲ 'မြညို' ကိုသာ လှမ်းပြောလိုက်မိပါသည်။

" 'မြညို' … မေမေလေးကို ရေးအေးအေးလေးတစ်ခွက်လောက်"

'မြညို' အပြေးအလွှား ယူလာပေးသော ရေခဲရေကို မော့အသောက် သမီးက ကျွန်မကို စပ်စုနေပါသည်။

"မာမီတို့ ဘယ်သွားကြသေးလဲ"

"ဘယ်သွားရမှာလဲ သမီးရယ်… သူ့ကားရှိတဲ့ လှည်းတန်းကိုပဲပေါ့"

" 'ရာဇ'က မာမီတို့ စားသောက်ဆိုင်တစ်ဆိုင်ဆိုင်များ ဝင်အုံးမလား အောင်းမေ့နေတာ"

"ဒီလောက်ပဲ မိုးချုပ်နေပြီ 'ရာဇ' ရယ်… ဝင်စရာလား … နောက်ကို 'ရန်နောင်ထွန်း' နဲ့ မပတ်သက်စေချင်ဘူးကွယ်"

ကျွန်မမျက်နှာက တည်ကာ တင်းနေမှန်းသိတော့ 'ရာဇ' က လေသံပျော့လေးနဲ့ ပြောလာပါသည်။

"ဦးက သဘောကောင်းပါတယ် မာမီရယ်… မာမီတို့ အရင်က ဘာပြဿနာတွေ ဖြစ်ခဲ့ဘူးလို့လဲ"

သမီးက ကျွန်မမျက်နှာကို စိုက်ကြည့်ကာ မေးနေတာမို့ ကျွန်မဒေါသဖြစ်ဖြစ်နဲ့ အော်ပစ်လိုက်မိပါသည်။

"ဘာပြဿနာမှ မဖြစ်ခဲ့ဖူးဘူး… ဒါပေမယ့် သူနဲ့က မာမီတို့ မတွေ့ခဲ့ကြတာ ကြာလှပြီပဲ… ဒီကြားထဲ သူ ကောင်းလား ဆိုးလား… မာမီတို့ ဘယ်လိုလုပ်သိနိုင်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဦးက ကုမ္ပဏီပိုင်ရှင်တစ်ယောက်ဆိုတာတော့ 'ရာဇ' တို့ သိတယ်လေ မာမီ"

"အေး... ကုမ္ပဏီပိုင်ရှင်တစ်ယောက် ဖြစ်ရုံနဲ့ ဒီလူဟာ အကျင့်စာရိတ္တ ကောင်းလား... ဆိုးလား... သမီးဘယ်လိုလုပ် ခွဲခြားနိုင်မလဲ... အကောင်းဆုံးက ဒီလူနဲ့ ခပ်ကင်းကင်းနေတာသာ အကောင်းဆုံးပါပဲ သမီးရယ်"

ကျွန်မစကားကြောင့် သမီးက နေရာမှ မကျေမနပ်လေး ထသွားခဲ့ပါသည်။

သမီးရဲ့အမြင်မှာတော့ 'အထွန်း' က ဧရာမသူရဲကောင်းကြီး ဖြစ်ချင်ဖြစ်နေမှာ သေချာပေမယ့် ကျွန်မရဲ့ အမြင်မှာတော့ 'အထွန်း' က ဧရာမပင့်ကူကြီးတစ်ကောင်ပါ။

ဒီပင့်ကူကြီးက ကျွန်မကိုတင်မက သမီးလေးကိုပါ သူ့ကွန်ရက်ထဲ ဝင်လာအောင် မဆွဲဆောင်ဘူးလို့ ဘယ်သူအာမခံနိုင်မလဲ။

ကျွန်မသမီးလေးကို ဒီလိုလူမျိုးနဲ့ လုံးဝမပတ်သက်စေချင်တာကြောင့်လဲ 'ရာဇ' ကို နှစ်သိမ့်လိုက်မိပါသည်။

"မနက်ဖြန် မာမီ သမီးအတွက် ကျူရှင်စုံစမ်းခဲ့ပေးမယ်နော်"

"ကျောင်းတစ်ဖက်နဲ့ ဖြစ်ပါ့မလား မာမီ"

"အော်... Saturday... Sunday... သမီးကျောင်းပိတ်ရက်နဲ့ ကိုက်တဲ့ ကျူရှင်မျိုးပေါ့ သမီးရယ်... ကျူရှင်တက်လို့ တတ်သွားရင် 'မောင်မိုးကောင်း' ဆီ... အီး(လ်)မေး ပို့လို့ အဆင်ပြေသွားတာပေါ့"

'ရာဇ' မာမီ့ကို နားမလည်သလို စိုက်ကြည့်လိုက်မိပါသည်။ 'ပုတိ' ဟု 'ရာဇ' ခေါ်သော 'မိုးကောင်း' က 'ရာဇ' ကို သူငယ်ချင်းတစ်ယောက်လို ခင်လဲခင်ကာ ချစ်သူတစ်ယောက်လို တွယ်လဲ

www.burmeseclassic.com

www.burmeseclassic.com



တွယ်တာတာ 'ရာဇ' သိပါသည်။

'ရာဇ' တင်မက မာမီလဲသိသည်။ ဒါပေမယ့် မာမီက မသိကျိုးကျွံနေကာ 'ပုတိ' ဩစတြေးလျတွင် ကျောင်းသွားအတက် 'ရာဇ' ကို တက်ခွင့်မပြုဘဲ သူ့အနားတွင်ပဲ ထားခဲ့လေသည်။

တစ်ခါတစ်လေ 'ပုတိ' ဆီက စာတွေလာလျှင်သော်လည်းကောင်း၊ ဖုန်းတွေလာလျှင်သော်လည်းကောင်း မာမီ့ပုံစံက သိပ်သဘောတွေ့လှပုံ မပေါ်ပါ။

ခု မာမီကပင် လိုလိုလားလား 'ပုတိ' ဆီ … အီး(လ်)မေးပို့ဖို့ ပြောနေတာဆိုတော့ မာမီ့စိတ်တွေ ဘယ်လိုများပြောင်းလွဲသွားခဲ့တာပါလိမ့်။

ဘာပဲဖြစ်ဖြစ် ခုချိန်မှာ 'ရာဇ' စိတ်ထဲ 'ပုတိ' အကြောင်း သိပ်မရှိလှဘဲ ဒီနေ့တွေ့ခဲ့ရသော 'ဦး' အကြောင်းတွေကိုသာ စိတ်ဝင်တစား သိချင်နေမိပါသည်။

'ဦး' နဲ့ မာမီတို့ ဘယ်လိုသိခဲ့ ဘယ်လိုခင်ခဲ့ကြတာလဲ 'ရာဇ' သိချင်သည်။

Bangan Net ကို သွားတုန်းက 'ရာဇ' ရဲ့ ကားပေါ်မှာ 'အင်ကြင်း' တို့လဲ ပါတာဆိုတော့ 'ဦး' ကို သူတို့အားလုံး မြင်သွားခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၄

အသားပြောင်ပြောင် ပျော့ပျော့ စိမ်းပြာရောင် ရှပ်လက်ရှည်၊ အဖြူရောင်စတိုင်ဘောင်းဘီရှည်ဖြင့် နက်ပြာရောင်မှောင်မှောင် နေကာမျက်မှန်ကို စတိုင်ကျကျတတ်ထားသော 'ဦး' ရဲ့ဟန်က အများတကာရဲ့ အလယ်မှာ ထင်ရှားပေါ်လွင်နေတာ အမှန်ပါ။

ရိုးမကဒ် လာထုတ်တဲ့ 'ဦး' က 'ရာဇ' ကို မမြင်ပေမယ့် 'ဦး' ကို မြင်လိုက်ရတဲ့ 'ရာဇ' မှာတော့ 'ဦး' ကို ပြုံးမပြဘဲ မနေနိုင်ပါ။

'ရာဇ' ရဲ့အပြုံးကိုအတွေ့ 'ဦး' က မျက်မှန်ချွတ်ကာ 'ရာဇ' ကို လာနှုတ်ဆက်ခဲ့တာ ဖြစ်ပါသည်။

" 'မ' ရဲ့ သမီးလေးနဲ့တူတယ်"

"ဟုတ်ပါတယ် 'ဦး' … 'ရာဇ' ပါ"

"ကဲ… What can I do for you? "

www.burmeseclassic.com

www.burmeseclassic.com



'ဦး' ရဲ့ ခပ်ပြုံးပြုံး အမေးမှာ 'ရာဇ' ခေါင်းခါပြလိုက်မိပါသည်။

" 'ရာဇ' ခါတ်ပုံလာပေးတာပါ 'ဦး' "

အနားက 'အင်ကြင်း' တို့က ခပ်ကဲကဲ လက်ကုတ်နေတာမို့ 'ဦး' နဲ့ မိတ်ဆက်ပေးလိုက်မိပါသည်။

"ဒါ 'ရာဇ' ရဲ့ သူငယ်ချင်းတွေပါ 'ဦး'... 'အင်ကြင်း' တဲ့... 'စိမ်းဝါ' တဲ့... သူက 'ပိတောက်' တဲ့ အားလုံး 'ရာဇ' လို့ First Year တက်နေကြတာ"

"OK 'ဦး' ကိုလဲ မှတ်ထားကြပေါ့ 'ရန်နောင်ထွန်း' တဲ့"

အားလုံးကို အပြုံးဖြင့် ခေါင်းငြိမ့်ပြနေတဲ့ 'ဦး' ရဲ့ အသွင်က သွက်လက်သည်နဲ့အမျှ ခင်မင်ဖို့ပါကောင်းနေရတာကြောင့် 'အင်ကြင်း' က နှုတ်သွက်အာသွက်ဖြင့် 'ရာဇ' ကို လှမ်းပြောပါ သည်။

"ယူ့... မာမီကလဲ လျှိုလိုက်တာ... ဒီလောက်ခင်စရာကောင်းတဲ့ လူတစ်ယောက်နဲ့ မိတ်ဆွေဖြစ်ထားတာတောင် ယူ့ကို မပြောဘူးလား"

"မာမီနဲ့ 'ဦး' နဲ့လဲ ဒီ Bangan Net ကျမှ တွေ့ကြတာ 'အင်ကြင်း' ရဲ့"

'ဦး' က လက်ပြကာ အနားမှ ခဏခွဲသွားခိုက် 'ရာဇ' တို့ ပြောနေမိကြတာ ဖြစ်ပါသည်။

ခဏနေတော့ 'ဦး' ပြန်ရောက်လာကာ 'ရာဇ' ကို လှမ်းမေးပါသည်။

" 'ရာဇ' ဘယ်သွားစရာရှိသေးလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီကအပြန် လှည်းတန်းမှာ ကွန်ပျူတာပေးထားတာ ဝင်ယူရမယ် 'ဦး' "

" 'ဦး' လိုက်ပို့ပေးမယ်လေ"

"ရပါတယ် 'ဦး'... ဒီမှာ သူငယ်ချင်းတွေလဲ ပါသေးတယ်"

"ငါတို့ကို အိမ်မှာချပေးခဲ့လဲ ရတာပဲ 'ရာဇ' ရယ်"

"ဟုတ်သားပဲ 'ရာဇ' ရဲ့... နင်လိုက်သွားလိုက်ပါ"

သူငယ်ချင်းတွေရဲ့စကားအတိုင်း 'အင်ကြင်း' တို့ကို အိမ်မှာချပေးလိုက်ကာ 'ရာဇ' ကတော့ လှည်းတန်းကို လာခဲ့လိုက်ပါသည်။

လမ်းတစ်လျှောက် 'ရာဇ' ကားက ရှေ့မှာသွားကာ 'ဦး' ရဲ့လင့်ခရူဇာခဲရောင်ကားက နောက်မှ ပါလာခဲ့ပါသည်။

ကားခြင်းအယှဉ် 'ရာဇ' 'ဦး' ကို လှမ်းမေးလိုက်မိပါသည်။

" 'ဦး' ရဲ့ ဟမ်းဖုန်းနံပါတ်က ဘယ်လောက်လဲ"

" 09-50-18---- "

'ဦး' က ကားမောင်းရင်းမှ လက်ထောင်ပြနေတာ ဖြစ်ပါသည်။

'ရာဇ' စာရွက်လွတ်တစ်ရွက်မှာ လိုက်မှတ်ရင်း သူ့ငွေရောင်အိတ်ထဲမှ ဟမ်းဖုန်းကို လက်ဖြင့်အနှိပ် 'ဦး' ဖုန်းကိုင်လိုက်တာတွေ့လိုက်ရသည်။

'ရာဇ' ဖုန်းကို ပခုံးကြားထဲညှပ်ရင်း 'ဦး' ကို မေးလိုက်မိပါသည်။

" 'ရာဇ' ကို လိုက်ပို့တာ အရေးမကြီးဘူး... 'ဦး' အားရဲ့လား"

" 'ရာဇ' အတွက်ပဲ မအားရင်လဲ အားအောင်လုပ်ရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



'ရာဇ' ရင်ထဲ ကျေနပ်ပျော်ရွှင်သွားရသည်။ ဒီကမ္ဘာလောကမှာ မာမီကလွဲလျှင် သူ့အပေါ် ဂရုစိုက်တဲ့လူ ရှိနေသေးတာပဲ။

" 'ဦး' မှာ အိမ်ထောင်မရှိဘူးလား"

"ချစ်ခဲ့သူမှ မရှိတာ အိမ်ထောင်က ဘယ်လိုရှိမှာလဲ"

"တကယ်"

'ဦး' ရယ်မောနေတာကို နောက်ကြည့်မှန်မှတစ်ဆင့် 'ရာဇ' မြင်နေရပါသည်။

" 'ရာဇ' ကတော့ မယုံပါဘူး... Really"

"အော်... ကလေးရယ်... 'ဦး' ညာပါ့မလား ... Really ... 'ဦး' ဘဝက တစ်ကောင်ကြွက်"

"ဟင်... 'ဦး' ကသာ ကြွက်ပြောနေ 'ရာဇ' မြင်နေရတာတော့ လူဥစ္စာ"

"ဟား... ဟား... 'ရာဇ' က ဟာသရှိသားပဲ ဟုတ်တယ် ... 'ဦး' က တစ်ယောက်လူ... ချစ်မဲ့သူလဲ မရှိဘူး... ကြိုက်မဲ့သူလည်း မရှိဘူး... သနားမဲ့သူလည်းမရှိဘူး... 'ဦး' ဘဝမှာ 'ဦး' တစ်ယောက်တည်းပဲရှိတာ"

" 'ဦး' မိဘတွေကော"

" 'ဦး' ငယ်ငယ်ထဲက ဆုံးသွားခဲ့ကြပြီ"

'ဦး' ကိုကြည့်ကာ 'ရာဇ' ရင်ထဲစိတ်မကောင်းဖြစ်သွားမိသည်။

'ဦး' ပုံစံကိုကြည့်လျှင်တော့ 'ဦး' ပုံစံက အပူအပင်ကင်းကင်း

www.burmeseclassic.com

www.burmeseclassic.com



နှင့် တက်တက်ကြွကြွ ပျော်ပျော်ရွှင်ရွှင် ပုံစံမျိုးပါ။

တကယ်တမ်းမတော့ 'ဦး' က အထီးကျန်နေသူတည်း။

လှည်းတန်းကိုအရောက် 'ရာဇ' ရဲ့ ကွန်ပျူတာကို 'ဦး' က သယ်ပေးကာ ကားနောက်ခန်းထဲ ထည့်ပေးသည်။

"အချိန်ရရင် ကိုယ် 'ရာဇ' ကို တစ်ခုခုကျွေးချင်သေးတယ် ဖြစ်မလား"

'ရာဇ' နာရီကို ငုံ့ကြည့်လိုက်မိပါသည်။ ကျူရှင်တက်လျှင် မှီနိုင်သေးပေမယ့် မတက်ချင်တော့ပါ။ 'ဦး' ကို ခေါင်းငြိမ့်အပြ 'ဦး' က စီစဉ်သည်။

"ဒါဆို 'ရာဇ' ကားကို ဒီရှေ့မှာထားခဲ့ပြီး 'ဦး' ကားနဲ့ သွားကြမယ်... မကောင်းဘူးလား"

'ရာဇ' သူ့ကားကို Lock ချပြီး 'ဦး' ကားပေါ် လိုက်လာခဲ့မိပါသည်။

စိတ်ထဲမှာတော့ 'ဦး' နဲ့သွားရတာ ပျော်နေသလိုလိုပါ။

www.burmeseclassic.com

www.burmeseclassic.com



၁၅

အင်းယားကန်စောင်းရှိ 'ရွှေအင်းယား' ကိုရောက်တော့ ညနေ ခြောက်နာရီ ထိုးလုပါပြီ။

ခါတိုင်း သူငယ်ချင်းတွေနဲ့ လာဖူးပေမယ့်လည်း 'ဦး' နဲ့လာရသလို စိတ်ထဲမှာ မကြည်နူးမိပါ။

'ရာဇ' အပေါ် အစစအရာရာ ဦးဆောင်မှုတွေပေးနေတဲ့ 'ဦး' ရဲ့ ဂရုစိုက်အလိုလိုက်မှုတွေအောက်မှာ 'ရာဇ' တိမ်းမူးမိသည်။ သာယာမိသည်။

ကြည့်ပါအုံး။ အစားအသောက်ကအစ 'ရာဇ' အလိုကျအားလုံး မှာပေးသည်။

ကလေးလေးတစ်ယောက်လို လူကြီးတစ်ယောက်က အလိုလိုက် အကြိုက်ဆောင်နေတဲ့ ပုံစံမျိုးပါ။

'ရာဇ' သုံးနှစ်သမီးအရွယ်ထဲက ဖခင်ဆုံးပါးခဲ့ရတာဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



'ရာဇ' မိခင်ရင်ခွင်မှာပဲ ကြီးပြင်းခဲ့ရသည်။

မာမီက 'ရာဇ' ကို ချစ်ပေမယ့်လည်း အမိန့်၊ သြဇာ၊ အာဏာတွေနဲ့ တင်းကြပ်ချည်နှောင်ထားသလိုဆိုတော့ 'ရာဇ' အဖို့အရာရာကို သတိအနေအထားနဲ့ နေရသလို ဖြစ်နေပါသည်။

'ဦး' လို အလိုလိုက် အကြိုက်ဆောင်မယ့်သူ တစ်ယောက်သာ 'ရာဇ' အပိုင်ရခဲ့လျှင်မည်ဆိုလျှင် ဘယ်လောက်ကောင်းလိုက်မလဲ နော်။

'ရွှေရှမ်းကန်' မှ အပြန် 'ရာဇ' 'ဦး' ကို မေးလိုက်မိသည်။

" 'ဦး' နဲ့ မာမီတို့ ဘယ်လိုဖြစ်လို့ ကွဲသွားခဲ့ကြတာလဲ"

'ဦး' မျက်နှာ ညှို့မှိုင်းသွားတာကို 'ရာဇ' ဂရုပြုမိပေမယ့်လည်း 'ဦး' က ချက်ချင်းလို ပြုံးလိုက်ရင်း ဟန်မပျက်ဖြေသည်။

" 'ဦး' ကြောင့်ပေါ့… 'ဦး' ဆိုးလို့ 'မ' နဲ့ ကွဲသွားကြတာ"

" 'ဦး' နဲ့ မာမီတို့တွေ့ကြတုန်းက 'ဦး' အသက်က ဘယ်လောက်ရှိပြီလဲဟင်"

" 'ရာဇ' တို့လောက်ပေါ့… ဆယ့်ခွန် ဆယ့်ရှစ်လောက်ရှိနေပြီ"

"ဒါဆို မာမီကကော"

" 'မ' က နှစ်ဆယ့်ငါး… နှစ်ဆယ့်ခြောက်လောက် ရှိပြီထင်တယ်"

"အများကြီး ကွာတာပဲနော်"

'ဦး' က ပြုံးကာ ခေါင်းညိတ်နေလေသည်။ 'မ' နဲ့ သူနဲ့ကိုး နှစ်တိတိကွာတာ 'မ' ကော သူပါ သိကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန် သူက ဆယ်တန်းကျကာ စိတ်လေနေသူဖြစ်ကာ 'မ' က မဟာဝိဇ္ဇာဘွဲ့ရပြီးသူ တစ်ယောက်ဖြစ်နေခဲ့ပါပြီ။

ပညာခြင်းကွာခြားသလို အခြေအနေကလည်း မိုးနဲ့မြေလို ကွာခြားခဲ့ကြတာ အဖြစ်ပါ။

ဒါကို သူကော 'မ' ပါ သိနေခဲ့ကြပါသည်။ ပြန်မတွေးချင်ပေမယ့်လည်း သတိရကာ မျက်နှာက မှုန်မှိုင်းအသွား 'ရာဇ' က သူ့ဖါသူ တစ်ယောက်တည်း ပြောနေလေသည်။

"မာမီက အဲ့ဒီအကြောင်းတွေ 'ရာဇ' ကို တစ်ခါမှ မပြောဘူးခဲ့ဘူး"

"မပြောဆို 'မ' က 'ဦး' ကို မခင်လို့ဖြစ်မှာပါ"

'ဦး' ပြောတာလည်း ဖြစ်နိုင်ပါသည်။ 'ဦး' နဲ့ စတွေ့တည်းက မာမီပုံစံက မပတ်သက်ချင်မှန်း သိသာလှသည်။

'ဦး' က ဟက်ကနဲရယ်ကာ 'ရာဇ' ကို လှမ်းပြောပါသည်။

"အဲ့ဒီအချိန်က 'ဦး' က အရမ်းဆိုးခဲ့တယ်လေ"

သားဆိုးအမေ တပေပေ၊ လင်ဆိုးမယား တဖါးဖါးဘဝဖြင့် အမေ့ကို 'အထွန်း' ဂျစ်တိုက်နေချိန်ဖြစ်ပါသည်။

ပြန်မတွေးချင်သော်လည်း 'မ' နဲ့ ပြန်တွေ့ပြီးတည်းက ဒီအကြောင်းတွေက 'အထွန်း' ရင်ထဲကို အချိန်ပြည့် ဝင်ရောက်လာသော အတွေးများပါ။

'မ' ကော ဒီအကြောင်းတွေကို သတိမရဘဲ နေမလား။ ဒါပေမဲ့ 'မ' က ဟန်ဆောင် ကောင်းလွန်းလှပါသည်။

'မ' ကို သတိရစိတ်ဖြင့် ဖုန်းလေးကိုအကိုင် ဖုန်းမြည်သံလေးကြားလိုက်ရတာကြောင့် ဖုန်းနံပါတ်ကိုအကြည့်...

www.burmeseclassic.com

www.burmeseclassic.com



" 'ဦး' လားဟင်"

" 'ရာဇ'…"

သူ့နှုတ်မှ တအံ့တသြ ရေရွတ်လိုက်မိပါသည်။ သူက 'မ' ကို သတိရနေပေမယ့် သူ့ကို သတိရနေသူက 'ရာဇ' ပါလား။

နာရီကိုအကြည့် ညတစ်နာရီ ရှိနေပြီဆိုတာကို သတိထား လိုက်မိပါသည်။

"အိပ်မရလို့ 'ဦး' ဆီ ဖုန်းဆက်တာ အနှောင့်အယှက်ဖြစ် သွားလား"

"No No ... No Problem ... 'ဦး' လည်း အတူတူပါပဲ"

"မာမီနဲ့ အဆင်မပြေလို့လားဟင်"

'အထွန်း' သောက်လက်စ စီးကရက်ကို ပြာခွက်ထဲ ထိုးခြေ လိုက်မိပါသည်။

မနက်ဖြန်ပင် 'မ' နဲ့ တွေ့ဖို့ ချိန်းထားပြီးပြီပဲ။

"မဟုတ်ပါဘူး… အလုပ်ကိစ္စတွေ စဉ်းစားနေလို့ပါ"

"သိပါဘူး… 'ရာဇ' က မာမီနဲ့များ ပြဿနာဖြစ်လာလို့လား လို့ပါ"

" 'မ'… ဘာပြောလို့လဲ"

" 'ဦး' နဲ့ ခပ်ကင်းကင်းနေရမယ်တဲ့… 'ဦး' ဟာ လူဆိုးလား လူကောင်းလား မသိဘူးတဲ့"

'အထွန်း' သက်ပြင်းကို ချလိုက်မိပါသည်။ 'မ' သူ့အပေါ် ဘာဖြစ်လို့များ စိမ်းကားရက်စက် သွားရတာပါလိမ့်။

သူကတော့ 'မ' ကို ပြန်တွေ့ရလျှင် ပျော်နေခဲ့မိတာပါ။

ခုတော့ ပျော်နေတဲ့ သူ့စိတ်တွေကို 'မ' စကားတွေက တစစီ

www.burmeseclassic.com

www.burmeseclassic.com



ဖျက်ဆီးပစ်နေလေသည်။

'အထွန်း' ခပ်ပေါ့ပေါ့ရယ်လိုက်ရင်း 'ရာဇ' ကို လှမ်းမေးလိုက်မိပါသည်။

" 'ရာဇ' ကကော 'ဦး' ကို ဘယ်လိုထင်လဲ"

"လူကောင်းတစ်ယောက်လို့ပဲ ထင်တာပေါ့... မဟုတ်ဘူးလား"

"မပြောတတ်ဘူးလေ"

သူရယ်တော့ 'ရာဇ' ကပါ လိုက်ရယ်ရင်း...

" 'ရာဇ' ကတော့ မာမီ ပြောသလို ခပ်ကင်းကင်းမနေနိုင်ပါဘူး... 'ဦး' ကို 'ရာဇ' ခင်တယ်... 'ဦး' ကော 'ရာဇ' ကိုခင်လား"

"ခင်ပါတယ်... 'ဦး' တွေ့ဖူးသမျှ ကောင်မလေးတွေထဲမှာ 'ရာဇ' က ခင်စရာအကောင်းဆုံးပါ"

ဒီစကားကိုတော့ 'အထွန်း' ရင်ထဲက လာတဲ့အတိုင်း ပြောမိတာပါ။

'ရာဇ' ပုံစံကလည်း တကယ့်ကို အဖြူရောင်သက်သက်လေးပါ။

'ရာဇ' မျက်လုံးလေးတွေက တကယ့်ကို ရိုးသားဖြူစင်ကာ အပြစ်ဆို မြူတစ်မှုန်မျှပင် မမြင်ရအောင် ကြည်လဲ့နေလေသည်။

ဒီလို ကောင်မလေးမျိုးကို သူ မခင်ဘဲ နေနိုင်ပါ့မလား။

သူ့စကားကြောင့် 'ရာဇ' က ကျေနပ်စွာ ရယ်မောရင်း နှုတ်ဆက်လေသည်။

" 'ဦး' စကားကြောင့် 'ရာဇ' ပျော်သွားပြီ... Good Night 'ဦး' "

"Good Night 'ရာဇ'.... see you "

"see you 'ဦး'... ဘိုင့် ဘိုင်"

www.burmeseclassic.com

www.burmeseclassic.com



"ဘိုင့် ဘိုင်"

ဖုန်းခလုတ်ကို ပိတ်လိုက်ပေမယ့် ဖုန်းကိုမချဖြစ်သေးဘဲ 'မ' ကို သတိရနေမိပါသည်။

ခုချိန် 'မ' ကော အိပ်နေလေပြီလား။

'မ' ဆီကို ဖုန်းဆက်ချင်ပေမယ့် 'မ' ရဲ့ ဖုန်းနံပါတ်က သူ့ဆီမှာ မရှိပါ။ ရှိခဲ့မယ်ဆိုရင်လည်း 'မ' သူ့ကို ပေးမည်မထင်ပါ။

ကုတင်နောက်မှီပေါ် ခေါင်းအုံးကိုမှီထိုင်ရင်း 'မ' ရဲ့ စိမ်းကားတဲ့ မျက်ဝန်းများကို အမှတ်ရနေမိပါသည်။

ပြီးတော့ စိမ်းကားရက်စက်တဲ့ 'မ' ရဲ့ စကားသံများ။

အရင်တုန်းက 'မ' ဒီလို မဟုတ်ပါဘူး။

'အထွန်း' အပေါ်ကိုလည်း ယုယကြင်နာလွန်း၍ 'အထွန်း' 'မ' ရဲ့ အကြင်နာရေစီးကြောင်းမှာ အလိုက်သင့်လေး မျောပါခဲ့တာပဲ ကြည့်ပါလား။

ခုတော့ 'မ' ရဲ့ စိမ်းကားရက်စက်မှုတွေက 'အထွန်း' ရဲ့ နှလုံး သားကို ဓါးထက်ထက်နဲ့ ပါးပါး မွှန်းနေသလို 'အထွန်း' ရင်ထဲမှာ ပြင်းပြစွာ ခံစားနေရလေသည်။

တစ်လက်စတည်း 'မ' နဲ့ ဟိုးအရင်တုန်းက ဆုံခဲ့ရတဲ့ ပြင်ဦးလွင် ကို သတိရလာမိသည်။

'မ' ကော သူ့လိုပဲ သတိမရဘဲ နေမလား။ တကယ်တော့ အတိတ်ဆိုတာ မမေ့အပ်၊ မမေ့ကောင်းတဲ့ အရာဆိုတာ 'မ' လည်း သိနေမှာပါလေ။

မအိပ်ချင်သေးတာမို့ စီးကရက်တစ်လိပ်ကို မီးညှိကာ အငွေ့ စီးကရက် မီးခိုးများနဲ့အတူ သူ့အတွေးတွေကလည်း ဟိုးလွန်ခဲ့တဲ့ အ

www.burmeseclassic.com

www.burmeseclassic.com



နှစ်,နှစ်ဆယ် ဝန်းကျင်ကို အပြေးအလွှား ပြန်လည်ကာ ရောက်ရှိသွားပါတော့သည်။

'အထွန်း' လိုပင် 'မ' ကိုယ်တိုင်လည်း 'အထွန်း' နဲ့ဆုံဆည်းခဲ့ရသော ပြင်ဦးလွင်ကို ပြန်လည်ကာ သတိရနေမိပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



# ၁၆

ပန်းမြို့တော်ဟုခေါ်သော ပြင်ဦးလွင်ကို ဒီတစ်ခါ 'သိုက်' ရောက်လာခဲ့ရတာ ဖိုးဖိုး အတွက်ကြောင့်ပါ။

လူကြီးရောဂါဖြင့် ဖိုးဖို အိပ်ယာထဲလဲနေတော့ ဖိုးဖိုးကို ပြုစုဖို့ 'သိုက်' တာဝန်ဖြစ်လာခဲ့ပါသည်။

ဒီကမ္ဘာလောကမှာ ဖိုးဖိုး အချစ်ဆုံးမြေးလေးက 'သိုက်' ပဲ မဟုတ်ပါလား။

'သားသမီးအချစ် မြေးအနှစ်' ဆိုတဲ့အတိုင်း သားဖြစ်သူ ဖေဖေ့ထက် မြေးဖြစ်သူ 'သိုက်' ကို ဖိုးဖိုးက ပိုမိုချစ်ခဲ့လေသည်။

အစစအရာရာ လိမ္မာတဲ့အပြင် ဖိုးအေကိုလည်း အလိုက်သိသိဖြင့် ပြုစုယုယတတ်တာကြောင့် 'သိုက်' နွေရာသီ ကျောင်းပိတ်ရက်တိုင်း ဖိုးဖိုးဆီကို လာနေခဲ့ရတတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ခုလို ကျောင်းပြီးသွားပြီဆိုလျှင်တော့ ဖိုးဖိုးရဲ့တာဝန်က 'သိုက်' ရဲ့ တာဝန်လို ဖြစ်လာခဲ့ပါပြီ။

အသက်အရွယ် ကြီးရင့်လာပြီမို့ ဖေဖေက သူတို့အိမ်ရှိရာ မန္တလေးကိုပြောင်းကာ လာနေစေချင်ပေမယ့် ဖွားဖွား ခေါင်းချသွားတဲ့အရပ်မို့ ဖိုးဖိုးက နည်းနည်းလေးမှ မခွာချင်ပါ။

ပြီးတော့ ဒီအရပ် ဒီဒေသကလည်း သူ ကြီးပြင်းလာရာဒေ　သဆိုတော့ သူ ပြင်ဦးလွင်မှာပဲ ပျော်သည်။

သစ်တောလမ်းရှိ ဖိုးဖိုးပိုင် နှစ်ထပ်ပျဉ်ထောင်အိမ်မဲကြီး၏ အပေါ်ထပ်တွင် ဖိုးဖိုးနေကာ အောက်ထပ်မှာတော့ 'ကိုမိုးလုံး' တို့ လင်မယားနေကြလေသည်။

'ကိုမိုးလုံး' က ဖိုးဖိုး၏ ဒရိုင်ဘာဖြစ်ကာ အားလျှင် ခြံအလုပ်ကိုပါ ဝိုင်းကူလုပ်ပေးရလေသည်။

'ကိုမိုးလုံး' ၏ မိန်းမ 'မအေးမှုံ' က အိမ်ကိစ္စဗာရီယနဲ့ ဖိုးဖိုးကို ပြုစုစောင့်ရှောက်ပေးရသူ ဖြစ်ပါသည်။ လင်မယားနှစ်ယောက်လုံးကြိုးစားကာ ဖိုးဖိုး အရေးပိုင်ဘဝထဲက 'ကိုမိုးလုံး' ဖခင် 'ဦးမိုး' က ဖိုးဖိုးရဲ့ လက်အောက်တွင် အမှုထမ်းခဲ့တာမို့ ငယ်ကြောက်ဖြစ်ကာ သားစဉ်မြေးဆက် ဖိုးဖိုးကို ရိုသေနေကြသူတွေလည်း ဖြစ်ပါသည်။

ဖိုးဖို ချူခြာလာတာကလည်း ခုမှပါ။ ဒီအရင်ကဆို မာလိုက်ချာလိုက်တာမှ တုတ်ကောက်တစ်ချောင်းဖြင့် တစ်မြို့လုံးကို ပတ်နေတတ်သူပါ။

ခုနောက်ပိုင်း အသက်ခုနစ်ဆယ်အတွင်း ဝင်လာပြီဆိုတော့ ဖိုးဖိုး အနည်းငယ် ချူခြာလာသည်။

www.burmeseclassic.com

www.burmeseclassic.com



'သိုက်' ဖိုးဖိုးရဲ့ ပိန်လှီသွားသော လက်ချောင်းလေးတွေကို ကိုင်အကြည့် ဖိုးဖိုးက နွမ်းနယ်စွာပြုံးသည်။

"အသက်ကြီးလာတော့လည်း ဒီလိုပဲပေါ့ မြေးရယ်... အိမ်က ဖီးယက်ကားကြီးလိုပဲပေါ့... အသစ်တုန်းကတော့ ဒေါက်ဆို ဝှီးပဲ ခုတော့ စက်နှိုးရတာကိုက သူ့ကိုချော့ပြီး နှိုးနေရသလိုပဲ... တဂျီး ဂျီးနဲ့ နှိုးမှ မနှိုးနိုင်တော့ဘဲ... ဖိုးဖိုး ကိုယ်တိုင်လည်း ဖိုးဖိုးမနည်း ကြိုးစားပြီး မ ထနေရသလိုမျိုးပေါ့"

"ဖိုးဖိုးကလည်း အလကားအားငယ်တဲ့ စကားတွေ ပြောနေတာကို... ဖိုးဖိုး နေပြန်ကောင်းလာမှာပါ... 'သိုက်' လည်း ဖိုးဖိုး အနားကို ရောက်လာမှပဲ"

ဖိုးဖိုးက 'သိုက်' ကိုကြည့်ကာ ပြုံးနေပါသည်။ ကွယ်လွန်သွားတဲ့ ဇနီးသည်နဲ့ ချွတ်စွပ်တူသော မြေးလေးမို့ ဒီမြေးလေး ရောက်လာတိုင်း သူ ပျော်ရပါသည်။

"ခု မြေးလေးက ကျောင်းပြီးသွားပြီလား"

"ပြီးပြီ ဖိုးဖိုး... မဟာဝိဇ္ဇာလည်း ဖြေပြီးသွားပြီ"

"လိမ္မာလိုက်တာ... မြေးလေးက ဘာလုပ်မှာလဲ"

"ခုတော့ ဘာမှ မစဉ်းစားသေးပါဘူး... ဖိုးဖိုးကိုပဲ ပြုစုဖို့ 'သိုက်' စဉ်းစားထားတယ်... ဖိုးဖိုး နေကောင်းသွားမှ 'သိုက်' ဘာလုပ်သင့်တယ်ဆိုတာကို စီစဉ်တော့မယ်"

"ဖိုးဖိုးကတော့ ငါ့မြေးလေးကို တက္ကသိုလ်က ဆရာမကြီး ဖြစ်စေချင်တယ်"

'သိုက်' ကိုယ်တိုင်လည်း ဖိုးဖိုးနည်းတူ တက္ကသိုလ်မှာ ဆရာမ လုပ်ဖို့ပဲ စိတ်ကူးထားတာပါ။

www.burmeseclassic.com

www.burmeseclassic.com



"မြေး ဖေဖေကကော ဘာပြောလဲ"

"ဖေဖေကတော့ စီးပွားရေးပဲ လုပ်စေချင်တာပေါ့… ဒါပေမဲ့ 'သိုက်' သဘောပါပဲလေ"

ကျောက်မျက်ဆိုင်ဖွင့်ကာ စီးပွားဖြစ်နေသော ဖေဖေက 'သိုက်' ကို သူနဲ့အတူ စီးပွားလုပ်စေချင်ပေမယ့်လည်း 'သိုက်' ဆန္ဒမပါဘဲ မလုပ်စေချင်ပါ။

"စီးပွားရေးသမားဆိုတာ ပညာမတတ်လည်း ခေါင်းကောင်း ယုံနဲ့ ဖြစ်ပါတယ် မြေးရယ်… ငါ့မြေးက ပညာတွေ ဒီလောက်တတ် နေမှပဲ… ကျူတာပဲ လုပ်ပါ"

"ဟုတ်ကဲ့ပါ ဖိုးဖိုး"

ဖိုးဖိုး ကျေနပ်သလို မျက်လုံးကိုပိတ်ကာ မှိန်းနေပါသည်။ လူကြီးရောဂါဆိုတော့လည်း ဖိုးဖိုးအခြေအနေက တိုးတက်လာခြင်း မရှိသလို အရမ်းကာရော ဆုတ်ယုတ်သွားခြင်းလည်း မရှိပါ။

အပြုစုကောင်းလျှင် ပြန်ကောင်းလာနိုင်တဲ့ အခြေအနေမို့ 'သိုက်' ခုချိန်မှာ ဖိုးဖိုးကိုပဲ ပြုစုဖို့ စိတ်ကူးထားတာကြောင့် အောက် ထပ်ကို ဆင်းလာခဲ့လိုက်ပါသည်။

အောက်ထပ်တွင် 'မအေးမှုံ' က ဖိုးဖိုးအတွက် ဆန်ပြုတ် ပြုတ်နေလေသည်။ လူမမာဆိုတော့ အားရှိတာလေး ကျွေးချင်တာ ကြောင့် 'သိုက်' ကိုယ်တိုင် ဈေးသွားဖို့ ဆုံးဖြတ်ကာ 'မအေးမှုံ' ကို လှမ်းမေးလိုက်မိပါသည်။

" 'ကိုမိုးလုံး' ကော 'မအေးမှုံ' "

"ခြံထဲမှာ မြက်ရှင်းနေလား မသိပါဘူး… ခေါ်ပေးရမလား 'သိုက်' "

www.burmeseclassic.com

www.burmeseclassic.com



"နေ နေ… 'သိုက်' ပဲ ဆင်းသွားလိုက်ပါ့မယ်"

'သိုက်' အပေါ်ထပ်ပြန်တက်ကာ ပိုက်ဆံအိတ်ယူပြီး ခြံထဲကို ဆင်းလာခဲ့လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၇

"'ကိုမိုးလုံး' 'သိုက်' ကို ဈေးလိုက်ပို့ပေးပါလား… ဖိုးဖိုးအတွက် ကြက်ပေါင်းလေး လုပ်ပေးရင် ကောင်းမလားလို့"

"သွားလေ… ကျွန်တော် လက် ရေဆေးပြီး လာခဲ့မယ်"

'ကိုမိုးလုံး' ဟုသာ 'သိုက်' ခေါ်နေပေမယ့် 'ကိုမိုးလုံး' က လေးဆယ်ကျော်နေပါပြီ။ ဒါပေမဲ့ အသားဖြူဖြူ အရပ်ခပ်ပြတ်ပြတ်မို့ 'ကိုမိုးလုံး' က အရွယ်တင်သည်ဟု ဆိုရပါမည်။

သူ့ဇနီး 'မအေးမှုံ' က အသက်သုံးဆယ်သာ ရှိသေးသော်လည်း ကိုယ်ဟန်က တုတ်ခိုင်ကာ ဘီးကျော်ပတ်ကြီးနဲ့ဆိုတော့ 'ကိုမိုးလုံး' နဲ့ မတိမ်းမယိမ်း ထင်ရလေသည်။

'ကိုမိုးလုံး' မိဘတွေ လက်ထက်တည်းက ဖိုးဖိုးရဲ့လက်အောက်မှာ နေလာခဲ့ကြတာမို့ 'ကိုမိုးလုံး' တို့ပုံစံက အမျိုးအရင်း

www.burmeseclassic.com



လိုဖြစ်ကာ ရိုကျိုး၍ နေပါပြီ။

ဒါတွေကြောင့်လည်း ဖေဖေက ဖိုးဖိုးကို 'ကိုမိုးလုံး' တို့နဲ့ စိတ်ချထားတာဖြစ်သည်။

ကျွန်မတွေးနေဆဲ 'ကိုမိုးလုံး' မောင်းလာတဲ့ ဗီးယက်ကား အပြာလေးက ကျွန်မရပ်နေရာ ဆင်ဝင်အောက်ကို ထိုးဆိုက်လာပါသည်။

"ဈေးကိုပဲ သွားမှာလား"

"ဟုတ်ကဲ့... ဈေးကိုပဲ မောင်းပေးပါ... ဖိုးဖိုးအတွက် လိုအပ်တာလေးတွေ ဝယ်ချင်လို့"

အပြန်မှ ဆွယ်တာဆိုင်ကိုဝင်ကာ ဖိုးဖိုးအတွက် အပ်ထားတဲ့ မာဖလာ ဝင်ယူပေးရပါမည်။

'သိုက်' အတွက်လည်း ဆွယ်တာ အဝါလေးတစ်ထည် အပ်ထားသေးသည်။ မန္တလေးနဲ့ ရန်ကုန်မှာက ဆွယ်တာ သိပ်မဝတ်ရပေမယ့် ပြင်ဦးလွင်မှာကတော့ ထာဝစဉ် အအေးပိုနေတတ်တာမို့ ဆွယ်တာမရှိလို့ မဖြစ်ပါ။

ခု ဝတ်လာတဲ့ ဆွယ်တာအပြာလေးက ပြီးခဲ့တဲ့အခေါက် လာတုန်းက ထားခဲ့တာ။ ယုန်မွေးဆွယ်တာလေးဆိုတော့ ပိုးပေါက်လေးတွေပင် ဖြစ်ချင်နေပြီ။

ဆွယ်တာရွေးရင်း ယုန်မွေးချည် အပြာလေးပါ တစ်ပါတည်း ဝယ်ရမည်အတွေးဖြင့် ဆွယ်တာလေးကို ငုံ့အကြည့်...

"အမယ်လေး"

ကားက ရုတ်တရက် ဘေးစောင်းသွားတာကြောင့် ရှေ့ဘက်ကို ကပြာကယာ လှမ်းအကြည့်...

www.burmeseclassic.com

www.burmeseclassic.com



"တောက် 'ရွှေမိ' မှ ဟုတ်ရဲ့လား မသိဘူး… ဟော့ကောင် မင်းသေချင်ရင် ဒီပြင့်မှာသွားသေ… ငါနဲ့လာ မပတ်သက်နဲ့"

ရုတ်တရက် လမ်းထဲကို ချိုးကွေ့ဝင်လာတဲ့ စက်ဘီးတစ်စီးကြောင့် ကားကို အလျင်အမြန်ရှောင်လိုက်ရတာမို့ ဟန်ချက်ပျက်ကာ 'ကိုမိုးလုံး' စိတ်တိုသွားရခြင်းပါ။

ဂျင်းအကျီ ခပ်နွမ်းနွမ်း ဝတ်ထားသော စက်ဘီးပေါ်က ကောင်လေးက 'ကိုမိုးလုံး' မခံချင်အောင် ပြန်အော်သွားသည်။

"ခင်ဗျား မိန်းမ 'မမှုံ' အတွက် စိတ်ပူလို့လား… စိတ်ချ… ကျွန်တော် တာဝန်ယူပေးမယ်"

"မအေပေး"

'ကိုမိုးလုံး' က ဒေါသဖြစ်သလို အော်ဆဲပြီး ကားဂီယာကို ပြန်ချိန်းကာ အထွက်…

"ဘယ်သူလဲ 'ကိုမိုးလုံး' ရယ်… 'သိုက်' ဖြင့် လန့်လိုက်တာ"

"'ကိုမိုးလုံး' တို့ တစ်ဖက်ခြံကို ပြောင်းလာတဲ့ ကောင်လေးလေ… ဒီနှစ် ဆယ်တန်းကျထားတာ"

"ဟုတ်လား… ကောင်လေးပုံစံက ဆိုးဆိုးပေပေလေးနဲ့တူတယ်… ဘာဖြစ်လို့ 'ရွှေမိ' လို့ ခေါ်တာလဲ"

နောက်ဘက်ကို ပြန်လှည့်ကာအကြည့် ခပ်ရှည်ရှည်ဆံပင်ကောက်လေးများက လေထဲမှာ ဝဲပျံနေတဲ့ကြားမှ အသားဖြူဖြူပါးချိုင့်ခွက်လေးနှစ်ဖက် နှုတ်ခမ်းပါးပါးလေးဖြင့် ကောင်လေးပုံစံက ချစ်စရာပုံစံလေးပါ။

ဒါပေမဲ့ ဘာဖြစ်လို့များ စရိုက်က ဆိုးနေရတာပါလိမ့်။

"ဒီကောင် လမ်းထဲကို ပြောင်းလာတည်းက ဟိုနားစီကနဲဖြစ်

www.burmeseclassic.com

www.burmeseclassic.com



လည်း ဒီကောင်... ဒီနား ညံကနဲရန်ဖြစ်လည်း ဒီကောင်မို့ 'ကိုမိုးလုံး' က ဒီကောင့်ကို 'ရွှေမိ' လို့ခေါ်တာ"

'သိုက်' ပြုံးလိုက်မိပါသည်။

"ပုံစံလေးကတော့ ချစ်စရာလေးပါပဲ"

"အင်း ပုံစံကသာ ချစ်စရာကောင်းတာ... လက်သံကတော့ ပြောင်သလားမမေးနဲ့... ဒီလမ်းထဲကို သူတို့သားအဖတွေ ပြောင်းလာပြီးတည်းက အေးအေးဆေးဆေးကို နေရတော့တယ် မရှိဘူး 'သိုက်' ရယ်... သားက လူမိုက်... အဖေက အမူးသမား... 'မမြမူ' စိတ်မချမ်းသာ စရာပါပဲ"

" 'မမြမူ' ဟုတ်လား... ဘယ်သူလဲဟင် 'ကိုမိုးလုံး' "

"အဲ့ဒီ 'အထွန်း' ရဲ့ အမေပေါ့... ရပ်ကလေးက မှုန်နေအောင် လှသလောက် လင်ရကံဆိုးရှာတယ်... သူ့လင်က ရှာမကျွေးတဲ့ အပြင် အရက်ဘိုး ပိုက်ဆံမရရင် 'မမြမူ' ကို ရိုက်သေးတာ"

နားထောင်နေရင်းနဲ့ပင် 'သိုက်' စိတ်ပျက်ရပါသည်။

ဖေဖေကော ဖိုးဖိုးပါ အရက်မသောက်တတ်ကြ၍ ပတ်ဝန်းကျင်တွင် အရက်သမား မရှိပါ။

ဖေဖေက မေမေ့ကို ကြင်နာသလို မေမေကလည်း ဖေဖေ့အပေါ်အလိုက်သိသူမို့ 'သိုက်' တို့ရဲ့ဘဝလေးက ငြိမ်းချမ်းသော မိသားစုလေးပါ။

ဒီမိသားစုလေးထဲမှာပဲ ကြီးပြင်းခဲ့ရတာမို့ 'သိုက်' ဘဝက လည်း ချမ်းမြေ့ငြိမ်းချမ်းလှပါသည်။

ဒီလို ဘဝလေးထဲက 'သိုက်' ဘယ်ကိုမှ မသွားပါရစေနဲ့။

ဈေးဝယ်ပြီး ဆွယ်တာရွေးသည်။ ဆွယ်တာရွေးပြီး အိမ်ကို

www.burmeseclassic.com

www.burmeseclassic.com



ပြန်လာချိန်က ဆယ့်တစ်နာရီ ထိုးလုပါပြီ။

ဖိုးဖိုးလေး ကြက်စွပ်ပြုတ်လေး အမှီလုပ်ပေးချင်တာကြောင့် 'ကိုမိုးလုံး' ကို အမြန်လောလိုက်မိပါသည်။

" 'ကိုမိုးလုံး' မြန်မြန်လေး မောင်းပေးပါ... ဖိုးဖိုးကို ကြက်စွပ်ပြုတ်လေး တိုက်မလို့"

နေ့လည်တွင် ကြက်ဥပေါင်းလေး လုပ်ပေးဖို့လည်း ကြက်ဥ ဝယ်လာသေးသည်။ နွားနို့ကတော့ အိမ်မှာ နေ့စဉ်ယူတာဆိုတော့ အရေးမကြီး။

အိမ်ရှိရာ သစ်တောလမ်းထဲအဝင် ကားက တုန့်ကနဲ ရပ်သွားပါသည်။

ကားရှေ့မှာ ပိတ်ရပ်နေကြသူတွေက ကောင်လေးသုံးယောက်နှင့် ကောင်မလေးတစ်ယောက်။

ပုံစံက ပြဿနာ ဖြစ်နေပုံပင်။ ကောင်လေးနှစ်ယောက်က တစ်ဖက်ဖြစ်ကာ ကောင်မလေးတစ်ယောက်နှင့် ကောင်လေးတစ်ယောက်က တစ်ဖက်ဖြစ်ပုံရသည်။

ထိုအထဲ,ထဲကမှ တုတ်ကိုင်ထားတဲ့ ကောင်လေးတစ်ယောက်က ကောင်လေး နှစ်ယောက်ကို စိမ်ခေါ်နေလေသည်။

"မင်းတို့ သတ္တိရှိရင် ရှေ့တိုးလေ"

"မင်းကွာ... ဘလိုင်းကြီး... ငါတို့ဖါသာ သူ့ကိုကြိုက်လို့ လိုက်တာ ဘာဖြစ်လဲ .... မင်းနဲ့ဘာဆိုင်လဲ ... ဘာလဲ မင်းက ကောက်ရိုးပုံစောင့်တဲ့ ခွေးလား"

"ဟာကွာ ... ပြောလေ ကဲလေပါလား"

ကျွန်မတို့ကြည့်နေဆဲ တုတ်ကိုင်ထားတဲ့ ကောင်လေးက

www.burmeseclassic.com

www.burmeseclassic.com



အခြားကောင်လေးနှစ်ယောက်ကို ဝင်ရိုက်ကာ ထိုကောင်လေးကို တော့ ကောင်မလေးက အတင်းဆွဲနေတာ တွေ့ရပါသည်။

"မလုပ်ပါနဲ့ 'ကိုထွန်း' ရယ် ... ပြဿနာတွေ တက်ကုန်ပါ့ မယ်"

"ဘာ ... အခုမှ နင်က ငါ့လာဆွဲနေတာလဲ 'ဘင်္ဂ' ... နင်နန့်လို့ သူတို့ လိုက်လာတာ မဟုတ်ဘူးလား"

"ငါ မနန့်ပါဘူး 'ကိုထွန်း' ရယ် ... စာအုပ်သွားငှားတာကို သူ တို့ဖာသာ သူတို့အတင်းလိုက်လာကြတာပါ"

ကောင်လေးက ကောင်မလေးလက်ထဲမှ အတင်းရုန်းထွက် ကာ တစ်ဖက်မှ ကောင်လေးတွေကို တုတ်နဲ့အချ တစ်ဖက်မှ ကောင် လေးတွေကလည်း တွေ့ရာ အုတ်ခဲကျိုးကို ကောက်ကာ 'အထွန်း' ဆိုတဲ့ ကောင်လေးကို ပြန်ထုမည်လုပ်နေပါ၍ ကျွန်မ အော်လိုက်မိ ပါသည်။

" 'ကိုမိုးလုံး' လုပ်ပါအုံး ... သေကုန်ကြတော့မှာပဲ"

"ဒီကောင် 'ရွှေမိ' ရောက်လာမှ ငါတို့လည်း အေးအေးကို မနေရဘူး... ဟေ့ကောင်တွေ မင်းတို့ ဘာလုပ်နေကြတာလဲ"

'ကိုမိုးလုံး' က ကားပေါ်က တွေ့ရာ တုတ်တစ်ချောင်းကို ဆွဲကာ ပြေးဆင်းသွားမှ ကောင်လေးတွေခဲကိုချကာ စက်ဘီးစီး ရင်း ပြေးထွက်သွားပါတော့သည်။

ဒါတောင် 'အထွန်း' ဆိုတဲ့ ကောင်လေးက မလျှော့သေးပါ။ ကောင်လေးတွေကြားအောင် လှမ်းအော်လိုက်ပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့ကွာ... ခုချိန်တော့ မင်းတို့ပြေးထားနှင့်အုံးပေါ့ ... နောက်တစ်ခါ ငါ့လက်ရာကို အဝကျွေးပြီးမှ ပြန်ကိုလွှတ်မှာ"

"တော်စမ်းပါတော့ 'ရွှေမိ' ရာ ... မင်းဥစ္စာကလဲ ပြီးကို မပြီး နိုင်ဘူး...."

"'ဦးမိုးလုံး' ကလဲ ဒီကောင်တွေက ဟိုဖက်ရပ်ကွက်ကနေ ဒီဖက်ကို လာကြောတာတော့ မပြောဘဲ ... ကျွန်တော့်ပဲ စွတ်တင်နေတော့တာကိုး"

"တင်ရတာပေါ့ကွ ... တစ်နေ့တစ်နေ့ မင်းကိစ္စပဲ... ငါတို့ရှင်း နေရတာ မင်းအမေလည်း သနားပါအုံး"

'ကိုမိုးလုံး' ပြောနေဆဲ အသက်လေးဆယ်ဝန်းကျင်ခန့်ရှိ မိန်းမတစ်ယောက် သူတို့ဆီကို အပြေးအလွှား ရောက်လာတာ တွေ့လိုက်ရပါသည်။

အသားဖြူဖြူ နဖူးကျယ်ကျယ်လေးနဲ့ပေမယ့် ထိုမိန်းမရဲ့ ပုံစံက ချောချောမွေ့မွေ့ နုနုနယ်နယ်ပုံစံလေးပါ။

ကျွန်မ ကားပေါ်က ငေးကြည့်နေဆဲ ထိုမိန်းမက 'အထွန်း' ဆိုတဲ့ လူရွယ်နားကိုး တိုးသွားကာ စိုးရိမ်သလို လှမ်းပြောနေတာ တွေ့လိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# ၁၈

“ဘာဖြစ်ရပြန်တာလဲ ‘အထွန်း’ ရယ်… မေမေလန့်လိုက်တာကွယ်”

“ ‘ဘဂ်’ ပေါ့မေမေရဲ့ … စာအုပ်ဆိုင်က စာအုပ်ငှားပြီး ပြန် လာတာ ရိုးရိုးပြန်မလာဘူးလေ… ဘယ်က အမှိုက်သရိုက်တွေ သယ်လာမှန်းမသိလို့ ရှင်းမလို့ဥစ္စာ ဟောဒီ ‘ဦးမိုးလုံး’ ကြီး ရောက်လာလို့ပေါ့”

‘အထွန်း’ က မကျေမနပ်အပြော ‘ဦးမိုးလုံး’ က မခံရပ်နိုင်စွာ ‘အထွန်း’ ကို လှမ်းအော်လေသည်။

“အမယ်လေး… ငါ ရောက်လာလို့ မင်းတို့ ဒီလောက်နဲ့ရပ်သွားတာ မဟုတ်ဘူးလား… နင်မို့ဆို မင်းလည်း ကွဲပြီလို့ ခုလောက်



www.burmeseclassic.com

www.burmeseclassic.com



ဆို အချုပ်ထဲ ရောက်နေလောက်ပြီ… မျောက်လို မျက်စေ့သူငယ်နဲ့ နေနေရပြီ”

“ရောက်စရာလားဗျ… ‘အထွန်း’ ပဲဥစ္စာ … ‘ဦးမိုးလုံး’ သာ ရောက်မလာရင် ဒီကောင်တွေ ဖလက်ပြပြီး ခုလောက်ဆို ယမမင်း နဲ့ အင်တာဗျူးနေရလောက်ပြီ”

‘အထွန်း’ ဆိုတဲ့ ကောင်လေးက ဒေါသဖြင့် မကျေမချမ်းအ ပြော သူ့အမေက ဆူနေလေသည်။

“သားကလဲကွယ်… အလကားနေ ဒေါသကြီးနေတာကိုး … ‘ဦးမိုးလုံး’ က သားကို စေတနာနဲ့ ပြောနေတာလေ… ဘာလို့ ပြန် ပြောနေရတာလဲ”

“ဘာ စေတနာလဲ… ဘက်လိုက်တဲ့ စေတနာလား… တကယ် ဆို ကျွန်တော်လုပ်တာ မှားနေလို့လား”

“မှားတော့ မမှားဘူးပေါ့ကွာ … ဒါပေမယ့် ထစ်ကနဲဆို တုတ်တပျက် ဓါးတပျက်ဖြေရှင်းတာထက် အေးအေးဆေးဆေး ဖြေရှင်းရင် ပိုမကောင်းဘူးလား”

“ဒါပေမယ့် အခြေအနေကမှ အေးဆေးဖြေရှင်းဖို့ ဖြစ်မလာ တာ… ကျွန်တော့် နေရာမှာ ‘ဦးမိုးလုံး’ ဆိုရင်ကော ဘယ်လိုဖြေရှင်း မလဲ”

“ဟ… ငါကမင်းမှ မဟုတ်တာ ‘ရွှေမိ’ မလုပ်နိုင်ပါဘူး… ဒီလို ပဲ ကြည့်နေလိုက်မှာပေ့ါ”

“သိတယ်… ဒါကြောင့် ခင်ဗျားကြီးဘဝက ဒီလိုပဲ ဖြစ်နေ တာ… တကယ်တော့ ‘ဘင်္ဂ’ ဟာ တခြားလူမဟုတ်ဘူး… ကျွန်တော့် သူငယ်ချင်း ‘ထင်ရ’ ရဲ့ညီမ… ကိုယ့်ညီမလေးတစ်ယောက်လို သူ

www.burmeseclassic.com

www.burmeseclassic.com



များ လာစော်ကားတာကို ကျွန်တော်ကြည့်မနေရက်လို့ဝင်ပါတာ… ခင်ဗျားကြီးလို စိတ်ဓါတ်သာရှိရင် ခင်ဗျားကြီးလဲ ကျွန်တော့်ကို 'ရွှေမိ'လို့တောင် ခေါ်မှာ မဟုတ်ဘူး"

'အထွန်း' မဲ့ရွဲ့ကာအပြော 'အထွန်း' ရဲ့အမေဖြစ်သူက ဝင်ဟန့်ပါသည်။

"သားရယ်… ဘာတွေလျှောက်ပြောနေတာလဲ 'ကိုမိုးလုံး' က သားအတွက် ပြောနေတာလေ"

"ဘာ… သားအတွက်လဲ သူ့အတွက် သူပြောနေတာ… လောကကြီးမှာ လူတိုင်းလူတိုင်း သူ့လိုတစ်ကိုယ်ကောင်းဆန်တဲ့ စိတ်တွေသာ ရှိနေကြမယ်ဆိုရင် ဖြစ်ချင်တာဖြစ်ကုန်မှာပေါ့… တကယ်လို့ အခုဖြစ်တာလဲ 'ဘဂ်' မဟုတ်ဘဲ သူ့မိန်းမ 'ဒေါ်အေးမှုံ' ဆို သူဘယ်လိုနေမလဲ… သူပြောသလိုပဲ "မလုပ်ပါနဲ့ ငါ့တူတို့ရယ်… ဒါဦးလေးမိန်းမပါလို့" 'ဖယဉ်ကျူး' နေမှာလား"

မှန်တာကို ပြောတော့လည်း 'အထွန်း' အမုန်းခံရတာပဲ အဖတ် တင်ပါသည်။

"တော်ပြီကွာ … နောက် မင်းဖာသာမင်း ဖြစ်ချင်တာဖြစ် ငါ ဝင်မပါတော့ဘူး"

'ကိုမိုးလုံး' က တုတ်ကိုပစ်ချကာ ရက်ဒေါသနှင့်အပြော 'အထွန်း' ရဲ့အမေက အားနာသလို ဝင်ပြောပါသည်။

"ခက်တာပဲ သားရယ်… ကိုယ့်အတွက်ပြောလို့ ပြောမှန်းလဲ မသိပါလား… 'ချစ်ချစ်' ကလဲ မင်း 'ကိုထွန်း' ကို မဆွဲဘူးလား"

" 'ချစ်ချစ်' လဲဆွဲပါသေးတယ် ဒေါ်လေးရယ်… 'ကိုထွန်း' ကိုက ဒေါသကြီးနေတာ"

www.burmeseclassic.com

www.burmeseclassic.com



'ချစ်ချစ်' ဆိုတဲ့ ကောင်မလေးကအပြော 'အထွန်း' ဆိုတဲ့ ကောင်လေးရဲ့ ဒေါသမြားဦးက ကောင်မလေးဘက်လှည့် သွားကာ ကောင်မလေးကို အော်ပါတော့သည်။

"အေး... နင်ကပဲ ငါ့ကို ပြောရတယ်ရှိသေးတယ်... နင်ညိုမြ လုပ်လာလို့ ဟိုကောင်တွေ လိုက်လာတာ မဟုတ်ဘူးလား... နင် သာကောင်းကောင်းမွန်မွန် သွားရင် ဟိုကောင်တွေ လိုက်လာရဲမ လား... နင့်အစ်ကို 'ထင်ရ' မျက်နှာရှိလို့နော် ... နင့်မို့ဆို နေသာသပ လေညှာကပဲ"

"ကဲပါ... တော်ကြပါတော့ကွယ် ... နင်ဟာ ပြဿနာကောင် ပဲ 'အထွန်း'... နင့်ကြောင့် ငါစိတ်ညစ်ပါတယ်... အဖေကတစ်မျိုး သားကတစ်မျိုးနဲ့"

'အထွန်း' ရဲ့ မိခင်ဖြစ်သူက ဝမ်းနည်းစွာ မျက်ရည်အကျ ... 'အထွန်း' ဆိုတဲ့ ကောင်လေးက ဒေါသနှင့် အမေဖြစ်သူကို အော်ပါ တော့သည်။

"အမေတို့ကလဲ ထစ်ကနဲဆို 'အထွန်း' ပဲ... အခု 'အထွန်း' လုပ်တာ မှားနေလို့လား"

"မှန်တယ်ဆိုအုံးတော့ ရိုက်တာနှက်တာဟာ ကောင်းတဲ့ အ လုပ်လား"

"ဒါဆို အဖေအရက်မူးလာတိုင်း အမေ့ကို ရိုက်တာနှက်တာ ကျတော့ ကောင်းတယ်ပေါ့ ဟုတ်လား"

'အထွန်း' ဆိုတဲ့ ကောင်လေးရဲ့စကားကြောင့် သူ့မိခင်က အငို 'ချစ်ချစ်' က အော်သည်။

" 'ကိုထွန်း' ကလဲ ဘာတွေလျှောက်ပြောနေတာလဲ...'ကိုထွန်း'

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဒေါ်လေးစိတ်ဆင်းရဲသွားရပြီ"

"ပြောပါစေ သမီးရယ် ... ဒေါ်လေးဘဝကလည်း သားပြောသလို ဖြစ်နေတာကိုး ... အော်... 'ကိုမိုးလုံး' ကိုလည်း ကျေးဇူးတင်ပါတယ်နော်"

ပြောရင်းမှ ကားနောက်ခန်းတွင် ထိုင်လာသော ကျွန်မကိုအတွေ့ အားနာဟန်လေးဖြင့် မျက်ရည်ကို သုတ်လိုက်ရင်း ...

"ဧည့်သည်လည်း ပါလာတာကိုး ... အားနာစရာတွေတော့ ဖြစ်ကုန်ပါပြီ 'ကိုမိုးလုံး' ရယ်... သားကိုယ်စား 'မြမူ' ပဲ တောင်းပန်ပါတယ်နော်"

"ရပါတယ်ဗျာ... ခြံနီးခြင်းတွေပဲ... 'သိုက်' က ဖိုးဖိုး 'ဦးဘဦး' ရဲ့ မြေးလေးပါ"

"အော်... 'ဘဘဦး' ပြောဖူးတယ်... မြေးလေးရောက်လာမယ်ဆိုတာ"

ကျွန်မ မကောင်းတတ်၍ ကားပေါ်က ဆင်းကာ နှုတ်ဆက်လိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉

"'ရတနာသိုက်' ပါ အစ်မ"

ကျွန်မထက် အများကြီး အသက်ကြီးတာ သိနေမယ့်လည်း နုနယ်လွန်းသော ရုပ်ရည်ကြောင့် ကျွန်မ အစ်မဟုသာ ခေါ်လိုက်မိပါသည်။

"ဟုတ်ကဲ့… ကျွန်မနာမည်က 'မမြမှူ' ပါ… ဟိုဘက်ခြံကို ပြီးခဲ့တဲ့ နှစ်နှစ်ကမှ ပြောင်းလာခဲ့တာပါ"

ကျွန်မကိုအတွေ့ 'အထွန်း' ဆိုတဲ့ ကောင်လေးက အံ့သြသလို မျက်မှောင်ကုတ်ကြည့်နေတာ တွေ့ရပါသည်။

အနီးကပ် မြင်ရတော့ ကောင်လေးပုံစံက ပိုမိုနုနယ်ကာ ပါးပြင်လေးတွေက ချောမွေ့နေလေသည်။

ခေါင်းပေါ်မှ ဆံပင်စုတ်ဖွားကြီးကို ခပ်တိုတိုညှပ်ကာ သေ

www.burmeseclassic.com

www.burmeseclassic.com



သေသပ်သပ် ဖြီးလိုက်လျှင် အတော်လေးကို သားနားမဲ့ ရုပ်မျိုးလေးပါ။

ဒါပေမယ့် မိုက်ကန်းကန်း သူ့ရဲ့ဟန်က အတော့်ကြီးကို မုန်းစရာကောင်းတာမို့ သူ့အမေကိုပဲ စကားလှမ်းပြောလိုက်မိပါသည်။

"ခြံနီးခြင်းတွေပဲ လိုအပ်တာရှိလည်း ပြောပါ အစ်မ... 'သိုက်' ဒီမှာ ကြာအုံးမှာပါ"

" 'သိုက်' က ဘယ်လောက်ကြာအုံးမှာလဲ"

"ဖိုးဖိုး နေကောင်းသွားတဲ့အထိ 'သိုက်' နေဖို့ ဆုံးဖြတ်ထားပါတယ်"

ကျောင်းလဲပြီးသွားပြီဆိုတော့ ကျွန်မအတွက် နောက်ဆံငင်စရာ မရှိတော့ပါ။

ပြီးတော့ ဖေဖေကိုယ်တိုင်ကလဲ သူ့အမှားကို ပေးဆပ်တဲ့အနေနဲ့ ကျွန်မကို ဖိုးဖိုး အနားရှိနေစေချင်တာကြောင့် ကျွန်မနေဖြစ်တာ ဖြစ်ပါသည်။

"ဒါနဲ့ 'သိုက်' ကျောင်းပြီးသွားပြီလို့ 'ဘဘဦး' က ပြောတယ်"

"ဟုတ်ပါတယ်... 'သိုက်' မဟာဝိဇ္ဇာဖြေပြီးသွားပါပြီ"

ကျွန်မရဲ့အဖြေကြောင့် 'အထွန်း' ဆိုတဲ့ ကောင်လေး မခန့်လေးစားမျက်နှာကိုမော့ကာ ပခုံးတွန့်လိုက်တာ မြင်လိုက်ရပါသည်။

" 'သိုက်' က တော်လိုက်တာနော် ... အသက်ကလည်း ငယ်ငယ်လေးရှိသေးတယ်"

" 'သိုက်' နှစ်ဆယ့်ငါးထဲရောက်နေပါပြီ အစ်မ ... ငယ်

www.burmeseclassic.com

www.burmeseclassic.com



တော့ပါဘူး”

ကျွန်မရဲ့ စကားကြောင့် ‘အထွန်း’ က ကျွန်မကို လှမ်းကြည့်တာ တွေ့လိုက်ရပါသည်။

သူ့ပုံစံက ကျွန်မအသက်ကို ညာပြောတယ်ဟု ထင်နေပုံပါ။

ကျွန်မကလည်း အသက်သာ နှစ်ဆယ့်ငါးနှစ်တိုင်လာပေမယ့် ပခုံးထိနေရုံ ဆံပင်က မတက်သေးပါ။ ဒီတော့ ကျွန်မအသွင်က ပိုနုနယ်ကာ အမှတ်တမဲ့ဆို ‘ချစ်ချစ်’ တို့လို ကောင်မလေးတစ်ယောက်အသွင်ပါ။

ဒါကြောင့် ကျွန်မက လူကြီးပုံဖမ်းကာ နောက်ဖက်က တိုစိစိဆံပင်လေးကို ကလစ်နဲ့ညှပ်ပြီး မိန်းမအင်္ကျီနဲ့ ထမီ ဝတ်ထားလိုက်မိပါသည်။

ဒီတော့ ကျွန်မပုံစံက မိန်းမရွယ်ရွယ်ပုံပေါက်သွားရသည်။

“အတော်ပဲ ‘သိုက်’ ရှိတုံး ‘အထွန်း’ ကို ‘သိုက်’ ဆီအပ်ရမယ်... သူက ဉာဏ်ကောင်းပြီး အပေါင်းအသင်းဖျက်နေတာ ‘သိုက်’ရဲ့.... ဒီနှစ်လည်း ဆယ်တန်းကျထားတယ်လေ... ကျောင်းလည်း ဆက်မတက်ဘူး”

“အမေတို့ကလဲ... လူတွေ့တာနဲ့ ကျွန်တော့်ရဲ့ ‘ဘုန်းတော်ဖွဲ့’ တွေပဲ လျှောက်ရွတ်နေတော့တာပဲ... ကျွန်တော် စာမသင်ချင်ဘူးနော်... အမေ”

သူ့ပုံစံက ကျွန်မကို မလေးမခန့်ပုံစံပါ။ ကျွန်မ မဲ့ပြုံး ပြုံးရင်း ‘အထွန်း’ ဆိုတဲ့ ကောင်လေးကို ခပ်တည်တည်စိုက်ကြည့်လိုက်မိပါသည်။

“ဟုတ်တယ်... စာဆိုတာ သင်ချင်မှတတ်တာ... မသင်ချင်

www.burmeseclassic.com

www.burmeseclassic.com



လို့ကတော့ ဘယ်တော့မှ တတ်မှာ မဟုတ်ဘူး”

“အဲဒီတော့လည်း ဘယ်တော့မှ မသင်ရုံပဲပေါ့ဗျာ”

ကျွန်မကို ဂျစ်ကန်ကန်ပြောကာ ခဲလုံးတစ်လုံးကို ခပ်ပြင်းပြင်းကန်ရင်း အဝေးကို ဆောင့်ကြွားကြွား လျှောက်သွားသောသားဖြစ်သူ၏ ကျောပြင်ကို ငေးကြည့်ရင်း ‘မမြမူ’ က သက်ပြင်းချသည်။

“အဲဒါသာ ကြည့်ပါတော့ ‘သိုက်’ ရယ်… ကျွန်မလည်း ဘယ်လိုလုပ်ရမှန်းကို မသိတော့ပါဘူး… သားကတစ်မျိုး… အဖေကတစ်မျိုး”

ပြောရင်း ‘မမြမူ’ က မျက်ရည်ဝဲလာတာကြောင့် ကျွန်မကို အားနာသလို လှမ်းပြောပါသည်။

“ ‘သိုက်’ ကို အားနာလိုက်တာ… ကိုယ့်အပူတွေ သူများကို ပေးမိသလို ဖြစ်နေပါပြီကွယ်”

“ရပါတယ်… ‘သိုက်’ နားလည်ပါတယ် … ‘သိုက်’ တို့ကားနဲ့ပဲ လိုက်ခဲ့ပါလားဟင်”

ရန်ဖြစ်တာက လမ်းထိပ်မှာဆိုတော့ အထဲကို ဝင်ရပါအုံးမည်။ ဒါကြောင့် ကျွန်မ ခေါ်လိုက်တာဖြစ်ပါသည်။

“နေပါစေတော့ကွယ် … ရောက်ခါလည်း နီးနေပြီပဲ… ‘ချစ်ချစ်’ နဲ့ပဲ အတူပြန်လိုက်တော့မယ်”

ကားပေါ်ပြန်တက်ကာ ကျွန်မတို့ထွက်အလာ လမ်းမှာ ‘အထွန်း’ ဆိုတဲ့ ကောင်လေးက ကျွန်မကို မကျေမနပ် ပေစောင်းစောင်းနဲ့ လှမ်းကြည့်နေတာ တွေ့လိုက်ရပါသည်။

ကြည့်ပေါ့ … သူကြည့်တော့ကော ကျွန်မကမှုရမှာလား။

www.burmeseclassic.com

www.burmeseclassic.com



စာဆိုတာ သင်ချင်မှ တတ်တာ သူ့လို မသင်ချင်ဘဲ ပေချင် လေချင်နေလို့ကတော့ ဆယ်တန်းအောင်ဖို့ ဝေးသေး။ ကျွန်မ မျက်နှာကို တမင်မော့ထားလိုက်မိပါသည်။

ညနေစောင်း 'ဖိုးဖိုး' ကို ကြက်ဥပေါင်းကျွေးရင်း မနက်က ကြုံလာတဲ့အဖြစ်ကို ပြန်ပြောပြမိပါသည်။

'ဖိုးဖိုး' က ခေါင်းတငြိမ့်ငြိမ့်နှင့် နားထောင်ရင်း တွေးတွေး ဆဆပြောသည်။

"အင်း… သူတို့မိသားစု ပြောင်းလာထဲက 'ဖိုးဖိုး' အကဲခတ် မိသလောက် ဒီကလေးရဲ့ဘဝက သနားစရာပါပဲ"

မုန်းစရာကောင်းတာကို သနားစရာကောင်းအောင် 'ဖိုးဖိုး' က ပြောနေတာကြောင့် ကျွန်မ 'ဖိုးဖိုး' ကို မကျေမနပ် ပြန်မေးလိုက်မိ ပါသည်။

"'ဖိုးဖိုး' ကလဲ… ဒီကောင်လေးက ဘာသနားစရာကောင်း လို့လဲ… စကားပြောတာကလည်း တစက်မှ အချိုးမပြေဘူး"

ကျွန်မဈေးကို အသွားရော အပြန်မှာပါ ဒီကောင်လေးနဲ့ကြုံ လာရတာမို့ ကျွန်မအဖို့ကတော့ သနားစရာမရှိပါ။

လူကြီးကိုလည်း လူကြီးမှန်းမသိတာကြောင့် မုန်းပင်မုန်းမိ ပါသေးသည်။

"ငါ့မြေး မသိတဲ့အပိုင်းတွေ အများကြီးရှိပါသေးတယ် ငါ့မြေးရယ်… 'ဖိုးဖိုး' ကတော့ ဒီကလေးကို ငါ့မြေးလက်ထဲ အပ် ချင်တာပါပဲ"

"ဘုရားရေ"

ကျွန်မ 'ဖိုးဖိုး' ကို အံ့သြစွာ ငေးမောကြည့်နေမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဖိုးဖိုး' ဘာတွေ ပြောနေတာပါလိမ့်။

ဒီလောက် ရိုင်းစိုင်းနေတဲ့ အရိုင်းအစိုင်းလေးကို ကျွန်မက ဘာလုပ်ပေးရမှာလဲ။

ပြီးတော့ ကျွန်မလက်ကိုဆွဲယူကာ ကျွန်မရဲ့လက်သူကြွယ်မှ ပတ္တမြားလက်စွပ်လေးကို ငေးကြည့်နေပါသည်။

ဒီလက်စွပ်လေးက ကျွန်မ ဆယ်တန်းအောင်တုန်းက ဖေဖေ အမှတ်တရပေးထားတဲ့ လက်စွပ်လေးပါ။

ရှားရှားပါးပါး ဖေဖေ့ရဲ့ မိုးကုတ်တွင်းကရတဲ့ ပတ္တမြားရဲရဲ ရှည်ရှည်လေးကို ကိုယ်ထည်ထားကာ ခေါင်းတွင် နားရွက်ပုံစံ ပတ္တမြားရှည်ရှည်လေးနှစ်လုံးကိုတတ်ထားပြီး ယုန်ပုံစံ ဆန်းဆန်း ပြားပြား လုပ်ထားတဲ့ လက်စွပ်လေးမို့ လူတိုင်းက သဘောကျကျသည်။

လုံးချောမဟုတ်ဘဲ တာကွက်သွေးထားတာမို့ ပတ္တမြားလေးရဲ့ကိုယ်ထည်က အရောင်တဖျတ်ဖျတ်လက်ကာ အရည်အသွေးကလည်း ကောင်းလွန်းတာကြောင့် ကျွန်မရဲ့ ဘယ်ဘက်လက် ဖွေးဖွေးလေးမှာ နေရာယူနေတာ ကြာလှပါပြီ။

ဒီလိုပဲ ကျောက်ဆန်းဆန်း၊ ပုံဆန်းဆန်းလေးတွေရလျှင် ဖေဖေကကိုယ်တိုင် ဒီဇိုင်းထွင်ကာ နိုင်ငံခြားတွင် အော်ဒါအပ်ပေးတာမို့ နီလာပင့်ကူရင်ထိုး၊ လိပ်ပြာပုံလော်ကက် စသဖြင့် ကျွန်မတွင် ပုံစံမျိုးစုံ ရှိနေပါသည်။

ဒီပစ္စည်းတွေကို ရောင်းလျှင် ဈေးကောင်းရကာ နာမည်ကောင်းရမည်ဆိုတာကို သိပါရက် ဖေဖေက မရောင်းရက်ဘဲ ကျွန်မကိုသာ ဝတ်စေချင်တာကလည်း ကြီးမားလှသော မိဘမေတ္တာဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ နားလည်နေမိပါသည်။

ဒီလို နားလည်နေ၍လည်း ကျွန်မ ဖေဖေတို့ကို ဘယ်တော့မှ စိတ်ဆင်းရဲအောင် မလုပ်ဖို့ ဆုံးဖြတ်ထားပြီးပါပြီ။ ဒါပေမဲ့ ဖိုးဖိုးရဲ့စကားတွေက ကျွန်မအတွက် ထူးဆန်းလှပါသည်။

ဖိုးဖိုး ဘာအဓိပ္ပါယ်နဲ့ ပြောနေတာပါလိမ့်။ ကျွန်မရင်ထဲက အတွေးကို ရိပ်မိသလို ဖိုးဖိုးက ကျွန်မကို မေးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၂၀

"ဒီပတ္တမြားလေး ဒီလိုလှတာ ဘာဖြစ်လို့လဲ ငါ့မြေး"

"သွေးထားတာ လှလို့ပေါ့ ဖိုးဖိုးရဲ့"

"မသွေးရသေးတဲ့ အရိုင်းတုံးလေးဆို ငါ့မြေးခုလို ဝတ်ပါ့မလား"

ကျွန်မ နှုတ်ခမ်း စူလိုက်မိပါသည်။ ဖိုးဖိုးပြောတာကို ကျွန်မ နားလည်ပါသည်။

ဒါပေမဲ့ ကျွန်မ ဝတ်ထားတဲ့ ပတ္တမြားလက်စွပ်က သွေးပုံကောင်းသလို ကျောက်ကလည်း အဖိုးထိုက် အဖိုးတန်ကျောက်မို့ တန်ဘိုးတက်ပေမယ့် ဖိုးဖိုးသွေးချင်တဲ့ ကျောက်က အဖိုးတန်အုံးမှ

www.burmeseclassic.com

www.burmeseclassic.com



တန်ဘိုးတက်မှာမို့ ဖိုးဖိုးကို ဆင်ခြေတက်လိုက်မိပါသည်။

"ဖိုးဖိုးသွေးချင်တဲ့ ကျောက်က အဖိုးတန်တယ်လို့ ဖိုးဖိုး ထင်လို့လား"

"ထင်တယ်… အဖိုးကို တန်တယ်"

ဖိုးဖိုးရဲ့ ထောက်ခံချက်က ပြတ်သား ခိုင်မာလှပါသည်။

တကယ်တော့ ဒီမိသားစု ပြောင်းလာတည်းက တစ်ခုခုတော့ ထူးခြားရမည်ဆိုတာ 'ဦးဘဦး' အကဲခတ်မိပြီးသားပါ။

ပြောင်းလာပြီး နောက်တစ်နေ့မှာပဲ သူ့သားထက် ငယ်သော ကောင်မလေးရောက်လာကာ သူ့ကို လာနှုတ်ဆက်ပါသည်။

"သမီးနာမည်က 'မြမူ' ပါ ဘဘ… ဟိုဘက်ခြံကို ပြောင်းလာ တာပါ"

ဟိုဘက်ခြံဆိုပေမယ့် ခြံကြီးက လူမနေသော ခြံကြီးပါ။ ခြံထောင့်တွင် အိမ်ကလေးတစ်လုံးရှိကာ အိမ်ကလေးနဲ့ ကပ်ရက်တွင် ကားဂိုဒေါင်ပုံစံ အဆောက်အဦးဟောင်းတစ်လုံး ရှိလေသည်။

ပိုင်ရှင်က ရန်ကုန်မြို့မှဖြစ်ကာ ပိုက်ဆံပို၍ ဝယ်ထားပုံရ ပါသည်။

မူလက ထိုခြံကိုပါ ဝယ်လိုက်ဖို့ 'ဦးဘဦး' စိတ်ကူးမိပေမယ့် ခြံပိုင်ရှင်က လုံးဝရောင်းမည်မဟုတ်ဟု ခြံစောင့်ထံမှ သိရထဲက 'ဦးဘဦး' စိတ်မဝင်စားတော့ပါ။

ခု အနှစ်နှစ်ဆယ်နီးပါးကြာမှ ထိုခြံကို 'မမြမူ' တို့ မိသားစု ပြောင်းလာခဲ့ကြတာ ဖြစ်ပါသည်။

'မမြမူ' ကတော့ သူ့ သူငယ်ချင်းခြံမို့ သူတို့မိသားစုကို နေခွင့်ပေး၍ ပခုက္ကူမှ ပြောင်းလာတာဟု ပြောပြခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အသားဖြူဖြူ ရုပ်ရည်လေးသနားကမားနဲ့ 'မမြမူ' ပုံစံက အညာသူပုံစံ လုံးဝမဟုတ်ပါ။

ဘယ်လိုဖြစ်ပြီး ပခုက္ကူရောက်ရတာလဲဟု စပ်စုမိတော့ သူ့ယောကျ်ားနဲ့ ပတ်သက်ကာ ရောက်ခဲ့ရတာဟုသာ 'မမြမူ' က ပြောပြခဲ့ပါသည်။

အခြားအကြောင်းအရာတွေတော့ သူမပုံစံက ပြောပြချင်ပုံ မရ၍ 'ဦးဘဦး' မမေးဖြစ်တော့ပါ။ ဒါပေမယ့် စပြောင်းလာပြီး ထဲက ဖခင်တစ်ယောက်လို စားကောင်းသောက်ဖွယ်လေးတွေ ဦးဦး ဖျားဖျားပေးတတ်၍ 'ဦးဘဦး' 'မမြမူ' ကို သမီးတစ်ယောက်လို ခင် တွယ်နေမိပါပြီ။

လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ် သူ ရန်ကုန်ကိုရောက်တုံးက သူ့ သူ ငယ်ချင်း 'ဘတူ' ဆီ ဝင်ခဲ့ဘူးသည်။ သူ့ သူငယ်ချင်း 'ဘတူ' က သူ့လိုအရေးပိုင်မဟုတ်ပါ။ ဆရာဝန်ကြီးတစ်ယောက်ပါ။

'မောင်လှကြူ' နဲ့ 'မမြမူ' ဟူသော သားသမီးနှစ်ယောက် ရှိတဲ့အထဲ အကြီး 'မောင်လှကြူ' လေးက ဖခင်လို ဆရာဝန်ဖြစ်ကာ နိုင်ငံခြားတွင် ပညာတော်သင်သွားနေပြီး သမီးအငယ် 'မမြမူ' လေးကတော့ နောက်ဆုံးနှစ်တက္ကသိုလ်ကို တက်နေလေသည်။

အသားဖြူဖြူ သိမ်သိမ်မွေ့မွေ့လေးနဲ့ ကိုယ်လေးကို ရို့ကာ သူ့ရှေ့ ကော်ဖီလင်ဗန်းကိုချပေးသော ချစ်စဖွယ်မိန်းကလေးကို တွေ့ပြီးထဲက 'ဦးဘဦး' သားငယ်အတွက် ရည်စူးလိုက်မိပါ သည်။

သားအကြီး 'သိုက်' ရဲ့ဖခင်က သူကြိုက်တာ သူယူသွား၍ မပြောသာပေမယ့် သားအငယ်ကိုတော့ 'မမြမူ' လို လိမ္မာရေးခြား

www.burmeseclassic.com

www.burmeseclassic.com



ရှိသော မိန်းကလေးမျိုးနှင့်သာ ဖူးစာဆုံစေချင်မိသည်။

သားအငယ်က လိမ်လည်းလိမ္မာသည်။ အစ်ကိုကြီးလို စီးပွားရေးဖက်ကို ဦးစားမပေးဘဲ ပညာရေးဖက်ကိုသာ ဦးစားပေးခဲ့၍ ငယ်ငယ်ရွယ်ရွယ်နှင့် တရားရေးဌာနတွင် ရာထူးကြီးကြီးကို ထမ်းဆောင်နေရလေပြီ။

သူငယ်ချင်း 'ဘတူ' နဲ့ တိုင်ပင်ကာ တောင်းရမ်းစေ့စပ်ပေးဖို့ စီစဉ်နေဆဲ 'မမြမူ' လေးက အိမ်မှ လုံးဝသဘောမတူသော ခြံစောင့်ရဲ့ သားလေးနဲ့ ခိုးရာလိုက်ပြေးသွားပါတော့သည်။

ထိုသတင်းကိုအကြား သားဖြစ်သူ အရက်ရကာ ရတ်တရက်ကားမှောက်ပြီး ဆုံးပါးသွားခဲ့သလို ...

သားဖြစ်သူ ဆုံးပါးသွားပြီးထဲက ဇနီးသည်လည်း အိပ်ယာထဲလဲကာ သားဖြစ်သူ ဆုံးပြီး သုံးနှစ်ခန့်အကြာတွင် သူ့ကိုပါ ထားခဲ့ကာ မပြန်လမ်းကို မြန်းသွားခဲ့လေသည်။

ထိုအချိန်ထဲက 'ဦးဘဦး' မန္တလေးကိုပြန်မသွားဘဲ ပြင်ဦးလွင် မှာပဲ အခြေချလိုက်တာ ခုချိန်ထိ တိုင်အောင်ပါ။

တစ်ခါပဲ မြင်လိုက်ရတာမို့ 'ဦးဘဦး' ကို 'မမြမူ' က မမှတ်မိပေမယ့် စတွေ့ထဲက ချွေးမတော်ဖို့ စိတ်ကူးယဉ်ခဲ့တာမို့ 'ဦးဘဦး' က 'မမြမူ' ကို ကောင်းကောင်းမှတ်မိပါသည်။

စတွေ့တွေ့ခြင်းထဲက 'မင်း 'ဘတူ' ရဲ့ သမီးလေးလား' ဟု မေးချင်ပေမယ့် သူ့မဘဝအကြောင်းကို လုံးဝဇာတ်မြှုတ်ထားချင်ပုံရသော 'မမြမူ' ရဲ့ပုံစံလေးကြောင့် မမေးဖြစ်ခဲ့ပါ။

ဒါပေမယ့် တစ်ဖက်မှာတော့ သူငယ်ချင်း 'ဘတူ' ကို စုံစမ်းမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ခက်တာက သမီးဖြစ်သူ၏ လုပ်ရပ်အတွက် အရှက်ရကာ သူငယ်ချင်း 'ဘတူ' က ရန်ကုန်မှ ပြောင်းသွားခဲ့ပါပြီ။

ဘယ်ကို ပြောင်းသွားမှန်းလည်း 'ဘဦး' စုံစမ်း၍ မရပါ။

တချို့က သားဖြစ်သူ ဆရာဝန်ကြီးနေရာ စင်္ကာပူကို လိုက်သွားသည်ဟု ပြောသလို တချို့ကလည်း ဆုံးသွားပြီဟု ပြောကြပါသည်။

ဘယ်စကားကို 'ဘဦး' ယုံရမှန်း မသိပါ။ စိတ်ထဲမှာတော့ 'မမြမှု' ကို ပြန်တွေ့ရတာ သူ့သားအငယ်ကို ပြန်တွေ့ရသလို ခံစားနေရလေသည်။

သူသာ ဆတ်ဆော့ကာ သားဖြစ်သူနဲ့ ပေးစားဖို့ မစီစဉ်ခဲ့လျှင် 'မမြမှု' လဲ ခုလို အခြေအနေ ရောက်မည်မထင်ပါ။

သူ့သားငယ်လည်း ခုတိုင် သက်ရှိထင်ရှားရှိနေအုံးမည်ဟု သူ ယူဆမိပါသည်။

ခုတော့ အရာအားလုံးက လွန်ခဲ့ပါပြီ။ သားငယ်သာ 'မမြမှု' နဲ့ အကြောင်းဆက်၍ ပေါင်းဖက်ရလျှင် 'အထွန်း' ဆိုတဲ့ 'ရန်နောင်ထွန်း' လေးက သူ့ရဲ့ မြေးလေးဖြစ်မှာပါ။

သူ့မြေးလေးသာ ဒီလိုချို့တဲ့နေလျှင် သူ နေနိုင်ပါ့မလား။

မိဘမေတ္တာသာ အပြည့်အဝရလျှင် 'အထွန်း' ဆိုတဲ့ ဒီကလေး ကကော ဒီလိုဆိုးပါ့မလား။

ခုတော့ ဒီကလေးဆိုးသွမ်းစေဖို့ ဖခင်ဖြစ်သူက အရက်သမားဖြစ်နေသည်။ တာဝန်မကျေသော ဖခင်ဖြစ်နေလေသည်။

'ဦးဘဦး' ဘယ်သူ့ကို အပြစ်တင်ရမလဲ။ မိခင်ဖြစ်သူ 'မမြမှု' ကိုလား။ ဖခင်ဖြစ်သူ အရက်သမားကိုလား။

www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် သမီးအဖြစ်က စွန့်လွှတ်ကာ ကိုယ်ယောင်ဖျောက်သွားသော သူငယ်ချင်း 'ဘတူ' ကိုလား။

'ဦးဘဦး' မဆုံးဖြတ်တတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



## ၂၁

ဖြစ်နိုင်လျှင်တော့ 'အထွန်း' ဟူသော ဒီကလေးကို ကောင်းတာပဲ မြင်ချင်ပါသည်။

လူဆိုး၊ လူပေ၊ လူတေလေးအဖြစ်ထက် သူ့ရဲ့အဖိုးဆရာဝန်ကြီးလို သူ့ဘကြီးသမားတော်ကြီးလို ထွန်းထွန်းပေါက်ပေါက် ဖြစ်စေချင်ပါသည်။

ခုပုံကတော့ လုံးဝဖြစ်လာမယ့်ပုံ မဟုတ်တာမို့ မြေးဖြစ်သူကို အားကိုးသလို လှမ်းကြည့်လိုက်မိပါသည်။

သားကြီး သူ့ဖာသာ ရွေးချယ်သော မိန်းမကို သဘောမတူ မကြည်ဖြူသော်လည်း မြေးလေး 'သိုက်' ကတော့ သူ့သဘောကျ စာတော်လွှန်းသူလေး တစ်ယောက်ပါ။

ရုပ်လေးက သူ့အမေနဲ့တူကာ မှုံနေအောင် ချောသော်လည်း

www.burmeseclassic.com



စိတ်ဓါတ်က သူ့အမေနဲ့ နေပေမယ့် အနိမ့်စား မဟုတ်ပါချေ။

'သိုက်'မိခင်က သူ့သားကြီးနဲ့ လက်မထပ်ခင်က စားသောက်ဆိုင်တွင် လုပ်တာမို့ ယောကျ်ားပေါင်းစုံနဲ့ တွဲခဲ့ရသူ တစ်ယောက်ပါ။

ဒီထဲ ထဲကမှ သားကြီးကို ရွေးကာ လက်ထပ်ခဲ့တာမို့ သူ့ဇနီးက ချွေးမအဖြစ် အသိအမှတ်ပင် မပြုခဲ့ပါ။

မြေးလေး 'သိုက်'အရွယ်လေးရကာ လိမ္မာရေးခြားရှိလာမှ စကားစပြောတာဖြစ်ပါသည်။

ဘာပဲဖြစ်ဖြစ် သူ့အတွက်ကတော့ မြေးလေး 'သိုက်' က 'လောကနတ်'လို မပြေလည်တဲ့ သူတို့မိသားစုနှစ်စုကို ပေါင်းစည်းပေးသူမို့ ချစ်လဲချစ် အားလည်းကိုးမိပါသည်။

ခုလို ပညာတွေတတ်ကာ ဖိုးအေကို ပြုစုဖို့ရောက်လာခိုက် သူဖြစ်ချင်တဲ့ ဆန္ဒကိုလည်း အကောင်ထည်ပေါ်စေချင်တာကြောင့်....

"'ဖိုးဖိုး' ကို ငါ့မြေး ကတိပေးပါလား"

ကျွန်မ 'ဖိုးဖိုး' ကို စိတ်ရှုပ်သလိုကြည့်လိုက်မိပါသည်။

"ဘာကတိလဲ 'ဖိုးဖိုး' "

"ဒီ 'အထွန်း' ဆိုတဲ့ ကလေးကို ဆယ်တန်း အောင်အောင် သင်ပေးဖို့ပါ"

"စာဆိုတာ သင်ချင်မှ တတ်တာ 'ဖိုးဖိုး'ရဲ့... သူ့လို စာမသင်ချင်ပဲ ပေတေနေတဲ့ သူတစ်ယောက်က ဘယ်လိုလုပ်စာတတ်မှာလဲ"

"မြေး သူ့ကို စာသင်ပေးဘူးလို့လား"

ကျွန်မ ခေါင်းခါလိုက်မိပါသည်။ တွေ့တာပင် မနက်ကမှ စ

www.burmeseclassic.com

www.burmeseclassic.com



တွေ့ဘူးတာမို့ ကျွန်မ ဘယ်လိုလုပ် စာသင်လို့ဖြစ်နိုင်မှာလဲ။

"ဒီပြင့်အလုပ် ခိုင်းပါလား 'ဖိုးဖိုး' ရယ်"

ကျွန်မစိတ်ထဲ ဒီကောင်လေးကို အမြင်မကြည်တာမို့ 'ဖိုးဖိုး' ကို ချော့မော့ကာ ပြောမိပါသည်။

"ခုချိန်မှာ 'ဖိုးဖိုး' ရဲ့ အပြင်းပြဆုံးဆန္ဒက ဒီကလေး လူတစ်လုံး သူတစ်လုံး ဖြစ်စေချင်တာပါပဲ"

'ဖိုးဖိုး' ကသာ လူတစ်လုံး သူတစ်လုံးဖြစ်စေချင်ပေမယ့် 'အထွန်း' ဆိုတဲ့ကောင်လေးကတော့ မိုက်တိမိုက်ကန်း ပုံစံလေးမို့ ကျွန်မ နားမလည်သလို ပြောလိုက်မိပါသည်။

"'ဖိုးဖိုး' ဒီကောင်လေးအပေါ်ကို ဘာဖြစ်လို့ စေတနာထား နေတာလဲ... 'သိုက်' ဖြင့် နားမလည်ဘူး... ဒါပေမယ့် 'ဖိုးဖိုး' ဖြစ်စေချင်တာကို 'သိုက်' ကြိုးစားကြည့်ပါ့မယ်... ဖြစ်လာမယ်... မဖြစ်လာဘူးဆိုတာကိုတော့ 'သိုက်' အာမ မခံနိုင်ဘူးနော်"

ကျွန်မ နေရာမှထကာအပြော လှေကားပေါ်ကို ဆည့်သည် တစ်ယောက်တက်လာတာကြောင့် လှမ်းအကြည့် ကျွန်မနှုတ်က အလိုလို ထွက်သွားရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၂၂

"အစ်မ 'မမြမူ' ပါလား"

"ဟုတ်ပါတယ် 'သိုက်'... ဘဘအတွက် ငါးဖယ်သုတ်လေးနဲ့ ပိန်းရိုးဟင်းခါးလေး လာပို့ပေးတာပါ"

'မမြမူ'က လက်ထဲတွင်ကိုင်လာသော ကြွေရည်သုတ်ဂျိုင့်ကို ကျွန်မအား လှမ်းပေးတာကြောင့် ...

"အားနာလိုက်တာ အစ်မရယ်... အိမ်မှာလည်း ဟင်းတွေရှိပါတယ်"

"အစ်မလည်း သိပါတယ်ကွယ်... ဒါပေမယ့် လူကြီးဆိုတော့ ဟင်းပြောင်းဟင်းလွဲလေး စားစေချင်လို့ တမင်ကို လာပို့ပေးတာပါ"

ရေချိုးပြီးစ 'မမြမူ' ပုံစံက သနပ်ခါး ပါးကွက်ကြားလေး

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ချစ်စရာအသွင်ပါ။

ရှန်သားအင်္ကျီပန်းနုရောင်လေးကို တရုတ်လုံချည်ပန်းနုရောင် အကွက်တုံးလေးဖြင့် လိုက်ဖက်အောင် ဝတ်ထားတာမို့ ရှိရင်းစွဲ အသက်ထက်ပိုမို နုနယ်ကာ ချစ်ဖွယ်ရာကောင်းနေရပါသည်။

ဒီလို ချစ်စရာကောင်းတဲ့ မိန်းမက ဘယ်လို လင်ဆိုး၊ ဘယ် လိုသားဆိုးတွေများ ရနေရတာပါလိမ့်နော်။

စိတ်မကောင်းသလို 'မမြမူ' မျက်နှာကိုအငေး 'မမြမူ' က ခေါင်းလေးငုံ့ကာ တိုးတိတ်စွာ ပြောနေပါသည်။

"ဘဘကိုမြင်တိုင်း ဖေဖေ့ကို သတိရလို့ အစ်မလာလာပို့တာ ပါ"

"အစ်မရဲ့ ဖေဖေကကော"

'သိုက်' နားမလည်စွာအမေး 'မမြမူ' က အပြုံးဖြင့် ဖြေပါ သည်။

"မရှိတော့ဘူးဆိုပါတော့ကွယ်... ဖေဖေနဲ့ကွဲခဲ့ရတာ 'အထွန်း' တစ်သက်ပါပဲ"

ပြောရင်း 'မမြမူ' က 'ဖိုးဖိုး' ကို ဦးချကာ နေရာမှထသည်။

"အိမ်မှာလည်း အပ်ထည်တွေက တစ်ပုံကြီးပဲ... 'အထွန်း' ကို ပို့ခိုင်းတာ မပို့ပေးလို့ အစ်မပဲ ထွက်လာခဲ့လိုက်တာ"

တစ်အိမ်လုံးရဲ့ စီးပွားရေးက 'မမြမူ' စက်ချုပ်ခြင်းအပေါ် မှီခို နေရသည်ဆိုတာ ကျွန်မ သိပြီးခဲ့ပါပြီ။

စိတ်မကောင်းသလို သက်ပြင်းအချ 'ဖိုးဖိုး' က 'မမြမူ' ကို လှမ်းပြောပါသည်။

"ငါ့သမီး ဝမ်းသာအောင် ဘဘ ပြောရအုံးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့… ပြောပါဘဘ"

" 'အထွန်း' ကို 'သိုက်' စာသင်ပေးလိမ့်မယ်"

"တကယ်"

'မမြမူ' သည် အံ့သြဝမ်းသာသလို ပုံစံမျိုးလေးဖြင့် ကျွန်မကို စိုက်ကြည့်၍ လာခဲ့ပါသည်။

သူ့ခမျာ ဒီသားအတွက် အတော်လေးကို စိတ်ညစ်နေရတဲ့ပုံပါ။

ဒါပေမယ့် သူ့သားအကြောင်းကိုလည်း သိနေတာကြောင့် ခပ်ငြီးငြီးလေး ပြောရှာပါသည်။

"ဖြစ်ပါ့မလား 'သိုက်' ရယ်"

" 'ဖိုးဖိုး' ကတော့ 'သိုက်' ကို အတင်းနားပူနားဆာလုပ်နေတာပါပဲ"

" 'အထွန်း' ကဆိုးတယ်… 'သိုက်' သည်းငြီး မခံနိုင်မှာဘဲ စိုးရိမ်တယ်"

"ဒီတော့ ဘဘကိုပဲ လွှဲချလိုက်ပေါ့ကွယ်… ဘဘကိုတော့ 'အထွန်း' ဆိုးရဲမယ် မထင်ပါဘူး"

'မမြမူ' ခေါင်းညိတ်လိုက်မိပါသည်။ ဘဘ 'ဦးဘဦး' ကိုတော့ 'အထွန်း' က ရိုန်သည်။ အဖိုးအရွယ်မို့ လေးစားသမှုလည်း ရှိသည်။

"ဒီလိုလုပ်ကွယ်… မနက်ဖြန် နေ့လည် ဘဘခေါ်တယ်ဆိုပြီး ငါ့သမီးက 'အထွန်း' ကို ဘဘဆီ လွှတ်လိုက်ပေါ့"

"ဟုတ်ကဲ့ပါ ဘဘ"

"အောက်ထပ်ကြီး တစ်ထပ်လုံးလည်း အားနေတာပဲ … အေးအေးဆေးဆေး စာသင်လို့ရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘဘက သိပ်မကျန်းမာတော့ အနှောင့်အယှက်ဖြစ်မှာကိုပဲ 'မြမှူ' က စိုးရိမ်တာပါ"

"ဘဘ ကျန်းမာရေးကို ဘဘသိပါတယ်ကွယ်... ဘဘချက်ခြင်း မသေနိုင်သေးပါဘူး... ငါ့သမီးက 'အထွန်း' ကို နားလည်အောင်သာ ပြောပြလိုက် ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ ဘဘ"

သည်လိုနှင့် ကျွန်မ၏ ဆန္ဒမပါဘဲ 'ဖိုးဖိုး' ၏ ဆန္ဒတစ်ခုတည်းဖြင့် 'အထွန်း' ဆိုသော 'ရန်နောင်ထွန်း' တစ်ယောက် ကျွန်မ၏ ဘဝထဲကို ချဉ်းနင်းဝင်ရောက်လာခဲ့ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ၂၃

ပုံစံက တစ်စက်လေးမှကို အချိုးမပြေပါ။

'ဖိုးဖိုး' ခေါ်ခိုင်းလိုက်၍သာ 'ကိုမိုးလုံး' နဲ့ လိုက်လာခဲ့ပေမယ့် သူ့ပုံစံက သေတော့မယ့်ပုံစံလို မအီမလည်ကြီး ဖြစ်နေခဲ့ပါသည်။

စာသင်မယ့် ကျောင်းသားတဲ့။ ခေါင်းကစုတ်ဖွား၊ စွပ်ကျယ်အမဲပေါ် ဂျင်းအင်္ကျီထပ်ဝတ်ထားကာ ခါးကဂျင်းဘောင်းဘီရှည်ကလဲ ဘယ်နှစ်ရက်လောက် မလျှော်ဖွတ်ဘဲ ဝတ်ထားသည်မသိပါ။ နံစော်နေတာမို့ ကျွန်မနှာခေါင်းအရှုံ့ သူက ကျွန်မကြားအောင် လှမ်းပြောလိုက်ပါသည်။

"ဒီလောက် ဈေးပေါတဲ့ ဆရာမမျိုး ဒီတစ်ခါပဲ တွေ့သေး

www.burmeseclassic.com

www.burmeseclassic.com



တယ်"

"သေလိုက်ပါလား… ငါက လုံးဝသင်ချင်တာမဟုတ်ဘူး… 'ဖိုးဖိုး' က အတင်းသင်ခိုင်းနေလို့ သင်ပေးရမှာ… နင့်ကိုယ်နံ့ကို ရှူရမှာ အသက်ရှူတောင်ကြပ်သေးတယ်"

"အဲဒါဆိုလည်း ခင်ဗျား အရင်သေပေါ့… ဒါမှ ကျုပ်လည်း အေးအေးဆေးဆေးနေရမှာ"

'ဖိုးဖိုး' ရှိရာ အပေါ်ထပ်ကို မတက်ခင် သူနဲ့ကျွန်မ အောက်ထပ်မှာ နှောင်ကြိမ်ချနေကြခြင်းပင်။

'အထွန်း' လှေကားထစ်မှာရပ်ရင်း ခေါင်းကို အရေခွံကွာအောင် ကုတ်ပစ်လိုက်မိပါသည်။

ဖိုးဖိုး 'ဦးဘဦး' ကို ကြောက်၍သာ လာခဲ့ရပေမယ့် 'အထွန်း' စာ လုံးဝမသင်ချင်ပါ။

ဘယ်နှယ့်လုပ် ဒီ 'ရတနာသိုက်' ဆိုတဲ့ မိန်းမက ဒီကို ရောက်လာခဲ့ရတာလဲ။

သူ့ဖာသာသူ ရိုးရိုးတန်းတန်းရောက်လာတာဆို 'အထွန်း' အလုပ်မဟုတ်ပါ။ အရေးလဲ မစိုက်ပါ။

ခုတော့ သူ့ကိုပဲ စာသင်အုံးမလို့တဲ့။

"သေစမ်းဟာ… သေစမ်း"

ခေါင်းခွံကြီးကွာထွက်သွားအောင် ခေါင်းကို တဗျင်းဗျင်းအကုတ် 'ဖိုးဖိုး' ရဲ့အသံက အပေါ်ထပ်မှ ထွက်လာခဲ့ပါသည်။

"တက်လာခဲ့လေကွယ် 'အထွန်း' "

ဒီ အဖိုးကြီးကိုတော့ စတွေ့ထဲကပင် 'အထွန်း' လေးစားမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'အထွန်း' လို စရိုက်ဆိုးဆိုး လူငယ်တစ်ယောက်ကိုပင် လေးလေးစားစား ဆက်ဆံတတ်သူပါ။

အမုန်းကို အမုန်းနဲ့ တုန့်ပြန်ဖို့ 'အထွန်း' ဝန်မလေးပေမယ့် အချစ်ကိုတော့ အချစ်နဲ့ တုန့်ပြန်ဖို့ကလွဲ၍ အခြားရွေးချယ်စရာ လမ်းမရှိပါ။

'ဖိုးဖိုး' က ဒရင်းဘက်ပေါ်လှဲနေရာမှ ကိုယ်ကိုမတ်လိုက်ရင်း လက်ယပ်ခေါ်ကာ သူ့အနားက ကုလားထိုင်မှာ ထိုင်ခိုင်းပါသည်။

"လာ… 'ဖိုးဖိုး' က မင်းကိုတွေ့ချင်နေတာ"

"နေကောင်းလား ဖိုးဖိုး"

"လူကြီးဆိုတော့ ဒီလိုပေါ့ကွယ်… ကောင်းတစ်လှည့် မကောင်းတစ်လှည့်ပါပဲ… ခု မြေးလေး 'သိုက်' ရောက်လာတော့ 'ဖိုးဖိုး' နည်းနည်း နေကောင်းနေတယ်"

'ဖိုးဖိုး' နေကောင်းပေမယ့် ကျွန်တော်တော့ သေချင်တယ်ဟု အော်ဟစ်ပစ်ချင်သော်လဲ မကောင်းတတ်၍ အောင့်အီးနေရပါသည်။ 'အထွန်း' စိတ်ထဲမှာတော့ ကိုယ့်စိတ်ကိုယ် ချုပ်တီးထားရ၍ မွန်းကျပ်နေရပါသည်။

ဖြစ်နိုင်လျှင် ဒီ 'ရတနာသိုက်' ဆိုတဲ့ ခပ်စီးစီးမိန်းမကို 'ချီးသိုက်' ဖြစ်အောင် ပြောင်းလွှဲပစ်လိုက်ချင်ပါသည်။

ကြည့်ပုံကိုက အကြောနှင့်။ 'အထွန်း' လိုကောင်ကို ဒီလို လာကြော၍များ ရမယ်ထင်နေလား။

စိတ်တိုတိုနှင့် အနီးရှိခုံကို လှမ်းအကန် 'ဖိုးဖိုး' ကြည့်နေတာကြောင့် သွားဖြဲပြရင်း မျက်နှာချိုသွေးလိုက်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



" 'ဖိုးဖိုး' ကျွန်တော့်ကို ခေါ်တာဘာကိစ္စလဲ 'ဖိုးဖိုး' "

"ငါ့မြေးရဲ့ မေမေက မပြောပြဘူးလားကွဲ့"

"ဟုတ်ကဲ့... ပြောပြပါတယ်... ဒါပေမယ့် ကျွန်တော် ဖားကန့် ဘက်ကို သွားပြီး ကျောက်တူးမလားလို့ ဖိုးဖိုး"

'အထွန်း' စကားကို နားထောင်ပြီး 'ဦးဘဦး' ပြုံးလိုက်မိပါသည်။

ကျောက်တူးတယ်ဆိုတာ မသေချာတဲ့အလုပ်။ ဘယ်နားခို အောင်းနေမှန်းမသိတဲ့ ကျောက်ကို ရှာရတဲ့အလုပ်။

စာသင်တယ်ဆိုတာကတော့ ကြိုးစားရင် ကြိုးစားသလောက် အကျိုးများနိုင်တဲ့အလုပ်မို့ 'အထွန်း' နားလည်အောင်ပဲ ရှင်းပြလိုက် မိပါသည်။

"ဖိုးဖိုးပြောတာကို နားထောင်စမ်းပါ 'အထွန်း' ရယ်... မင်း အရွယ်က ဒီလောက်ဝေးဝေးလံလံကိုသွားပြီး စီးပွားရှာရမယ့် အရွယ်မှ မဟုတ်သေးတာ... မင်းအရွယ်ဆိုတာ မိဘရင်ခွင်ထဲမှာနေ ပြီး ပညာပဲ ရှာရအုံးမယ့်အရွယ်"

"ကျွန်တော် မိဘရင်ခွင်မှာ မနေချင်တော့ဘူး ဖိုးဖိုး"

အများတကာတွေ အဖေဖြစ်သူရဲ့ အေးမြသော အရိပ်အောက် မှာ ငြိမ်းချမ်းစွာ နေထိုင်နိုင်ကြပေမယ့် သူ့အဖေက သူ့ဘဝအတွက် ငြိမ်းချမ်းမှုကို ပေးနိုင်သူမဟုတ်ပါ။

သူ့ကိုယ်သူသာ ငြိမ်းချမ်းရာ ရှာနေတဲ့သူပါ။

ခု 'အထွန်း' ထွက်လာတော့ အမေ့ဆီက အရက်ဘိုးတောင်း သံ ကြားနေရသည်။ ပေးရင်ပေး မပေးရင် အမေ့ကို ရန်လုပ်အုံးတော့ မည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအခါ အမေ့ဘက်က မခံနိုင်တဲ့ သူကဝင်ပြော၊ အဖေက ပြန်အော်နဲ့ ထုံးစံအတိုင်း 'အထွန်း' ရဲ့ အလွန်ပဲ ဖြစ်ပါအုံးမည်။ ဒီအဖြစ်တွေကို 'အထွန်း' မကြုံချင်တော့ပါ။

ဖြစ်နိုင်လျှင် အဖေ့ကို အိမ်ထောင်ဦးစီးပီသစွာ အမေ့ကို ရှာဖွေ ကျွေးစေချင်ပေမယ့် အဖေသည် အလုပ်ကို လက်ကြောတင်းအောင် လုပ်ချင်သူ မဟုတ်ခဲ့ပါ။

ဘယ်အလုပ် လုပ်လုပ် တစ်လထက် ပိုမမြဲပဲ အဖေထွက်ခဲ့သည်ချင်းသာ။ ဒါကလဲ ခုမှမဟုတ် 'အထွန်း' ငယ်စဉ်ကလေးဘဝထဲကပါ။

ကြာတော့ အမေကလဲ အဖေ့အကြောင်းကိုသိ၍ သူ့ဖာသူပဲ အလုပ်ကို ရှာဖွေလုပ်တော့သည်။ မိန်းမလုပ်တဲ့သူကရှာတော့ အဖေကပိုငြိမ်းချမ်းကာ ပိုတာဝန်ပေါ့ပြီး အရက်သောက်မယ့် အလုပ်ကိုပဲ အလုပ်ဟုထင်ကာ အရက်ပဲ သောက်နေပါတော့သည်။

ဒီဘဝကြီးကို 'အထွန်း' စိတ်ပျက်သည်။ ဖြစ်နိုင်လျှင် 'ထင်ရ' တို့လို နေချင်သည်။

'ထင်ရ' ဖခင်က သင်္ဘောအရာရှိဖြစ်ကာ မိခင်က ဆရာဝန်မကြီးမို့ 'ထင်ရ' တို့ဘဝက စိတ်သွားတိုင်းကိုယ်ပါ ပျော်နိုင်ကြပါသည်။

ပြီးခဲ့တဲ့နှစ်က 'အထွန်း' စာမေးပွဲကျကာ 'ထင်ရ' က ဂုဏ်ထူး သုံးလုံးနှင့် ဆယ်တန်းအောင်သွားခဲ့သည်။

'ထင်ရ' ထက်စာလျှင် 'အထွန်း' က စာပိုတော်ပေမယ့် 'ထင်ရ' လို ကျူရှင်ကောင်းတွေ မတက်နိုင်တာ 'အထွန်း' ဘက်က ချို့ယွင်း ချက်ပါ၊ ဒီကြားထဲ 'အထွန်း' မို့ စာကျက်မယ်မကြံနှင့် အဖေ့ အော်

www.burmeseclassic.com

www.burmeseclassic.com



သံပာစ်သံ ဆူပူသံတွေက 'အထွန်း' ကို ဒီကမ္ဘာမြေက ထွက်ပြေး စေချင်သည်အထိပါ။

'ထင်ရ' က ဆယ်တန်းကို ထူးချွန်စွာအောင်၍ တက္ကသိုလ် ဆက်တက်ခွင့်ရပေမယ့် 'အထွန်း' ဆယ်တန်းအောင်တော့ 'အထွန်း' က ဘာဆက်လုပ်ရမှာလဲ။

စားဖို့ပင် မနည်းကြိုးစားကာ စက်ချုပ်ရင်း ရှာဖွေနေရသော အမေ့ကို 'အထွန်း' အပူမပေးချင်တော့ပါ။

ဖြစ်နိုင်လျှင် 'အထွန်း' ဖားကန့်ကိုပဲ သွားချင်ပါသည်။ ကျောက်အောင်၍ ပြန်လာလျှင် အမေ့ကို စက်မချုပ်ခိုင်းတော့ပါ။ 'ထင်ရ' အမေ ဆရာဝန်မကြီးလို စည်းစိမ်အပြည့်နှင့် နေခိုင်းမည်။ ဒီအတွေးဖြင့် 'အထွန်း' ကျောင်းဆက်မတက်ဘဲ နေဖြစ်ခဲ့တာပါ။

ခု 'ဖိုးဖိုး' လုပ်တာနဲ့ သူ့စာဆက်ကျက်ရတော့မည်။

သူ့ သူငယ်ချင်းတွေဖြစ်တဲ့ 'မြင့်သိန်း' တို့ဆီကလဲ ခုထိ အ ဆက်အသွယ် ရောက်မလာသေးပါ။

သူတို့ ဖားကန့်ကိုရောက်ပြီး အဆင်ပြေလျှင် 'အထွန်း' ဆီ ကို အကြောင်းကြားလိုက်မည်ဟု မှာပြီးထွက်သွားတာ နှစ်လခန့် ပင်ကြာခဲ့ပါပြီ။

ခုထိ အကြောင်းမကြားသေးပုံထောက်တော့ အဆင်ပဲ မပြေ လို့လား... ငှက်ဖျားပဲမိနေပြီလား... 'အထွန်း' လဲ မဝေခွဲတတ်ပါ။

လောလောဆယ် 'အထွန်း' အတွက် ပြေးစရာ မြေမရှိပါ။ ရွေးချယ်စရာလမ်းလဲ မရှိပါ။ 'အထွန်း' ခေါင်းကိုညိတ်ကာ 'ဖိုးဖိုး' ကို ကတိပေးလိုက်ရပါသည်။

"ကျွန်တော် 'ဖိုးဖိုး' စကား နားထောင်ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"အေး... ငါ့မြေးရဲ့ စိတ်ကို 'ဖိုးဖိုး' နားလည်ပြီးသားပါကွယ်"

* * *

www.burmeseclassic.com

www.burmeseclassic.com



## ၂၄

ခက်တာက သူရှေ့က မိန်းမကို သူဘယ်လိုခေါ်ရမှာ ပါလိမ့်။

တီချယ်ဟုခေါ်ရမှာလား၊ ဒါမှမဟုတ် ဆရာမလို့ ခေါ်ရမှာ လား။

ဆရာမဟုခေါ်ရအောင်ကလဲ ပုံစံက တစ်စက်မှကို အချိုးမပြေ ပါ။

သူ့ရှေ့ကို တပည့်ရောက်လာတာပင် ဆရာမက အဖက်မ လုပ်ဘဲ အိုက်တင်နဲ့ စာအုပ်ဖတ်နေလေသည်။

ဘာလဲ သူကပဲ စာသင်ပေးပါ ဆရာမရယ်ဟု ဒူးထောက်ကာ သူတောင်းစားလို တောင်းဆိုနေရမှာလား … ဝေးသေး။

'အထွန်း' ဆိုတဲ့ အကောင်က ဘယ်သူ့ကိုမှ အောက်ကျို့ခံ ဖို့ မွေးလာတာ မဟုတ်။ ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်ကိုလဲ

www.burmeseclassic.com

www.burmeseclassic.com



သူနည်းနည်းလေးမှ အောက်မကျို့ချင်တာကြောင့် နေရာမှ ဝုန်းကနဲအထ ဆရာမဆီက မာဆတ်ဆတ် အသံ ထွက်လာပါတော့သည်။

"ဒါ စာလာသင်တဲ့ တပည့်တဲ့လား"

"ကျုပ်က လုံးဝ သင်ချင်တာ မဟုတ်ဘူး... 'ဖိုးဖိုး' ကို အားနာလို့"

"အေး... ငါကလဲ မင်းလို တပည့်မျိုးနဲ့ ဆရာမ မဖြစ်ချင်ပါဘူး... အချိန်ကုန်တယ်... လူပမ်းတယ်"

"အဲဒါ ကျုပ်ပြောရမယ့် စကားဗျ... ခင်ဗျား သိပ် သင်ချင်ရင် ဘုန်းကြီးကျောင်းမှာ သွားသင်... ကျုပ်ကတော့ တော့တာပဲ"

ပြောရင်း 'အထွန်း' ခြံထဲမှ ခြေလှမ်းကြဲဖြင့် ထွက်လာခဲ့လိုက်သည်။ 'ဖိုးဖိုး' ကိုတော့ အားနာပါသည်။ ဒါပေမယ့် 'ဖိုးဖိုး' ရဲ့မြေးမက ကြီးကျယ်လွန်းလှချေသည်။

သူ့ကိုယ်သူ ပညာတတ်တယ်ဆိုပြီး အလကားနေ အောက်ခြေလွတ် ဘဝမြင့်နေသူတည်း။

တကယ်တော့ သူမ တတ်ထားတယ်ဆိုတဲ့ ပညာက စာအုပ်ထဲက စာတွေပါ။ ဒီစာတွေ ကျက်ရင် ဒီလိုပဲ အောင်မယ်ဆိုတာ လူတိုင်းသိနေတာပဲ။

'အထွန်း' သာ စာမကျက်ချင်လို့ မအောင်တာ... အောင်တော့ ကော သူ့အဖို့က ဘာလုပ်ရမှာလဲ။

ဒေါ်ပွပွဖြင့် ခြံထဲဝင်လာကာ ပက်လက်ကုလားထိုင်ပေါ် ပစ်အထိုင် မေမေက ဆီးမေးပါသည်။

"ဘာဖြစ်လာတာလဲ 'အထွန်း'"

"ဟာ... မေမေတို့အတင်း တိုက်တွန်းလို့သာ သွားရတာ...

www.burmeseclassic.com

www.burmeseclassic.com



သား စာမသင်ချင်ဘူး… ဆရာမပုံစံကလဲ မာကျွတ်ကျွတ်နဲ့”

“ဒါဆိုလဲ သားဘက်က ပျော့လိုက်ပေါ့ကွယ်… သားက ပညာ လိုချင်နေတဲ့သူပဲ”

“မပျော့နိုင်ပါဘူး… သားပညာလဲ မတတ်ချင်ဘူး… ဒီပညာ တွေတတ်လို့ကော ဘာလုပ်ရမှာလဲ… မေမေတို့ သားကို ဆေး တက္ကသိုလ် ထားပေးနိုင်မလား… ဒါမှမဟုတ် စက်မှုတက္ကသိုလ်ကို ပို့ပေးနိုင်မလား”

သားစကားကြောင့် ‘မမြမှု’ ငေးငိုင်သွားရပါသည်။

သားပြောတာလဲ ဟုတ်နေပါသည်။ ဆေးတက္ကသိုလ်ကိုပို့ဖို့ မပြောနှင့် ဒီနေ့ ‘မမြမှု’ မချုပ်နိုင်လျှင် မနက်ဖြန်စားဖို့ အတွက်ပင် မရှိပါ။

ဒီတစ်အိမ်လုံး၏ ပင်မအသက်သွေးကြောက ‘မမြမှု’ ဖြစ်နေ ရသည်။ တကယ်တော့ ‘မမြမှု’ ကိုယ်တိုင်လဲ သူဌေးသမီးဘ၀က လာသူမို့ ဘာမှလုပ်တတ်သူ မဟုတ်ပါ။

မောင့်တစ်မျက်နှာ တစ်ရွာထင်ကာ အားကိုးပြီး လိုက်လာခဲ့ တဲ့သူကလဲ ‘မမြမှု’ ထင်ထားသလို အားကိုးရတဲ့ သူမဟုတ်ပါ။ ရုပ်ကလေးချော၊ အပြောလေးပဲကောင်းကာ လက်ကြောမတင်းသူ တစ်ယောက်မို့ သားတစ်ယောက်ရလာသည့်တိုင် သူ့မိဘကျွေးတာ ကိုပဲ ထိုင်စားနေသည်။ အလုပ်လုပ်ခိုင်းတော့လဲ ဘယ်အလုပ်မှ မြဲသည်မရှိပါ။

နှစ်ပေါင်းများစွာ ကြာလာတော့ … တင်ကျွေးထားရတဲ့ သူ့ယောကျ်ားရဲ့ မိဘတွေကို အားနာလာပါသည်။ သူတို့ခမျာလည်း ရှိကြသည်မဟုတ်ပါ။ သားဖြစ်သူကို ချစ်လွန်း၍သာ ကျွေးထား

www.burmeseclassic.com

www.burmeseclassic.com



တာပါ။

ကိုယ့်အိုးကိုယ့်အိမ်နဲ့နေလျှင် ယောကျ်ားဖြစ်သူ ကြိုးစားလာမလားအောင်းမေ့ကာ ဒီ ပြင်ဦးလွင်ကို ပြောင်းလာခဲ့ပေမယ့် ပြောင်းလာတာပဲ အဖတ်တင်ပါသည်။ သူ့ယောကျ်ားက အချိုးမပြောင်းပါ။

မိဘစကားကို နားမထောင်ဘဲ ကိုယ်လုပ်ချင်တာ ကိုယ်လုပ်ခဲ့မိ၍ 'မမြမူ' ဒီလို စိတ်ဆင်းရဲနေရတာပဲ ဖြစ်ပါမည်။ သူမစိတ်ဆင်းရဲတာက အရေးမကြီး ဘာမှမဆိုင်တဲ့ သားလေးကပါ အချောင်စိတ်ဆင်းရဲနေရတာကိုတော့ 'မမြမူ' မကြည့်လို မမြင်ရက်ပါ။

ဖြစ်နိုင်လျှင် သားကို သူ့ဖိုးအေလို သူ့ဘကြီးလို ပညာတတ်ကြီး ဖြစ်စေချင်လှပါသည်။ ခက်တာ သားက ခေါင်းမာလွန်းအားကြီးသည်။

သူမှန်တယ်ထင်လျှင် ဘယ်တော့မှ ပြော၍မရ။ စိတ်မောစွာသက်ပြင်းအချ သားလုပ်သူက နေရာမှထကာ သူ့ဖာသူ သီးသန့်နေသော ကားဂိုဒေါင်လေးဘက်ကို ထွက်သွားပါသည်။

ဒီဖက်အိမ်မှာနေလျှင် အဖေဖြစ်သူနဲ့ မတည့်၍ စရောက်ထဲက သားက ကားဂိုဒေါင်ဘက်မှာပဲ နေသည်။

ကွပ်ပျစ်လေးတစ်လုံး စားပွဲခုံလေးတစ်ခုသာရှိပေမယ့် 'အထွန်း' အတွက် နေရတာလွတ်လပ်သည်။ သီချင်းတွေ အကျယ်ကြီးအော်ဆိုနိုင်သည်။ လောကကြီးကို မကျေနပ်လျှင် ထိုးဖို့ သဲအိတ်ကြီးတစ်လုံး ချိတ်ထားသည်။ 'အထွန်း' အပိုင် ဂစ်တာ လေးတစ်လုံးရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



'အထွန်း' သဲအိတ်ကြီးကို မနားတမ်းထိုးကာ အိပ်ယာပေါ် လှဲအိပ်လိုက်သည်။

နားထဲမှတော့ 'ဖိုးဖိုး' ရဲ့မြေး ပြောလိုက်သော စကားအတွက် ခံပြင်းနေမိပါသည်။

ဘာတဲ့ ငါကလဲ မင်းလို တပည့်မျိုးရဲ့ ဆရာမ မဖြစ်ချင်ဘူး... အချိန်ကုန်တယ် လူပမ်းတယ်တဲ့ ...

ကျွန်တော်ကလဲ ခင်ဗျားရဲ့ တပည့်လုပ်ဖို့ ဝေးလို့ ခင်ဗျားနဲ့ ပတ်သက်ရတာတောင် စိတ်ပျက်မိပါသေးတယ်ဗျာ။ အတွေးဖြင့် နေရာကအထ ...

" 'ကိုထွန်း' ရှိလားဟင်"

'ချစ်ချစ်' ကားဂိုဒေါင်ထဲဝင်လာတာ သူတွေ့လိုက်ရပါသည်။ သူငယ်ချင်း 'ထင်ရ' နဲ့ ပတ်သက်ကာ ညီမလေးတစ်ယောက်လို ခင်တွယ်မိပေမယ့် 'ချစ်ချစ်' ဘက်က မရိုးသားတာတွေကို 'အထွန်း' ရိပ်မိနေပါသည်။

"ဘာလဲဟာ... နောက်မှလာ"

" 'ကိုထွန်း' ကလဲ 'ချစ်ချစ်' က စာမေးချင်လို့ပါ... 'ကိုထွန်း' က သင်္ချာမှာ အရမ်းတော်တယ်လို့ ကိုကိုက ပြောဘူးတယ်လေ"

"ငါ့ခေါင်းထဲက ရှိသမျှစာတွေ ပုံပြေးကုန်ပြီ... နင်လဲ ပြန်တော့"

"ဟာ... 'ကိုထွန်း' ကလဲ လာတောင်မလာရသေးဘူး... အတင်းပဲ နှင်နေတာပဲ"

"နှင်ရမှာပေါ့ဟ... ဒါ လူပျိုခန်း"

"လူပျိုခန်းကို အပျိုမလာရဘူးလို့ ဘယ်သူကပြောလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ငါက ပြောတယ်... နင်ပြန်တော့"

"ကြည့် 'ချစ်ချစ်' ကဖြင့် ကိုကိုမရှိလို့ 'ကိုထွန်း' ကို ကိုယ့်အစ်ကိုအရင်းလို ခင်တာ 'ကိုထွန်း' က အလကားပဲ"

'ချစ်ချစ်' က ခြေဆောင့်ကာ ငိုတော့မယ် ရုပ်လေးဖြင့် ပြောလာတော့ သူသနားသွားခဲ့ရလေသည်။

အသားညိုညို မျက်လုံးပြူးပြူးလေးဖြင့် 'ထင်ရ' လောက် မချောမွေ့ပေမယ့် နဖူးပေါ် ညီညီညာညာချထားသော ဆံပင်ပျော့လေးဖြင့် 'ချစ်ချစ်' က ချစ်စရာကောင်းသူလေးပါ။

သူတို့ ပြင်ဦးလွင်ကို စပြောင်းလာထဲက လိုအပ်တာမှန်သမျှ အကူအညီပေးခဲ့ကြသူတွေပါ။

'ထင်ရ' က အသားဖြူဖြူ အရပ်မြင့်မြင့်နဲ့ချောသလို 'ဘင်္ဂ' ဟု 'အထွန်း' တမင်နောက်ခေါ်တဲ့ 'ချစ်ချစ်' ကလဲ ညိုညိုမြင့်မြင့်လေးနဲ့ ချစ်စရာကောင်းသူပါ။ 'ချစ်ချစ်' က ဒီနှစ်မှ ကိုးတန်းတက်လာသူဖြစ်ပါသည်။

ဆယ်တန်းအောင်ပြီးထဲက 'ထင်ရ' က ရန်ကုန်က အမျိုးတွေဆီသွားကာ လိုအပ်တဲ့ သင်တန်းတွေ တက်နေတာမို့ 'ဘင်္ဂ' တစ်ယောက်ပဲ အားငယ်နေတာဖြစ်ပါသည်။

"တော်ပြီ... 'ချစ်ချစ်' ကဖြင့် 'ကိုထွန်း' စာသင်ပြီးရင် စားပါစေဆိုပြီး ဒေါ်ကြီးကို ခေါက်ဆွဲကြော်ခိုင်းခဲ့တာ ခုတော့ အလကားပဲ သွန်ပစ်လိုက်တော့မယ်"

'ချစ်ချစ်' က ခြေဆောင့်ကာ အခန်းထဲကအထွက် 'အထွန်း' 'ချစ်ချစ်' လက်ကိုဆွဲကာ တောင်းပန်လိုက်မိပါသည်။

"ဟာ... အဲဒီလိုတော့ မလုပ်လိုက်ပါနဲ့ 'ဘင်္ဂ' ရယ် ...

www.burmeseclassic.com

www.burmeseclassic.com



'ကိုထွန်း' ညီမလေးက လိမ္မာပါတယ်"

"ဟင့်အင်း... လိမ္မာရင် လူတွေက အနိုင်ကျင့်ချင်တယ် ... ဆိုးတာပဲကောင်းတယ်... 'ကိုထွန်း' လိုပဲ 'ချစ်ချစ်' လဲ မလိမ္မာချင်တော့ဘူး"

"'ဘဂ်' ကလဲ 'ကိုထွန်း' က တမင်သက်သက်နောက်နေတာပါ... သဘောဗျာ... 'ကိုထွန်း' အခန်း ကြိုက်သလောက် ဝင်စေထွက်စေပဲ... ဘယ်မှာလဲ 'ဘဂ်' မေးချင်တယ်ဆိုတဲ့ သချာပုစ္ဆာ"

'အထွန်း' ဘက်က ပျော့ပြောင်းလာမှ 'ချစ်ချစ်' မျက်နှာလေးက ကြည်လင်လာသည်။

'ထင်ရ' မရှိဘူးဆိုတော့လည်း သူငယ်ချင်းရဲ့ ညီမလေးကိုသူ့ရဲ့ ညီမလေးလို သဘောထားရပေမည်။ 'ထင်ရ' ရှိတုံးကဆို 'ထင်ရ' က 'အထွန်း' အပေါ်အရမ်းကို ကောင်းခဲ့တဲ့ သူငယ်ချင်းတစ်ယောက်ပါ။

'ထင်ရ' တို့ အခြေအနေနဲ့ 'အထွန်း' တို့အခြေအနေက အများကြီး ကွာခြားပေမယ့် 'အထွန်း' ကို လယ်ဗယ်တူ ဆင်ဆံခဲ့သည်။ သူတင်မက သူ့မိဘတွေကော သူ့ညီမလေးကိုပါ 'အထွန်း' တို့ မိသားစုအပေါ် ဖေးဖေးမမ ဆက်ဆံစေခဲ့ပါသည်။

'အထွန်း' ရဲ့ ဂစ်တာလေးက 'ထင်ရ' မွေးနေ့လက်ဆောင်အဖြစ် အမှတ်တရ ဝယ်ပေးထားခဲ့တဲ့ ဂစ်တာလေးပါ။

'အထွန်း' ကိုယ်မှာ ဝတ်ထားတဲ့ ဂျင်းဝတ်စုံလေးကလည်း 'အထွန်း' ဝယ်ချင်တယ်ဟု နှုတ်မှ လွှတ်ကနဲထွက်သွားမိ၍ 'ထင်ရ' ကိုယ်တိုင် မန္တလေးဆင်းကာ ဝယ်လာပေးခဲ့တဲ့ ဝတ်စုံလေးပါ။

သူငယ်ချင်းကို သတိရကာ ငိုင်အသွား ..

www.burmeseclassic.com

www.burmeseclassic.com



"နေ့လည်ကတောင် ကိုကို့ဆီက ဖုန်းလာသေးတယ် ... 'ကိုထွန်း' ကော ဒီနှစ်ပြန်ဖြေဖြစ်လားတဲ့ ... ပြန်ဖြေဖြစ်အောင် ဖြေပါတဲ့... လိုအပ်တဲ့ စာအုပ်စာတမ်းတွေ ရန်ကုန်က ဝယ်ပို့ပေးလိုက်မယ်တဲ့... 'ချစ်ချစ်' ကတော့ မသိသေးဘူးလို့ပဲ ဖြေလိုက်တယ်"

"အဲဒါပဲ ကောင်းပါတယ်"

စာမေးပွဲဖြေဖို့ အသားထား လောလောဆယ် ဆရာမနဲ့သူနဲ့ပင် အစေးမကပ်သေးပါ။

"ကဲ... နင် မေးချင်တဲ့ပုစ္ဆာ ဘယ်မှာလဲ ငါဗိုက်ဆာလာပြီ"

'ချစ်ချစ်' က သူယူလာသော သင်္ချာစာအုပ်ကို ထုတ်အပြ 'အထွန်း' စာရေးစားပွဲတွင် ထိုင်ကာ တစ်ထိုင်တဲ တွက်ပေးလိုက်သည်။ တွက်ပေးရင်းမှပဲ ရှင်းပြလိုက်သေးသည်။

ခေါင်းစုတ်ဖွားကြားမှ 'အထွန်း' ရဲ့မျက်နှာ နုနုချောချောကို ငေးကြည့်ရင်း 'ချစ်ချစ်' တီးတိုးမေးသည်။

" 'ကိုထွန်း' ဒီလောက် တော်နေရက်နဲ့ စာမေးပွဲအောင်အောင် ဘာလို့မဖြေတာလဲ"

"မအောင်တာ မတော်လို့ပေါ့ 'ဘဂ်' ရယ် ... ကဲ... ဘယ်မှာလဲ ခေါက်ဆွဲကြော်"

"အိမ်မှာလေ... မာမီလဲ ဆေးရုံက ပြန်မလာသေးဘူး... မီးဖိုထဲမှာပဲ သွားစားကြမယ်"

'ထင်ရ' ရှိနေစဉ်ကလဲ ဒီလိုပဲ စားချင်တာ ဒေါ်ကြီးကို ချက်ခိုင်းပြီး စားနေကြမို့ နှစ်ယောက်သား 'ချစ်ချစ်' တို့ခြံဘက်ကို ကူးလာခဲ့လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၂၅

'ချစ်ချစ်' တို့ခြံက 'အထွန်း' တို့ခြံထက် ပိုကျယ်ကာ ခြံထဲတွင် တစ်ထပ်တိုက်ပုလေးဖြင့် အပုံစားလေးပါ။ 'ချစ်ချစ်' တို့ စီးဖို့ သူ့အဖေပို့ထားသော 'ပါပလေကာ' ကားသစ်လေးလဲ ရှိသေးသည်။

'ထင်ရ' နဲ့ 'ဘင်္ဂ' စီးဖို့ စက်ဘီးလေးတွေလဲ အသစ်ချပ်ချွတ်လေးတွေ။

'အထွန်း' ဘဝကတော့ ချို့တဲ့လိုက်တာ အဝတ်အစားပင် ထည်လဲပြောင်းမဝတ်နိုင်၍ 'ထင်ရ' ဝယ်ပေးထားသော ဂျင်းအင်္ကျီ တစ်စုံထဲကိုပင် မချွတ်တမ်းဝတ်နေရတာကိုပဲ ကြည့်ပါ။ ဒါကို ဖိုးဖိုးမြေးက သူ့ကိုယ်နဲ့ကို ရှုရမှာ အသက်ရှုတောင် ကြပ်သေးသတဲ့လား။

" 'ဘင်္ဂ' ငါ့ကိုနမ်းကြည့်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်လို ပြောလိုက်တဲ့ 'အထွန်း' ရဲ့စကားကြောင့် 'ချစ်ချစ်' မျက်နှာလေး ရဲတက်သွားရ၍ ...

"မဟုတ်ပါဘူး... 'ဘင်္ဂ' ရာ... ငါ့အင်္ကျီက ချွေးနံ့ နံ့နေသလားလို့ မေးကြည့်တာပါ"

'ချစ်ချစ်' က သူ့အင်္ကျီကိုဆွဲကာ နမ်းကြည့်ရင်း မပွင့်တပွင့် ဖြေလေသည်။

"နည်းနည်းတော့ နံသလားလို့"

"မနံပါဘူးဟာ... ရေမွှေးမှ မဆွတ်နိုင်တာ ဒီလောက်တော့ ရှိမှာပေါ့ ... ဒါကို စော်စော်ကားကား"

"ဘယ်သူက ဘာပြောလိုက်လို့လဲ"

'အထွန်း' 'သိုက်' နဲ့ ဖြစ်လာတာကို ပြန်ပြောအပြ 'ချစ်ချစ်' က ရယ်နေလေသည်။

"အဲ့ဒီ အစ်မပုံစံက သဘောကောင်းမယ့်ပုံလေးပါ"

အဟွန်း ... ဒီလောက်မာနကြီး ဘဝင်မြင့်တာကို 'ချစ်ချစ်'က သူမဘက်က လိုက်ပြောနေသေးသည်။

သူမ လိုက်မခေါ်သမျှ မသင်ဘူးဟု ဆုံးဖြတ်ထားတာမို့ 'ချစ်ချစ်' တို့အိမ်က အပြန် အိမ်ကိုမဝင်ဘဲ မြို့ထဲဘက် လျှောက်လည်လိုက်သေးသည်။ မိုးစုပ်စုပ်ချုပ်မှ အိမ်ကိုအပြန် မေမေက 'အထွန်း' ကို ဆူလေသည်။

"ဘယ်တွေ လျှောက်သွားနေတာလဲ သားရယ်... 'သိုက်' မှာ စာသင်ပေးဖို့ဆိုပြီး တစ်ညနေလုံး လာထိုင်စောင့်နေတာ... အားနာစရာကြီး"

အမှန်မှာ 'သိုက်' လိုက်လာဖို့ မရည်ရွယ်ပါ။ ဖိုးဖိုးကကား

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်သာ 'သိုက်' လိုက်လာခဲ့ရတာပါ။ ဖိုးဖိုးက 'သိုက်' ကို ဆုံးမသည်။

"ကိုယ်က မိဘမေတ္တာကော ငွေရေးကြေးရေးပါ အစစအရာရာ ပြည့်စုံပေမယ့် လူတိုင်းက ပြည့်စုံကြတာ မဟုတ်ဘူး ငါ့မြေးရဲ့… အထူးသဖြင့် 'အထွန်း' တို့ဘဝဆို ပိုလို့တောင် မပြည့်စုံသေးတယ်… သူ့ခမျာ မိဘမေတ္တာကော… ငွေရေးကြေးရေးပါ မပြည့်စုံရှာတော့ အလိုမပြည့်တဲ့ သူ့စိတ်ဓါတ်လေးနဲ့ ထွက်ပေါက်ရှာနေရတာ… ဒီလိုကလေးမျိုးကို ကိုယ်က မီးလောင်ရာလေပင့်တဲ့ 'လေ' မဖြစ်စေရဘူး… 'ရေ' ဖြစ်အောင် ကြိုးစားပေးရမယ် … သူတို့ဘဝ သူတို့အဖြစ်ကို နားလည်အောင် ကြိုးစားပေးရမယ်"

ကျွန်မ ကြိုးစားပေးချင်ပေမယ့် ထောင်မကျိုးတဲ့ သူ့ရဲ့အပြုအမူ၊ သူ့ရဲ့အပြောတွေက ကျွန်မကို မျက်မုန်းကျိုးစေပါသည်။

"ဘာပဲဖြစ်ဖြစ် ငါ့မြေးရဲ့ မောင်လေးတစ်ယောက်သာ ဒါမျိုးဖြစ်နေရင် ငါ့မြေး ဒီလိုပဲ ကြည့်နေနိုင်မလား"

ကျွန်မရဲ့ မောင်လေးဆိုလဲ ဒါမျိုး ဖြစ်မည်မထင်ပါ။

"ဘာပဲဖြစ်ဖြစ် ဖိုးဖိုးကတော့ ငါ့မြေးရဲ့ အစွမ်းအစ ဘယ်လောက်ရှိတယ်ဆိုတာကို စောင့်ကြည့်ရမှာပါပဲ"

ဖိုးဖိုးက ဒီလိုပြောလာတော့ ကျွန်မ ဒီအတိုင်းနေ၍ မဖြစ်တော့ပါ။

'အထွန်း' လာတုံးကလည်း ကျွန်မက အိမ်ရှင်ဖြစ်ပါရက် ကြိုဆိုရမယ့်အစား မသိကျိုးကျွံပြုကာ စာအုပ်ဖတ်နေခဲ့မိသည်။

ပြီးတော့ သူနဲ့ပြိုင်ကာ ခပ်ကြောကြော စကားတွေ ပြောခဲ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို ကျွန်မဖက်ကသာ ပြေပြေလည်လည် ဆက်ဆံခဲ့မယ်ဆို ခုလောက်ထိ အခြေအနေဆိုးသွားစရာ အကြောင်းမရှိပါ။

ကျွန်မ သက်ပြင်းချကာ တဖက်ခြံရှိရာကို လျှောက်လာခဲ့လိုက်မိပါသည်။

ခြံဆိုပေမယ့်လည်း လှလှပပ ပန်းပင်တွေနဲ့ ခြံမဟုတ်ပါ။

သစ်ပင်ကြီးများနဲ့သာ စိမ်းစိုနေသော ခြံကြီးဖြစ်ပြီး ခြံအလယ်လောက်တွင် သစ်သားအိမ်မဲမဲလေးရှိတာကြောင့် အိမ်ထဲကို ငဲ့အကြည့် ...

"ဟယ်... 'သိုက်' "

အစ်မ 'မမြမူ' က တအံ့တသြဖြင့် ကျွန်မဆီကို ပြေးလာပါသည်။

" 'သိုက်' လာတယ် ဟုတ်လား..."

" 'အထွန်း' ကော အစ်မ"

"ခုနက သူ့အခန်းထဲကို ဝင်သွားတာပဲ"

အစ်မ 'မမြမူ' က 'အထွန်း' ၏အခန်းရှိရာ ကားဂိုဒေါင်ဘက်လျှောက်သွားပါ၍ ကျွန်မပါ 'မမြမူ' နဲ့ရောကာ လိုက်သွားမိသည်။

" 'အထွန်း' က ဒီမှာနေတာလား"

"အိမ်မှာဆို သူ့အဖေနဲ့ မတည့်ဘူးလေ... ဒီမှာဆို အေးအေးဆေးဆေးနေရတယ်ဆိုပြီး သူ့ဖာသူ ပြောင်းနေတာ"

ကွပ်ပျစ်လေးတစ်ခု၊ စားပွဲခုံလေးတစ်လုံးဖြင့် 'အထွန်း' ရဲ့အခန်းလေးက ဘာ သားနားမှုမှ မရှိပါ။

အခန်းရဲ့ထောင့်တွင် သဲအိတ်တစ်လုံးကို ချိတ်ထားကာ

www.burmeseclassic.com

www.burmeseclassic.com



ကုတင်ပေါ်တွင် ဂစ်တာလေးတစ်လုံးကို ထောင်ထားပါသည်။

စာကြည့်စားပွဲပေါ်မှာတော့ စာအုပ်တွေက ဖရိုဖရဲ ပွပြဲနေပါ၍ အစ်မ 'မမြမူ' က စာအုပ်တွေကို စီပေးရင်း ကျွန်မကို အားနာစွာ လှည့်ပြောပါသည်။

"'အထွန်း' က ဒီလိုပဲ 'သိုက်' ရယ်... ရှင်းတယ်... လင်းတယ် ဘယ်တော့မှ မရှိဘူး"

"ရပါတယ် အစ်မ ခုနက 'သိုက်' နဲ့ 'အထွန်း' နဲ့ စကားပြောအဆင်မပြေဘူးဖြစ်သွားတယ်... သေသေချာချာ ပြန်စဉ်းစားလိုက်တော့လည်း 'အထွန်း' ဘက်က မမှားပါဘူး... 'သိုက်' က အိမ်ရှင်လေ... ကိုယ့်ဆီ တကူးတကစာလာသင်တဲ့သူကို ချိုသာရမှာပေါ့ 'သိုက်' မှားသွားပါတယ် အစ်မ... အဲဒီကိစ္စအတွက် 'သိုက်' လာတောင်းပန်တာပါ"

"အို... 'သိုက်' မမှားပါဘူးကွယ်... "ပညာလိုပမာ သူဖုန်းစား" လို့တောင် စာဆိုရှိသေးတာပဲ... 'အထွန်း' သာ ပညာတကယ် လိုချင်တယ်ဆိုရင် 'သိုက်' ပြောသမျှ နားထောင်ရမှာပေါ့... ခုတော့ သူကလဲ ဆတ်ဆတ်ထိမခံ အစ်မကပဲ 'သိုက်' ကို တောင်းပန်ရမှာပါကွယ်... ခုလည်း ဘယ်ထွက်သွားပြန်ပြီ မသိပါဘူး... 'အထွန်း' အတွက် အစ်မစိတ်ညစ်ရပါတယ် 'သိုက်' ရယ်"

ပြောရင်း အစ်မ 'မမြမူ' က မျက်ရည်အကျ ကျွန်မစိတ်မကောင်းသလို သက်ပြင်းချလိုက်မိပါသည်။ ဒါတွေကြောင့်ပဲ ဖိုးဖိုးက ကျွန်မကို အကူအညီတောင်းတာ ထင်ပါရဲ့။

ဘာပဲဖြစ်ဖြစ် ကျွန်မမှာ တာဝန်ရှိတာမို့ 'မမြမူ' တို့အိမ်လေးဘက်ကို ပြန်လာကာ 'အထွန်း' ကို စောင့်နေမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'အထွန်း' ရဲ့အခန်းလေးလိုပင် ဘာသားနားမှုမှ မရှိသော အစ်မ'မမြမူ' ရဲ့အိမ်ခန်းလေးကို ငေးကြည့်ရင်း ကျွန်မ 'မမြမူ' ကို သနားမိပါသည်။

တကယ်လို့ ပြည့်စုံသောဘဝသာဆို 'မမြမူ' ကော စိတ်မ ချမ်းသာဘဲ နေပါ့မလား။

ကျွန်မ မိဘတွေနဲ့ မန္တလေးက အိမ်မှာဆို ဧည့်ခန်းကပင် အိမ်တစ်လုံးစာမျှ ကျယ်ဝန်းကာ ယခု ကျွန်မထိုင်နေရတဲ့ ဧည့်ခန်း လေးက ဖြတ်စညှပ်စတွေနဲ့ ရှုပ်ပွနေသော အခန်းကျဉ်းလေးတစ် ခန်းမျှပါ။

အခန်းထောင့်တွင် ပက်လက်ကုလားထိုင်နှစ်လုံးရှိကာ နောက်ဖက်တွင် အိပ်ခန်းဖွဲ့ထားပုံရပါသည်။

'မမြမူ' က ကျွန်မကို အားတုံ့အားနာလေး ငေးကြည့်ရင်း သူ့ဖြတ်စညှပ်စတွေကို သိမ်းဆည်းနေပါသည်။

"အစ်မလဲ မိဘတွေရဲ့ဝဋ်ကိုလည်တာပါပဲကွယ်... လင်လဲ ဆိုး... သားလဲဆိုးနဲ့ တစ်ခါတစ်လေ တစ်ကိုယ်ကောင်းဆန်တယ် ဆိုဆို ဒီဝဋ်တွေက အမြန်ဆုံးကျွတ်လွတ်ဖို့ ဘုရားမှာ ဆုတောင်း တာပါပဲ"

ဘယ်သူမပြုမိမိမှုသာမို့ ကျွန်မလဲ အစ်မ 'မမြမူ' ကို မကယ် နိုင်ပါ။

"ဟို အစ်မမှာ အမျိုးတွေ ဘာတွေကော မရှိဘူးလားဟင်"

"'အထွန်း' ရဲ့အဖေဘက်ကတော့ ပခုက္ကူဘက်မှာရှိပါတယ် ဒါပေမယ့် သူတို့ကိုလဲ ဒုက္ခမပေးချင်တော့ဘူးလေ... သူတို့ခမျာလဲ နွမ်းပါးကြရှာပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အစ်မဘာကကကော"

ကျွန်မကအမေး အစ်မ 'မမြမူ' က နှမ်းယဲ့ယဲ့လေးပြုံးရင်း မချိုသလို ဖြေရှာသည်။

"မရှိတော့ဘူးလို့ပဲ ပြောရမှာပါပဲကွယ်... အစ်မရဲ့ ဒီလိုဘဝကို သူတို့ကိုလဲ မမြင်စေချင်တော့ပါဘူး"

ပြောရင်း အစ်မ 'မမြမူ' က နောက်ဖေးကို လှည့်ဝင်သွားတာ ကြောင့် ကျွန်မ ခဏစောင့်ကာ နှုတ်ဆက်ပြီး အိမ်ကို ပြန်လာခဲ့ လိုက်ပါသည်။

အိမ်ကို ပြန်လာရာ လမ်းတလျှောက်မှာတော့ ကျွန်မရင်ထဲ ဝေဒနာတွေ တစ်ပုံကြီးပါလာသလို ရင်မှာနင့်နေအောင်ခံစားနေရ ပါသည်။

ဒီလိုအဖြစ်တွေကြောင့်လဲ ဖိုးဖိုးက 'အထွန်း' ကို ဖြစ်ထွန်းစေ ချင်တာ ထင်ပါရဲ့လေ။

ဘယ်လိုဖြစ်ဖြစ် ကျွန်မကတော့ 'အထွန်း' ဆိုတဲ့ကောင်လေး ကို မဖြစ်ဖြစ်အောင် ဆွဲတင်ပေးဖို့ ဆုံးဖြတ်ခဲ့ပြီးပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



## ၂၆

ဒီနေ့ကတော့ 'ရတနာသိုက်' ဆိုတဲ့ ဆရာမကို 'အထွန်း' ရှောင်ပြေးနေတာ တတိယမြောက်နေ့ဖြစ်ပါသည်။

မနေ့ကလဲ တစ်နေကုန် အပြင်လျှောက်လည်ကာ မိုးကြိုးချုပ်မှပြန်လာခဲ့သည်။ ဒီနေ့လဲ အိမ်မှထွက်ရန်အကြံဖြင့် အပြင်ကိုအထွက် ခြံထဲကို လျှောက်ဝင်လာသော 'ရတနာသိုက်' ကြောင့် သူခိုးလူမိသလို နေရာမှာ ပေကပ်ကပ်အရပ် ...

"ဘယ်လိုလဲ ဒီနေ့လည်း ဘယ်ကိုရှောင်ပြေးအုံးမလို့လဲ"

'အထွန်း' 'ရတနာသိုက်' ကို ကျောပေးကာ နေရာမှာရပ်ရင်းဂျစ်ကန်ကန်ပြန်ဖြေလိုက်မိပါသည်။

"ခင်ဗျားကြီးနဲ့ ဘာဆိုင်လို့လဲ"

"ဟုတ်ပါတယ် 'မ' နဲ့မဆိုင်ပါဘူး... ဒါပေမယ့် ဆိုင်တဲ့နေ့

www.burmeseclassic.com

www.burmeseclassic.com



က အကြောင်းကိုပဲ တောင်းပန်ချင်လို့ လိုက်လာတာ… အဲဒီနေ့က 'မ' မှားသွားတယ်"

"မှားသွားတယ်… ဟုတ်လား"

"ဟုတ်တယ်… မှားသွားတယ်… တကယ်ဆို 'မ' 'အထွန်း' နဲ့ပြိုင်ပြီး စကားနိုင်လုနေဖို့ မလိုဘူးလေ… 'မ' က အကြီးပဲ"

'အထွန်း' 'မ' ကို စိုက်ကြည့်လိုက်မိပါသည်။

"ခင်ဗျားက ကျုပ်ထက် ဘယ်နှစ်နှစ်ကြီးလို့လဲ"

ကျွန်မလက်ကိုးချောင်း ထောင်ပြလိုက်မိပါသည်။

"အဲဒီတော့ 'မ' က မင်းကို အလျှော့ပေးရမှာပေါ့"

"ကျွန်တော် မထင်ပါဘူး"

"ဘာကိုလဲ"

"ခင်ဗျားရဲ့အသက် … တမင်ကြောချင်လို့ကို ခင်ဗျားဒီလောက်ကြီးပိုပြောနေတာ မဟုတ်လား"

ကျွန်မ ပြုံးလိုက်မိပါသည်။

"'မ' က ဒီလောက်ပဲ နုပျိုနေလို့လား"

'အထွန်း' ဘာမှ မပြောဘဲ တစ်ဖက်ကို လှည့်နေပါသည်။

အဝါနုရောင် ခေါင်းစွပ်ဆွယ်တာ၊ နက်ပြာရောင်လုံချည်လေးဖြင့် 'သိုက်' ရဲ့အသွင်က မသိလျှင် 'ချစ်ချစ်' နဲ့ ရွယ်တူလောက်ထင်ရတာပါ။

ထားပါ… လောလောဆယ် 'အထွန်း' က သူငယ်ချင်းတွေနဲ့တွေ့ဖို့ချိန်းထားတာကြောင့် 'မ' ကို ခွင့်တောင်းလိုက်မိပါသည်။

"ကျွန်တော် နေ့လည်မှ စာသင်လို့ရမလား"

"ခု 'မ' လာတာကလည်း စာသင်ဖို့ မဟုတ်ဘူး… မုန့်ဟင်းခါး

www.burmeseclassic.com

www.burmeseclassic.com



ကျွေးချင်လို့ 'အထွန်း' ကိုလာခေါ်တာ"

"ကျွန်တော့်ကို"

'အထွန်း' အံ့သြရပါသည်။ 'မ' က သူ့ကိုအရေးထားသတဲ့လား။ ဒီကမ္ဘာလောကမှာ 'ထင်ရ' တို့ မောင်နှမအပြင် သူ့ကို အရေးထားတဲ့လူ ရှိလာခဲ့ပြီလား။

"ဟုတ်တယ်လေ... 'အထွန်း' ကိုပေါ့... အိမ်မှာ ပြင်ခိုင်းထားခဲ့ပြီ"

"ဟို ကျွန်တော်လေ"

'အထွန်း' သူ့အင်္ကျီကို မဝံ့မရဲ ငုံ့ကြည့်လိုက်မိပါသည်။ သူ့အင်္ကျီက အနံ့အသက်တွေ 'မ' ရှူမိမှာ သူအားနာပါသည်။

'အထွန်း' ရဲ့ပုံစံကြောင့် 'မ' က အသံလွင်လွင်လေးဖြင့် ရယ်နေပါသည်။

"ဒီလောက် အေးနေတာ 'အထွန်း' ကိုယ်ကလည်း အနံ့မထွက်ပါဘူး... အဲဒီနေ့က 'မ' တမင်အနိုင်ယူပြီး ပြောလိုက်မိတာပါ"

'အထွန်း' 'မ' ရဲ့ရှေ့မှာ ခေါင်းငုံ့အရပ် ...

"လာ... ဟိုမှာ ဖိုးဖိုးလဲ စောင့်နေတယ်"

'အထွန်း' စက်ရုပ်ကို သံပါတ်ပေးထားသလို 'မ' နဲ့ တပါတည်း လိုက်လာခဲ့မိပါသည်။

ကိုယ့်ကိုယ်ကိုလဲ အတော်ကြီးကို အံ့သြနေမိလေသည်။

'မ' ရဲ့ ချိုသာတဲ့ စကားသံကြားမှာ သူ့ရဲ့ ပျော်ဝင်မှုက မြန်ဆန်လွန်းလိုက်တာ။ ဒါကြောင့် လူတွေက ပြောကြတာ ထင်ပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com



အချိုမကြိုက်တော့ လူမိုက်တဲ့။ ခု 'အထွန်း' လူလိမ္မာဖြစ်ပြီ ထင်ပါရဲ့နော်။

"လာ... လူလေး"

တစ်ဖက်ခြံကိုရောက်တော့ ဖိုးဖိုးက သူ့ကို ဆီးကြိုနေပါသည်။

"မနက်စောစောစီးစီး လူလေးကို ကျွေးချင်တာနဲ့ 'သိုက်' ကို ခေါ်ခိုင်းလိုက်တာ"

အငွေ့တထောင်းထောင်းထနေသော မုန့်ဟင်းခါးဟင်းရည်နံ့က 'အထွန်း' ရဲ့ဗိုက်ကို အသံမြည်စေပါသည်။

ညက မိုးကြီးချုပ်မှ ပြန်လာတာဆိုတော့ သူ့ဗိုက်ထဲမှာ အစာလုံးဝ မရှိပါ။

"တမင် 'အထွန်း' ကို ကျွေးချင်လို့ 'မ' ချက်ထားတာ"

" 'မ' ချက်တာ ဟုတ်လား"

'မ' က ခေါင်းညိတ်ပြတော့ သူအံ့သြရပါသည်။ 'မ' လို လှလှပပမိန်းကလေးတစ်ယောက်က ဒီလိုမွှေးကြိုင်နေတဲ့ မုန့်ဟင်းခါး မျိုးကို ချက်တတ်တာ အံ့သြစရာ ...

"ရန်ကုန်က 'မ' နေတဲ့ တိုက်ခန်းနားမှာ 'မြောင်းမြဒေါ်ချို' မုန့်ဟင်းခါးရောင်းတယ်လေ... 'မ' နေ့တိုင်းသွားစာရင်း ချက်နည်းကို မေးလာခဲ့တာ"

ကျွန်မ ရွှီးတာကို ဖိုးဖိုးကော 'အထွန်း' ပါ အကြွင်းမဲ့ယုံကြည်ကြ၍ ကျွန်မပြုံးမိပါသည်။ တကယ်တော့ 'မအေးမှုံ' ချက်ထားတာကို ကျွန်မက ငါးထပ်ဖြည့်၊ ကြက်သွန်နီထပ်ဖြည့်၊ ငြုတ်ကောင်းထပ်ဖြည့်နှင့် နမ်းဖြူးထားရုံသက်သက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



"ဖိုးဖိုးကော စားလေ"

'အထွန်း' စားပွဲတွင် ဝင်အထိုင် ဖိုးဖိုးက ခေါင်းခါပြသည်။

"ဖိုးဖိုး စားပြီးပါပြီ... လူလေးတို့ပဲ စားကြပါ"

မုန့်ဟင်းခါးကလဲ ကောင်းလွန်းတာလား၊ သူကပဲ ဆာနေလွန်းတာလား မသိပါ။ အပြည့်အမောက်ထည့်ထားတဲ့ ပန်းကန်သုံးပန်ကန်လောက် လျှောကနဲဝင်သွားပါတော့သည်။

"ထပ်ယူအုံးလေ 'အထွန်း' "

'သိုက်' မုန့်ပန်းကန်ကို လှမ်းပေးတော့ 'အထွန်း' ခေါင်းခါသည်။ စားပိုးနင့်တယ်ဆိုတာ ဒါမျိုးထင်ပါရဲ့။

စားပြီးတော့ 'အထွန်း' ချွေးတွေပြန်လာသည်။

"ရော့... 'အထွန်း' ဒါလေး ငုံထားလိုက်"

'မ' ပေးတဲ့ သကြားလုံးကို အငုံ့ နေသာထိုင်သာ ရှိသွားခဲ့သည်။

'မ' ကို စိုက်ကြည့်ကာ 'အထွန်း' တီးတိုးပြောလိုက်မိပါသည်။

"ကျေးဇူးပဲ 'မ' ... ကျွန်တော် နေ့လည်ကျရင် စာလာသင်ပါ့မယ်"

" 'မ' စောင့်နေပါ့မယ်"

သည်လိုနှင့် ကျွန်မနဲ့ 'အထွန်း' တို့ ပြေလည်မှုရရှိခဲ့ကြပါသည်။

ခင်မင်ရင်းနှီးကြပြီဆိုတော့လည်း 'အထွန်း' ရောက်မလာရင် ကျွန်မ မနေတတ်တော့သလို ကျွန်မဆီ မလာရရင်လည်း 'အထွန်း' မနေတတ်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် 'အထွန်း' ကလွဲ၍ အပေါင်းအသင်းမရှိတဲ့ ကျွန်မအတွက် 'အထွန်း' လာချိန်များက ကျွန်မအတွက် အဓိပ္ပါယ်ရှိသော အချိန်လေးများပင် ဖြစ်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



# ၂၇

ထိုနေ့က 'အထွန်း' ဗိုက်အောင့်၍ ကျောင်းလာမတက်တဲ့နေ့ပါ။ ဒါကို မသိတဲ့ ကျွန်မက 'အထွန်း' ကို နေ့ခင်းပိုင်းထဲက မျှော်နေမိပါသည်။ ကျွန်မဆီမှာ 'အထွန်း' အတွက် လက်ဆောင်လည်း ဝယ်ထားသေးသည်။

ကျွန်မနဲ့ မတွေ့ခင်ကတည်းက ခေါင်းစုတ်ဖွား၊ ဂျင်းဝတ်စုံတစ်စုံလောက်ဖြင့်သာ ဖြစ်သလိုနေတတ်သော 'အထွန်း' က ကျွန်မနဲ့ တွေ့ပြီးနောက်ပိုင်း ဆံပင်ကို သေသေသပ်သပ်ဖြီးကာ အဝတ်အစားကို စနစ်တကျ ဝတ်လာတတ်ပါသည်။

ဒါပေမယ့် 'အထွန်း' ရဲ့ အဝတ်အစားလေးတွေက အဟောင်းလေးတွေပါ။

စာသင်လာတဲ့ရက်တွေကြာတော့ 'အထွန်း' ရဲ့ဘဝကို နား

www.burmeseclassic.com

www.burmeseclassic.com



လည်လာသည်။ သူ့ခမျာ လူပျိုလေးတန်မဲ့ ဘဝကို ချို့ချို့ငဲ့ငဲ့ဖြတ်သန်းနေသူလေးပါ။ ဒီတော့ ဒီဘဝက လွတ်မြောက်ဖို့ သူရုန်းထွက်ချင်နေသည်။

သူဖားကန့်ကိုသွားမယ့်အကြောင်းလည်း ကျွန်မကို ဖွင့်ပြောပြခဲ့သည်။ စာမေးပွဲဖြေပြီးရင် သွားဖို့ ကျွန်မလည်း သဘောတူပြီးပါပြီ။

လိုအပ်တဲ့ အကူအညီတွေလည်းပေးဖို့ ကျွန်မတာဝန်ယူလိုက် သည်။ လောလောဆယ် စာမေးပွဲကနီးလာပြီဆိုတော့ ခေါင်းထဲမှာ စာကိုပဲ အချိန်ပြည့်ထည့်ထားဖို့ ကျွန်မ တိုက်တွန်းနေရသည်။

'အထွန်း' ကလဲ ကျွန်မစကားကို နားထောင်ပါသည်။

ကျွန်မနဲ့မတွေ့ခင်က ထစ်ကနဲဆို ရိုက်ဟယ်၊ နှက်ဟယ် မိန်းကလေးတွေ တရုန်းရုန်းဖြင့် ဆိုးသွမ်းခဲ့တဲ့ 'အထွန်း' က ခုတော့ ကျွန်မရဲ့ပုံသွင်းမှုအောက်မှာ လိမ္မာယဉ်ကျေးနေ၍ 'ကိုမိုးလုံး' တို့ 'မအေးမှုံ' တို့ကပင် အံ့သြနေ ကြပါသည်။

ပြောင်းလဲလာတဲ့ 'အထွန်း' အတွက် ဖိုးဖိုးကလည်း ဝမ်းသာနေသည်။ 'အထွန်း' အမေ 'မမြမူ' ကတော့မူ ပြောဖွယ်ရာမရှိတော့ပါ။

" 'အထွန်း' ပြောင်းလဲလာတဲ့အတွက် 'သိုက်' ကို ကျေးဇူးတင်ပါတယ်ကွယ်... အစ်မကတော့ ဒီတစ်သက် 'အထွန်း' ကို ကယ်မယ့်သူ ဝေးပြီလို့ထင်နေတာ... အခုဆို စာကလွဲလို့ 'အထွန်း' ခေါင်းထဲ ဘာမှမရှိဘူး... ကောင်မလေးတွေလည်း သူ့အခန်းကို သိပ်မလာတော့ဘူး"

'အထွန်း' ရဲ့ ကောင်းသောပြောင်းလွဲမှုတွေအတွက် ကျွန်မက

www.burmeseclassic.com

www.burmeseclassic.com



လည်း ဝမ်းသာမိပါသည်။ နဂိုထဲက 'အထွန်း' က စာတော်ပြီးသားမို့ သူ မလိုက်နိုင်သော အင်္ဂလိပ်စာကို ကျွန်မက ဖိဖိစီးစီးပြပေးရုံပါ။

ဒါကလည်း ကျွန်မအတွက် ခက်ခဲတာမဟုတ်၍ ပိုအဆင်ပြေ သွားခဲ့ရပါသည်။ ဘယ်လိုပဲဖြစ်ဖြစ် 'အထွန်း' ဒီနှစ်မှာ ချောချော မောမောအောင်မြင်မည်ဟု ကျွန်မ မျှော်လင့်ထားပါသည်။

မျှော်လင့်ချက်ပြည့်ရန်လည်း 'အထွန်း' က ပိုကြိုးစားသည်။ ဒီလိုတပည့်မျိုးအတွက် ကျွန်မဘက်က ချီးမြှောက်တာ ဘယ်လွန်မလဲနော်။

ညနေပိုင်းလောက်ကျတော့ ကျွန်မဝယ်ထားတဲ့ လက်ဆောင် ပစ္စည်းထုပ်ကိုပိုက်ကာ 'အထွန်း' တို့ခြံထဲ ဝင်လာခဲ့ပါသည်။ ကျွန်မကိုတွေ့တော့ 'မမြမူ' က ပြေးထွက်လာကာ မျက်နှာပျက်ပျက်နဲ့ ပြောပါသည်။

" 'အထွန်း' ရယ်... ဗိုက်အောင့်လို့တဲ့ကွယ်... ဒါကြောင့် သူ စာလာမသင်တာ"

"ခုကော"

"အိပ်ယာထဲမှာပဲ"

ကျွန်မ 'အထွန်း' ရှိရာ ကားဂိုဒေါင်လေးဘက်ကို လျှောက်လာခဲ့လိုက်ပါသည်။ စာမေးပွဲနားနီးမှ ဖြစ်ရတယ်ဆိုတော့ ကျွန်မ ရင်ထဲ ပူပန်နေမိပါသည်။

ခုချိန်မှာ 'အထွန်း' ကို ဘာမှမဖြစ်စေချင်ပါ။

" 'အထွန်း' "

ကျွန်မအသံကိုကြားတော့ 'အထွန်း' က ရှုံ့ရှုံ့မဲ့မဲ့ပုံစံလေးဖြင့် အိပ်ယာက ကြုံးထနေ၍ ...

www.burmeseclassic.com

www.burmeseclassic.com



"နေ... နေ အိပ်ပါ... နေသာရဲ့လား... ဘယ်လိုဖြစ်တာလဲ"

"ရင်ခေါင်းထဲက စူးစူးပြီးအောင့်လာတာပဲ"

"ဘာတွေ သောက်ထားလဲ"

"အစာကြေဆေးဆိုပြီး လာကျွေးထားတာပဲ... မသက်သာပါဘူး... ဒါကြောင့် 'မ' ဆီမလာနိုင်တာ"

" 'မ' ဆီမလာနိုင်တာ အရေးမကြီးပါဘူး... စာမေးပွဲကနီးလာပြီဆိုတော့ 'အထွန်း' တစ်ခုခုဖြစ်သွားမှာပဲ စိုးရိမ်တာ... ဆေးခန်းမပြဘူးလား"

" 'ဘင်္ဂ' တို့အမေကို သွားပြမယ်လုပ်တော့ အန်တီက ဆေးရုံထွက်သွားပြီ... ပြန်လာမှ ပြရင်ကောင်းမလားလို့"

"ရောဂါဆိုတာ အချိန်ဆွဲနေလို့ဖြစ်တာမဟုတ်ဘူး 'အထွန်း' ရဲ့... ဗိုက်ခွဲနေရရင် ဘယ်လိုလုပ်မလဲ... ထ... ထ 'မ' ပဲဆေးရုံကို လိုက်ပို့ပေးမယ်"

"နေပါစေ 'မ' "

'အထွန်း' က မျက်နှာညိုးညိုးလေးဖြင့် ငြင်းနေတာကြောင့်

"ထပါကွာ... 'မ' ပဲ အားလုံးကို တာဝန်ယူပေးမှာပါ"

ကျွန်မက ဒီလိုပြောတော့ 'အထွန်း' မျက်ဝန်းတွင် မျက်ရည်များလည်လာပါသည်။ ဒီလိုသူများက ကူညီဖေးမနေရတဲ့ဘဝမျိုးကို 'အထွန်း' စက်ဆုပ်တာ ...

"နေပါစေဗျာ ... ကျွန်တော် မသွားဘူး"

အိပ်ယာတွင် ပေအအိပ် ...

"ဒီလိုခေါင်းမမာရဘူးလေ 'အထွန်း' ... 'အထွန်း' ပဲ 'မ' ကို ခင်တယ်ဆို..."

www.burmeseclassic.com

www.burmeseclassic.com



'အထွန်း' က ခေါင်းကို ခေါင်းအုံးကြားထဲတွင် ဝှက်ထားပါ၍ ကျွန်မ ဆွဲထူလိုက်မိပါသည်။

" 'မ' ကို ကြည့်စမ်း 'အထွန်း' ... 'မ' ကို ခင်တယ်ဆို"

'အထွန်း' မျက်ရည်များကြားမှ 'မ' မျက်နှာကို ငေးကြည့်နေမိပါသည်။ 'မ' ကို ချစ်လွန်း၊ ခင်လွန်း၍ 'အထွန်း' မလုပ်ချင်တဲ့အလုပ်ကို လုပ်နေရတာ 'အထွန်း' အတွက် စိတ်ပင်ပန်းလှပါသည်။

ဒါကို သိရက်နဲ့ 'မ' ဘာလို့ မေးနေရတာလဲ။ 'အထွန်း' ခေါင်းအုံးကြားထဲတွင် မျက်နှာကို အဝှက် ...

" 'မ' 'အထွန်း' အတွက် ဘာယူလာတာလဲ လှည့်ကြည့်ပါအုံး"

'အထွန်း' မကြည့်ချင်ပါ။ ခုချိန်မှာ သူ 'မ' ဆီက ယူနေရတာပဲရှိသည်။ တကယ်ဆို 'အထွန်း' က 'မ' ကို ပြန်ပေးချင်တာပါ။ ဒါပေမယ့် 'အထွန်း' ပေးတာကို 'မ' က လက်ခံမည်မထင်ပါ။

'အထွန်း' ခေါင်းကိုခါကာ မျက်နှာကို အဖွက်...

" 'အထွန်း' က ကလေးကျနေတာပဲ... ဒါနဲ့များ ဖားကန့်ကို ဘာသွားလုပ်မှာလဲ"

"ပိုက်ဆံရှာမှာပေါ့ဗျ... ပိုက်ဆံရှိမှ လူတွေက အထင်ကြီးတာ"

"အဲဒီထဲမှာ 'မ' မပါပါဘူး"

" 'မ' လည်း လူထဲကလူပဲ... ခုချိန်မှာ ကျွန်တော်နဲ့ ပိုက်ဆံရှိတဲ့ လူတစ်ယောက် ယှဉ်ထားရင် 'မ' ဘယ်သူ့ကို ရွေးမလဲ"

" 'မ' ခင်တာ 'အထွန်း' ကိုပဲဥစ္စာ... 'အထွန်း' ကိုပဲ ရွေးမှာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့"

"တကယ်"

ဒီတစ်ခါ ကျွန်မကို လှည့်ကြည့်လာတဲ့ 'အထွန်း' ရဲ့ မျက်ဝန်းလေးတွေက အရည်ကြည်လဲ့ကာ ရွှန်းစိုနေပါသည်။ ကျွန်မ ဒီကလေးရဲ့ မျှော်လင့်ချက်ရောင်ခြည်ကို မဖျက်ဆီးချင်ပါ။ ဖျက်လည်း မဖျက်ဆီးရက် ...

"ဒါဆို 'မ' စကားနားထောင်နော်... ခု 'အထွန်း' ဒီအဝတ်တွေလဲထားလိုက်... 'မ' ကားသွားထုတ်ပြီး 'အထွန်း' ကို လာခေါ်မယ်"

"ဘယ်သွားမှာလဲ 'မ'..."

"ဆေးခန်းလေ... ဒီလိုပြမှ 'အထွန်း' စာမေးပွဲဖြေနိုင်မှာပေါ့... 'အထွန်း' စာမေးပွဲမအောင်ချင်ဘူးလား"

"'မ' ကရော"

"'မ' က အရမ်းအောင်စေချင်တာပေါ့... အောင်စေချင်လွန်းလို့လည်း 'အထွန်း' ကို ဒီလောက်ဂရုစိုက်နေတာလေ"

"'မ' ရယ်"

'အထွန်း' က ကျွန်မကို မချင့်မရဲငေးကြည့်နေတာ တွေ့နေရပါသည်။ 'အထွန်း' မျက်ဝန်းထဲမှာ အမျိုးအမည်မသိရတဲ့ ဝေဒနာတစ်မျိုးထင်ဟပ်နေတာကိုလည်း ကျွန်မမြင်နေရပါသည်။

ခုချိန်မှာ 'အထွန်း' ရဲ့စိတ်ကို အနှောင့်အယှက် လုံးဝမပေးချင်တာမို့ ...

"'မ' ကားသွားထုတ်မယ်နော်... 'အထွန်း' ဒီကပဲ စောင့်နေဟုတ်ပြီလား... ပြီးတော့ 'မ' စိတ်ချမ်းသာအောင် 'အထွန်း' အတွက်

www.burmeseclassic.com

www.burmeseclassic.com



ဝယ်လာပေးတာကိုလည်း ဝတ်ထားရမယ်"

" 'မ' ကလည်းဗျာ.. ဆေးခန်းပြတာပဲ"

"ဘာပဲဖြစ်ဖြစ်လေ 'မ' ကို ခင်ရင်ဝတ်ရမှာပဲ... မဝတ်ရင် မခင်လို့ပဲ"

ကျွန်မ အနိုင်နဲ့ပိုင်းကာ ပြောပြီးထွက်လာခဲ့လိုက်ပါသည်။ ကျွန်မ 'အထွန်း' တို့ခြံကို ပြန်ရောက်လာတော့ 'အထွန်း' က ကျွန်မ ဝယ်ပေးထားတဲ့ ဂျင်းအနက်ရောင် ဝတ်စုံလေးနဲ့ ခြံရှေ့မှာ ထွက်စောင့်နေပါသည်။

တီရှပ်အဖြူခံကာ ဝတ်ထားတဲ့ 'အထွန်း' ရဲ့ပုံစံလေးက သားသားနားနား ချစ်စဖွယ်လေးပါ။ ကျွန်မရဲ့ မောင်အရင်းလေး သာဆို ဘယ်လောက်ကောင်းလိုက်မလဲနော်။

ကားရှေ့ခန်း တံခါးဖွင့်ပေးလိုက်တော့ 'အထွန်း' က မျက်နှာ နီနီလေးဖြင့် တက်ထိုင်ပါသည်။ တစ်လမ်းလုံးလည်း ကျွန်မကို စကားမပြောပါ။

"ဘာဖြစ်နေတာလဲ 'အထွန်း'... ဗိုက်က ပိုနာလာလို့လား"

"ဗိုက်နာတာထက် အသည်းနာတာက ပိုဆိုးတာ"

"အသည်းနာတယ် ဟုတ်လား... ဘာဖြစ်လို့ နာတာလဲ"

" 'မ' စကားကို နားထောင်ပြီး ဒီအဝတ်ကို ဝတ်ထားရလို့ပေါ့..."

'အထွန်း' စကားကြောင့် ကျွန်မ ရယ်မောလိုက်မိပါသည်။

" 'အထွန်း' ရယ်... ဒါနဲ့များ 'အထွန်း' ပဲ 'မ' ကို ခင်တယ် ဆို..."

"ကျွန်တော် ပြန်ပေးရင်လည်း 'မ' က ယူမှာလား"

www.burmeseclassic.com

www.burmeseclassic.com



'အထွန်း' က ကျွန်မကို စိုက်ကြည့်နေတာကြောင့် ကျွန်မရင်ခုန်သံက မြန်လာခဲ့ပါသည်။

" 'အထွန်း' က ဘာပေးမှာလဲ"

"ကျွန်တော့်အတွက် အဖိုးသိပ်တန်ပေမယ့် 'မ' အတွက်ကတော့ တန်ဖိုးရှိချင်မှ ရှိမယ့် ပစ္စည်းမျိုးပါ"

ကျွန်မ မယူဘူးဟု ငြင်းလိုက်လျှင် 'အထွန်း' စိတ်ဆင်းရဲပါအုံးမည်။ စာမေးပွဲဖြေရတော့မယ့် ယခုလိုအချိန်မျိုးမှာ 'အထွန်း' စိတ်ကို အနှောင့်အယှက်မဖြစ်စေချင်တာကြောင့်လည်း ...

" 'အထွန်း' ဘာပေးပေး 'မ' ယူပါ့မယ်... ဒါပေမယ့် ဒီအချိန်မှာတော့ 'မ' မယူနိုင်သေးဘူး... 'အထွန်း' စာမေးပွဲဖြေပြီးလို့ အောင်စာရင်းထွက်တဲ့အချိန်ကျမှ 'မ' ယူမယ်"

"တကယ်နော်... 'မ' ကတိမဖျက်ရဘူး"

"လူကြီးကတိပဲကွာ ဖျက်ပါ့မလား"

ကျွန်မက လူကြီးပုံစံဖြင့် ပြောတော့ 'အထွန်း' က မျက်မှောင်ကုတ်ကြည့်နေပါသည်။ 'အထွန်း' စိတ်ထဲမှာတော့ 'မ' ဟာ သူနဲ့ သိပ်မကွာဟုပဲ မြင်နေရပါသည်။

ဆေးခန်းကိုရောက်တော့ ဆရာဝန်က ဒရစ်(ပ်)တစ်လုံးသွင်းပေးကာ ဆေးတစ်လုံးထိုးပေးသည်။ အစာအိမ်ရောင်နေ၍ အစာပျော့ပျော့ပဲ စားခိုင်းပါသည်။

အပူ၊ အစပ်နဲ့ မာသော အစားအစာများကို ရှောင်ရမတဲ့။ အပြန်ကားပေါ်တွင် ကျွန်မ မေးလိုက်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၂၈

"ညက 'အထွန်း' ဘာစားသေးလဲ..."

"စာကျက်ပြီး ဗိုက်ဆာလို့ အမေတို့အိမ်သွားကြည့်လိုက်တော့ အေးစက်နေတဲ့ အကြော်တွေပဲ ရှိတာနဲ့ ရေနဲ့မျှောပြီး သောက်လိုက်မိတယ်..."

"ထမင်းမစားဘူးလား"

"ထမင်းစားရအောင်ကလည်း ဘာမှမှ မရှိတာ"

ကျွန်မ 'အထွန်း' ကို ကြည့်ကာ သနားသွားမိပါသည်။ ကျွန်မ စာကျက်လျှင် ကျွန်မ အဖေကော၊ အမေပါ ကျွန်မအတွက် လို လေသေးမရှိအောင် ဝယ်ပေးထားကြတာပါ။

စာကျက်လျှင် အားကုန်သည်။ အားရှိတဲ့ အစားအစာလေးတွေစားရမှ အားပြန်ဖြည့်နိုင်တာမို့ ကျွန်မ မြို့ထဲက စတိုးဆိုင်

www.burmeseclassic.com



တစ်ဆိုင်ရှေ့တွင် ကားကို ထိုးရပ်လိုက်မိပါသည်။

"'မ' ဘာလုပ်မလို့လဲ"

"ခဏလေး… ဖိုးဖိုးအတွက် ဝယ်စရာရှိလို့ပါ"

'အထွန်း' အတွက် ဟောလစ်၊ အိုဗာတင်း၊ မိုင်လိုအပြင် ပေါင်မုန့် ဂိုးဒင်းပတ်(တ်)၊ ကွေကာအုတ်တို့ကို ကားပေါ်ပြန်လာတော့ 'အထွန်း' က ကျွန်မကို စိုက်ကြည့်နေတာ တွေ့ရပါသည်။

"ကျွန်တော့်အတွက်ဆိုရင် မလိုဘူးနော်…"

"မလိုလို့ ဘယ်ဖြစ်မလဲ 'အထွန်း' ရယ်… စာမေးပွဲကဖြေဖို့ နီးနေပြီလေ… နေကောင်းပြီး အားပြည့်မှ စာမေးပွဲဖြစ်လို့ဖြစ်မှာပေါ့"

"ကျွန်တော် မယူချင်ဘူး 'မ' "

ပြောရင်း 'အထွန်း' က မျက်ရည်ဝဲနေလေသည်။ တကယ်ဆို လုပ်ပေးရမှာ မိဘတွေရဲ့ တာဝန်မဟုတ်ဘူးလား။

'ထင်ရ' နဲ့ 'ဘင်္ဂ' တို့ဆိုလည်း သူတို့မိဘတွေက ဖူးဖူးမှုတ်ပြီး အရေးစိုက်ကြတာပါ။ အိမ်မှာ အမေက သူ့ကို အရေးစိုက်တယ်ဆိုပေမယ့် အမေကိုယ်တိုင်ကလည်း သူ့စီးပွားရေးနဲ့သူ နပန်းလုံးနေရတာဆိုတော့ 'အထွန်း' ဘဝက ရေဝေးတဲ့ ကြာပန်းလို နွမ်းနေရတဲ့အဖြစ်ပါ။

ဒီလိုအဖြစ်မျိုး တွေ့ရပါများပြီး 'အထွန်း' လောကကြီးကို စိတ်နာမိလေပါ။ သူ့မှာကော ချမ်းသာဖို့ အခွင့်အရေးမရှိဘူးလား။ ဘဝတစ်သက်တာလုံး ဒီလိုပဲ ဆင်းရဲနေရတော့မှာလား။

ဝမ်းနည်းကြေကွဲစွာ မျက်ရည်အကျ …

"'အထွန်း' ကလည်း စိတ်မကောင်းစရာတွေ လျှောက်တွေး

www.burmeseclassic.com

www.burmeseclassic.com



နေတာကို... 'မ' က 'အထွန်း' စိတ်ချမ်းသာစေချင်လို့ ဝယ်ပေးတာလေ"

"ကျွန်တော် သိပါတယ် 'မ'... ဒါပေမယ့် ဒီအလုပ်က မိဘတွေ ရဲ့ အလုပ်မဟုတ်ဘူးလား"

"ဟုတ်တာတော့ ဟုတ်ပါတယ်... ဒါပေမယ့် သူတို့မှာလည်း မပြည့်စုံဘူးလေ"

"မပြည့်စုံရင် ပြည့်စုံအောင် ကြိုးစားရမှာ မိဘတွေရဲ့ တာဝန် မဟုတ်လား"

'အထွန်း' ပြောတာ မှန်နေတော့လည်း ကျွန်မငြိမ်နေမိပါသည်။ 'လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစာရိယ မိနဲ့ဖ' ဟု ဆိုထားသည် မဟုတ်ပါလား။

တကယ်ဆိုတော့ မိဘဆိုတာ သားသမီးတို့ရဲ့ လက်ဦးဆရာပါ။

လက်ဦးဆရာမှ မကောင်းလျှင် သားသမီးကော ဘယ်လိုလုပ် သားကောင်း သမီးကောင်း ဖြစ်နိုင်ပါမည်လဲ။

ကျွန်မသက်ပြင်းချကာ 'အထွန်း' ကို နှစ်သိမ့်လိုက်မိပါသည်။

"'အထွန်း' ကို 'မ' ပြောချင်တာက မိဘမကောင်းတာ ပြောနေလို့ အလကားပဲ... အရေးကြီးတာ ကိုယ်ကောင်းဖို့ ကိုယ်ကိုယ်တိုင် ကိုယ့်မိဘလို တာဝန်မကျေတဲ့ မိဘမဖြစ်စေဖို့ပဲ"

"ကျွန်တော့် သားသမီးကျရင် ကျွန်တော့်လို မဖြစ်ရအောင် ကျွန်တော် ကြိုးစားမယ် 'မ' "

"အေးပေါ့... 'မ' ကိုယ်တိုင်လည်း 'အထွန်း' အောင်မြင်တာကို

www.burmeseclassic.com

www.burmeseclassic.com



ပဲ မြင်ချင်တယ်… လူတကာက ဆိုးတဲ့… တေတဲ့ လူတကာ အော်ကြောလန်တဲ့ 'ရန်နောင်ထွန်း' လို့ ပြောနေတာထက် လူတော် လူမော်လေး 'ရန်နောင်ထွန်း' အဖြစ် လူတိုင်းက ငေးမောကြည့်နေကြတာကိုပဲ မြင်ချင်တယ်"

"စိတ်ချ 'မ'… 'မ' မြင်ချင်တာကို မြင်ရအောင် ကျွန်တော် ကြိုးစားမယ်… "

ဆေးခန်းက ပြန်လာကာ 'အထွန်း' ကို ချပေးပြီး အိမ်ကို ပြန်အရောက် ခြံထဲတွင် ကားအသစ်တစ်စီး ရပ်ထားတာကို တွေ့ လိုက်ရ၍ အိမ်ပေါ်ကို အပြေးတက်သွားမိသည်။

ဧည့်ခန်းတွင် ထိုင်စောင့်နေတဲ့ ဖေဖေနဲ့ ဧည့်သည်တစ်ယောက်ကြောင့် ကျွန်မ အံ့အားသင့်သွားခဲ့ရပါသည်။

"ဖေဖေ ရောက်နေတာကြာပြီလား"

"ခုနလေးကပဲ ရောက်တာသမီး… သမီးဖိုးဖိုးနဲ့ စကားပြောနေတာ… ဒါ ရန်ကုန်က ကျောက်ကုန်သည် 'ဦးအဓိပတိ' ပဲ… ဒါက ကျွန်တော့်သမီး 'ရတနာသိုက်' "

အသက်သုံးဆယ်ကျော်ခန့် အသားဖြူဖြူ ရုပ်သန့်သန့်နဲ့ လူ ကို 'သိုက်' ပြုံးပြလိုက်မိပါသည်။

"ဟုတ်ကဲ့… တွေ့ရတာ ဝမ်းသာပါတယ် 'ဦးအဓိပတိ' "

"ကျွန်တော်လည်း ဝမ်းသာပါတယ်… ဒါ ကျွန်တော်ရဲ့ Business ကဒ်ပါ… ရွှေဘုံသာလမ်းမှာ 'အဓိက' ဆိုပြီး ရတနာဆိုင်ဖွင့်ထားပါတယ်… 'မရတနာသိုက်' ရန်ကုန်ကိုရောက်ရင် ဝင်လည်လို့ရပါတယ်"

"ကျေးဇူးတင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



'သိုက်' ပြုံးကာ ခေါင်းညိတ်ပြလိုက်မိပါသည်။

"ခု 'မောင်အဓိပတိ' မန္တလေးကို လာတာ… မိုးကုတ် ဖေဖေ့ ကျောက်တွင်းက ကျောက်တွေကို ကြည့်ချင်လို့ လာခဲ့တာ… ဖေဖေတို့ ဒီကအပြန် မိုးကုတ်ကိုတန်းသွားကြမှာလေ… 'မောင်အဓိပတိ' ရဲ့ ကျောက်မျက်ဆိုင်က ဟောင်ကောင်မှာလည်း ရှိသေးတာ"

"ဖေဖေနဲ့ မေမေ ဟိုမှာကြီးကြပ်ပြီး… ရန်ကုန်ဆိုင်က ကျွန်တော် ကြီးကြပ်တာပါ"

'ဦးအဓိပတိ' ရဲ့ ပုံစံက ကျောက်မျက်ရတနာကုန်သည်ပီပီ စေ့စေ့စပ်စပ်ရှိပုံပင်။

"ကျွန်တော် 'မရတနာသိုက်' ကို ရန်ကုန်မှာ တွေ့ဘူးသလိုပဲ"

"ဟုတ်ကဲ့ 'သိုက်' မဟာဝိဇ္ဇာကို ရန်ကုန်က အောင်ခဲ့တာပါ"

"နေတော့ကော"

"သူငယ်ချင်းတစ်ယောက်နဲ့ လှည်းတန်းဘက်မှာ နေတာပါ"

တိုက်ခန်းက ဖေဖေဝယ်ပေးထားသော ကျွန်မရဲ့ တိုက်ခန်းဖြစ်ပြီး သူငယ်ချင်းက အဖော်အဖြစ်လာနေပေးတာပါ။

ညနေဆို အင်းလျားကန်ဘောင်ပေါ် ကျွန်မတို့ လမ်းလျှောက် ဖြစ်သည်။

"ကျွန်တော့်တိုက်က တံတားဖြူ ကန်လမ်းထဲမှာပါ… ညနေဆို ကျွန်တော် ကန်ဘောင်မှာ အမြဲထိုင်တတ်ပါတယ်"

ထိုအချိန်ထဲက လှပသော 'သိုက်' ကို 'အဓိပတိ' စိတ်ဝင်စားခဲ့သည်။ တစ်နေ့ သူ့အချစ်ကို ဖွင့်ပြောဖြစ်လိမ့်မည်ဟု စိတ်ကူးယဉ်နေဆဲ 'သိုက်' က သူ့မြင်ကွင်းထဲမှ လုံးဝပျောက်ကွယ်သွားခဲ့ပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။

ခုကံကောင်းလို့ ပြန်ဆုံရတာဆိုတော့ 'အဓိပတိ' လက်မလွှတ်ချင်တော့ပါ။

"အန်ကယ်မပါဘဲ ကျွန်တော်တစ်ယောက်ထဲ လာလည်လို့ကောရမလား"

ကျွန်မပြုံးကာ ခေါင်းညိတ်လိုက်မိပါသည်။

"ဖေဖေရဲ့မိတ်ဆွေဆိုတော့ 'သိုက်' ရဲ့မိတ်ဆွေပဲပေါ့... လာလည်လို့ ရပါတယ်"

ဖိုးဖိုးနဲ့ ဖေဖေ တစ်ယောက်နဲ့တစ်ယောက် အဓိပ္ပါယ်ပါပါ လှမ်းကြည့်နေကြတာကို ကျွန်မတွေ့လိုက်ပေမယ့် မသိဟန်ဆောင်ကာနေလိုက်မိပါသည်။

ကျွန်မဖေဖေ့လက်ကို ကိုင်ကာ အားမလိုအားမရ ပြောလိုက်မိသည်။

"ဖေဖေကလည်း ရောက်တုန်းရောက်ခိုက် တစ်ရက်လောက်နေပါအုံးလား"

"အချိန်မရလို့ပါ သမီးရယ်..."

'အဓိပတိ' ကိုယ်တိုင်လည်း ကိုယ့်ကိုယ်ကို အံ့သြနေမိပါသည်။

'သိုက်' ဖေဖေနဲ့ အတူလာစဉ်တုန်းကတော့ ပြင်ဦးလွင်မှာ ညအိပ်မှာစိုး၍ သူကပင် တားခဲ့မိတာပါ။ ခုတော့ ကိုယ့်အတက်နဲ့ ကိုယ်စူးရပြီ။

ဖြစ်နိုင်လျှင် ဒီထက်အချိန်ကြာကြာလေး ပြင်ဦးလွင်မှာ နေချင်ပါသေးသည်။ 'ရတနာသိုက်' ဆိုသော မိန်းမချောလေးနဲ့ စကား

www.burmeseclassic.com

www.burmeseclassic.com



တွေ ဆိုချင်ပါသေးသည်။

"ဒါဆို ထမင်းစားသွားလေ ဖေဖေ"

"နေပါစေသမီး... ခရီးဆက်စရာရှိသေးတော့ စောစောပြန်မှ ဖြစ်မှာ အလာတုန်းကတည်းက ဒီမှာခဏပဲနေမယ်လို့ 'မောင်အဓိပတိ' ကို ပြောခဲ့တာ"

'ခု ကျွန်တော်အကြာကြီးနေချင်တယ်' ဟု 'အဓိပတိ' ပြောင်းလွဲကာ ပြောချင်ပေမယ့် ပြောခွင့်မသာတော့ပါ။

"ဟုတ်ပါတယ် 'မရတနာသိုက်' ကျွန်တော့်အပြစ်ပါပဲ... တကယ်ဆို ကိုယ့်သမီးဆီ ရောက်တုန်း အေးအေးဆေးဆေးနေသင့်တာပေါ့နော်... ကျွန်တော်ကိုယ်တိုင်က အလုပ်ကိစ္စကို စိတ်စောနေလို့ ခဏပဲနေမယ်ဆိုပြီး ပြောဖြစ်ခဲ့တာပါ... နောက်တစ်ခါ အန်ကယ်နဲ့ အေးအေးဆေးဆေး လာခဲ့ပါအုံးမယ်... အဲဒီကျမှပဲ ထမင်းလည်းစားပါ့မယ်"

"ခု ဖေဖေတို့က ဘယ်မှာ စားကြမှာလဲ"

"လက်ပံလှ ကျမှပဲ စားတော့မယ်"

ဖေဖေနဲ့ ဧည့်သည်က ဖိုးဖိုးကိုနှုတ်ဆက်ကာ အောက်ထပ်ကိုအဆင်း 'သိုက်' ပါ လိုက်ဆင်းခဲ့လိုက်ပါသည်။

"သမီးက မန္တလေးကို ဘယ်တော့ ပြန်လာမှာလဲ.. သမီးမေမေ က လွမ်းနေပြီ..."

ကားပေါ်ကိုအတက် ဖေဖေက လှမ်းမေးတာဖြစ်ပါသည်။

"ဖိုးဖိုးနေကောင်းရင် သမီးပြန်လာပါ့မယ်"

"ခု သမီးရဲ့ ဖိုးဖိုးအခြေအနေကရော"

"ထနိုင် ထိုင်နိုင်နေပါပြီ... လမ်းလျှောက်နိုင်ဖို့ပဲ လိုတော့

www.burmeseclassic.com

www.burmeseclassic.com



တာပါ”

“အေးလေ… သမီးသဘောပါပဲ… သမီးဘာလိုသေးလဲ”

“ပြည့်စုံပါတယ် ဖေဖေ”

ကားက ခြံထဲမှ လှည့်အထွက် ‘အဓိပတိ’ ‘သိုက်’ ကို လှမ်းမေးလိုက်မိပါသည်။

“နောက်တစ်ခါ အန်ကယ်မပါဘဲ ကျွန်တော်လာလည်အုံးမယ်နော်… ‘သိုက်’ ”

ကျွန်မ ပြုံးကာ ခေါင်းညိတ်ပြမိသည်။

“ဖေဖေ့မိတ်ဆွေဟာ ‘သိုက်’ ရဲ့ မိတ်ဆွေလို့ ပြောပြီးပြီပဲရပါတယ်”

ရွှေစွန်ညိုဘာကိုလိုလို့ ဝဲတယ်ဆိုတာ ‘သိုက်’ မသိဘဲနဲ့နေ ပါ့မလားနော်။ ဖေဖေကိုယ်တိုင်လည်း ကျေနပ်နေသလို ပုံစံဖြင့် တဖက်လှည့်ကာ ပြုံးနေတာကို ‘သိုက်’ တွေ့လိုက်ရပါသည်။

ဖေဖေတို့ ကားလေးထွက်သွားပြီး ‘သိုက်’ အိမ်ထဲကို ပြန်အဝင် တဖက်ခြံက ‘အထွန်း’ ရပ်ကြည့်နေတာကို အမှတ်မထင်တွေ့လိုက်၍ စကားပြောဖို့ လျှောက်အလာ ‘အထွန်း’ က ‘သိုက်’ ကို မခေါ်ဘဲ ချာကနဲ လှည့်ထွက်သွားတာကြောင့် ‘သိုက်’ ပြုံးလိုက်မိပါသည်။

‘အထွန်း’ စိတ်ကောက်သွားပြီ ထင်ပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com



## ၂၉

"ဧည့်သည်ပဲ 'အထွန်း' ရယ်... စကားကောင်းကောင်း မပြောလို့ မောင်းထုတ်ရမှာလား"

ညနေခင်း 'အထွန်း' ရောက်မလာ၍ ကျွန်မ လိုက်လာခဲ့ရတာဖြစ်ပါသည်။

"ဧည့်သည်ရဲ့ မျက်လုံးက ရိုးရိုးမှ မဟုတ်တာ... 'အထွန်း' အစအဆုံး ကြားတယ် သိတယ်"

ဆေးခန်းကပြန်လာပြီး ဒီဖက်ခြံမှာ ကားတွေ့ထဲက 'အထွန်း' နေမထိ ထိုင်မသာ ဖြစ်နေတာကြာပါပြီ။

'မ' ရဲ့အဖေများလား အတွေးဖြင့် လာအကြည့် ဧည့်သည်ရဲ့ စကားသံကို ကြားလိုက်ရတာ ဖြစ်ပါသည်။

ဘာတဲ့ နောက်တစ်ခါ အန်ကယ်မပါဘဲ လာလည်လို့ ရမ

www.burmeseclassic.com



လားတဲ့။

"'မ' က မရဘူးလို့ ငြင်းလိုက်ပါလား"

"ဘယ်ကောင်းပါ့မလဲ 'အထွန်း' ရယ်… သူက ဖေဖေ့မိတ်ဆွေဖြစ်နေတဲ့ ဥစ္စာ"

"ဇာတ်လမ်းဆိုတာ အဲဒီလိုက စကြတာချည်းပဲ"

ရှုံ့ရှုံ့ရှုံ့ဖြစ်နေတဲ့ 'အထွန်း' ရဲ့ပုံကိုကြည့်ကာ ကျွန်မရယ်ပဲ ရယ်ချင်နေမိပါသည်။

"ဒါဆို 'မ' က ဘယ်လိုနေရမှာလဲ"

"ခပ်တည်တည်ပေါ့ 'မ' ရဲ့… သူနဲ့ကိုယ်နဲ့ သိမှ မသိတဲ့ ဥစ္စာ"

"ကဲပါ… နောက်တစ်ခါ သူလာရင် 'မ' ဒီလိုပဲ နေလိုက်တော့မယ်"

'အထွန်း' လို ခြေကားယား လက်ကားယားနဲ့ မျက်မှောင်ကြီးကုတ် ထိုင်ပြလိုက်တော့ 'အထွန်း' ကျေနပ်သွားကာ တဟားဟား ရယ်မောနေပါတော့သည်။

'အထွန်း' ဒီလို ရယ်နေတော့လည်း ကျွန်မရင်ထဲ ရွှင်လန်းရပါသည်။ 'အထွန်း' ကို အမြဲတမ်း ဒီလိုရယ်မောနေစေချင်တာ ကျွန်မရဲ့ စေတနာအစစ်အမှန်ပါ။

ဒီလိုနဲ့ 'အထွန်း' ရဲ့ စာမေးပွဲရက်တွေကို ရောက်လာခဲ့ပါပြီ။

'အထွန်း' စာမေးပွဲဖြေချိန် ခြောက်ရက်လုံးလုံး ကျွန်မပါ လိုက်ဖြေနေသလို ကျွန်မ 'အထွန်း' ကို အချိန်ပြည့်ကြပ်မတ်ပေးနေမိပါသည်။

စာကိုတင်မက 'အထွန်း' ရဲ့ကျန်းမာရေးကိုပါ စောင့်ရှောက်

www.burmeseclassic.com

www.burmeseclassic.com



ပေးနေ၍ အစ်မ 'မမြမူ' က ကျေးဇူးတင်၍ မဆုံးပါ။

"အစက 'အထွန်း' ကို ကံဆိုးတယ်ထင်တာ... 'သိုက်' ဟာ 'အထွန်း' အတွက်တော့ ကယ်တင်ရှင်နတ်သမီးလေးပါပဲ... 'သိုက်' နဲ့တွေ့ရတာ 'အထွန်း' ကံကောင်းပါတယ်"

'အထွန်း' စာမေးပွဲဖြေပြီး ပြန်လာလျှင် 'သိုက်' အိမ်မှာလာစောင့်ကာ အဖြေတွေ တိုက်ကြည့်ရတာအမော။

နဂိုထဲက စာတော်သူဖြစ်တဲ့အပြင် 'သိုက်' ရဲ့ ကြိုးစားအားထုတ်မှုကြောင့် ထိုနှစ်က 'အထွန်း' ဂုဏ်ထူးသုံးဘာသာဖြင့် စာမေးပွဲအောင်မြင်ခဲ့ပါသည်။

'အထွန်း' တို့ စာမေးပွဲ အောင်စာရင်းထွက်တဲ့နေ့က 'သိုက်' နဲ့ 'အထွန်း' အောင်စာရင်းအတူ သွားကြည့်ဖို့ ချိန်းထားပေမယ့် မမျှော်လင့်ဘဲ အိမ်ကို ရောက်လာသူက 'သိုက်' လုံးဝမမျှော်လင့်မထားတဲ့ 'ဦးအဓိပတိ' ပါ။

လာတာကလည်း သူတစ်ယောက်တည်းမဟုတ်။ နိုင်ငံခြားက ခဏရောက်လာတဲ့ သူ့အဖေကော သူ့အမေပါ ခေါ်လာခဲ့တာပါ။

ဧည့်သည်တွေကို ဧည့်ခံနေရပေမယ့်လည်း ကျွန်မရဲ့စိတ်က ဧည့်ခန်းမှာမရှိပါ။ စိတ်ကောက်ကာ ထွက်သွားမယ့် 'အထွန်း' ရဲ့ ရုပ်ပုံကိုသာ မြင်ယောင်ကာ စိတ်ထဲမှာ အနေခက်နေမိပါသည်။

နေ့လည်ဘက် ဧည့်သည်တွေပြန်သွားမှ 'အထွန်း' ဆီကို ပြေးအလာ အစ်မ 'မမြမူ' က ဆီးပြောပါသည်။

'အထွန်း' ကောင်မလေးတစ်ယောက်နဲ့ အပြင်ကို ထွက်သွားသည်တဲ့။

'အထွန်း' စိတ်ကောက်သွားတာ သေချာနေတာဖို့ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



'အထွန်း' ကို ထိုင်စောင့်နေမိပါသည်။

ကျွန်မရင်ထဲမှာ ကျွန်မနဲ့ပတ်သက်၍ 'အထွန်း' ကို စိတ်မဆင်းရဲစေချင်ပါ။

ထိုညက မိုးစုပ်စုပ်ချုပ်မှ 'အထွန်း' ပြန်လာတာကို ကျွန်မရဲ့ အိမ်အပေါ်ထပ်မှ မြင်နေရပါသည်။

ကျွန်မ 'အထွန်း' ဆီသွားချင်ပေမယ့် မဖြစ်နိုင်တော့ပါ။

နောက်တစ်နေ့က 'အထွန်း' ကျွန်မကို ရှောင်နေပါသည်။ ဧည့်သည်တွေကို ဖိုးဖိုးက ထမင်းဖိတ်ကျွေးနေတာကြောင့် ထမင်းကျွေးနေရပေမယ့်လည်း ကျွန်မရဲ့စိတ်က ထမင်းဝိုင်းမှာ မရှိပါ။ ဖြစ်နိုင်လျှင် 'အထွန်း' ကို တွေ့လိုလှပါသည်။ ဧည့်သည်တွေ ပြန်သွားသည်နှင့် 'အထွန်း' ဆီကို ပြေးအလာ ...

"ခုနလေးကပဲ 'ချစ်ချစ်' နဲ့ အပြင်ကို ထွက်သွားတယ်"

ကျွန်မ ငိုချင်လာပါပြီ။ တကယ်ဆို ဒီအချိန်တွေက ကျွန်မနဲ့ 'အထွန်း' နဲ့ ပျော်နေရမယ့်အချိန်တွေပါ။

ဒီအချိန်ကျကာမှ 'ချစ်ချစ်' က 'အထွန်း' နဲ့ဘာလို့ လာပျော်နေရတာလဲ။

ဖြစ်ချင်တာဖြစ် ဒီနေ့မှ 'အထွန်း' နဲ့ မတွေ့ရလျှင် ကျွန်မ မပြန်။

ဒီအတွေးဖြင့် ကျွန်မထိုင်အစောင့် ညကိုးနာရီခန့်တွင် 'အထွန်း' ပြန်လာပါသည်။

သူ့ကိုတွေ့ချင်လွန်း၍ ထိုင်စောင့်နေရတဲ့ကျွန်မကို 'အထွန်း' က လုံးဝလှည့်မကြည့်ပါ။

လေလေးတချွန်ချွန်ဖြင့် ဂစ်တာကိုင်ကာ ထိုင်တီးနေပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။

တီးတဲ့ သီချင်းကလည်း ကြည့်ပါအုံး 'ချစ်တာတစ်ခုတည်းသိတယ်' တဲ့။ သီချင်းစာသား၏ 'တကယ်ပါမေရယ်' ဟု ဆိုရမယ့် အပိုဒ်တွင် 'တကယ်ပါချစ်ရယ်' ဟု ထည့်ဆိုလေသည်။

ဒါ 'ချစ်ချစ်' ကို ဆိုတာ မဟုတ်လို့ ဘယ်သူ့ကို ဆိုတာဖြစ် နိုင်မလဲ။ ကျွန်မကသာ သူ့ဘဝတိုးတက်ကြီးပွားပါစေ။ သူ့ဘဝသာယာပါစေဆိုပြီး ကိုယ့်ဘဝနဲ့ရင်းကာ အနစ်နာခံကြိုးစားခဲ့ရသလောက် 'အထွန်း' စိတ်က ကျွန်မအပေါ်တွင် မရှိပါ။

ကျွန်မ ဝမ်းနည်းလာကာ နေရာမှ ပြေးအထွက် 'အထွန်း' က ကျွန်မကို ပေးမထွက်ပါ။ ကျွန်မလက်ကို ချုပ်ကိုင်ထားပါသည်။

ကျွန်မအတင်းစောင့်ရုန်းရင်း 'အထွန်း' ကို အော်ပစ်လိုက်ပါသည်။

"လွှတ်နော် 'အထွန်း'... ငါစိတ်တိုလာပြီ... ငါ့မှာဖြင့် တစ်နေကုန် သူငါ့ကို စိတ်ကောက်သွားတယ်ထင်ပြီး လာစောင့်နေလိုက်ရတာ... မင်းက 'ချစ်ချစ်' နဲ့ လျှောက်လည်ပြီး ဖီး (လ်)တက်နေတာကိုး"

"'မ' ဘာတွေ လျှောက်ပြောနေတာလဲ... တကယ် ဖီး(လ်)တက်နေတာက ဘယ်သူလဲ... အောင်စာရင်း အတူသွားကြည့်မယ်လို့ ပြောခဲ့တာ ဘယ်သူလဲ"

'အထွန်း' ရဲ့ မျက်လုံးများက ဒေါသဖြင့် အရောင်တောက်ကာ လူတစ်ကိုယ်လုံးကလည်း ကျားပေါက်လေးတစ်ကောင် အလား မာန်ဖီနေသလိုမျိုးပါ။

"ဒီကကောင်ကဖြင့် အရူးလိုပဲ... သူ ဘယ်တော့များ ရောက်

www.burmeseclassic.com

www.burmeseclassic.com



လာမလဲထိုင်စောင့်လိုက်ရတာ… သူကဖြင့် ဟိုလူနဲ့ပျော်မြူးနေပြီး တော့များ”

“ဟဲ့… ဒေ့သည်ကို ဒေ့မခံလို့ ဖြစ်မလား”

ကျွန်မ ဒေါသဖြင့် အော်လိုက်မိပါသည်။

“ဖြစ်တယ်… ကျွန်မ သွားစရာရှိတယ်ဆိုပြီး ထွက်လာတော့ ဘာဖြစ်မှာမို့လို့လဲ”

“ဟဲ့… ငါက အဲဒီလိုမှ မရိုင်းတတ်တာ”

“အဲဒါ ‘မ’ ညာတာ… ကျွန်တော်နဲ့စတွေ့ကာစက ‘မ’ ဘယ်လိုဆက်ဆံခဲ့လဲ… ခု သူတို့ကိုလည်း အဲဒီလို ဆက်ဆံလို့ရသားပဲ… အလကား ‘မ’ အပိုတွေ ပြောနေတာ”

‘အထွန်း’ က ကျွန်မကို ကျောခိုင်းကာ ရပ်နေပါသည်။

“အေး… ငါ့ကိုသာ ပြောနေ… အဲဒီနေ့ကမင်းလည်း ကောင်မလေးတစ်ယောက်နဲ့ သွားခဲ့တာပဲ မဟုတ်လား… မိုးကြီးချုပ်မှပြန်လာတာပဲ မဟုတ်လား”

ကျွန်မရင်ထဲက ခံစားချက်တွေ ပေါက်ကွဲကာအထွက် ‘အထွန်း’ ကျွန်မဘက်ကို လှည့်ကြည့်ကာ ပြုံးပါသည်။

“သူများသွားတော့ ‘မ’ ကပြောတတ်တယ်… ‘မ’ ကိုယ်တိုင် ဒေ့သည်ကို အိမ်ပေါ်တင်ပြီး ပျော်မြူးနေတာကျတော့ကော”

“တော်တော့ ‘အထွန်း’… ‘ဦးအဓိပတိ’ ဟာ ငါ့ဒေ့သည် မဟုတ်ဘူး… ဖိုးဖိုးဒေ့သည် ဖိုးဖိုးဆီလာတာ”

“ဟား… ဟား… ရယ်ရတယ်… ဖိုးဖိုးဆီ ဒီလူက ဘာလာလုပ်မှာလဲ… ရွှေစွန်ညိုဘာကိုလိုလို့ ဝဲတယ်ဆိုတာ လူတိုင်းသိတယ်… ‘မ’ သာ မသိဟန်ဆောင်နေတာ… အားလုံးကို မသိဟန်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



နေတာ"

"ငါဘာကို မသိဟန်ဆောင်နေလို့လဲ"

ကျွန်မပြန်အမေး 'အထွန်း' ကျွန်မနားကို လျှောက်လာပါသည်။

ဒီတစ်ခါ လျှောက်လာတဲ့ 'အထွန်း' ရဲ့ပုံစံက အရမ်းကိုလှုပ်ရှားနေတာကြောင့် ကျွန်မ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် နောက်ကိုအဆုတ် နံရံက ကာဆီးထားတာမို့ ကျွန်မကိုယ်တိုင်က နေရာမှာတုန့်ကနဲရပ်အသွား 'အထွန်း' က နံရံကို လက်ထောက်ကာ ကျွန်မကို စိုက်ကြည့်နေပါသည်။

"'မ' ဟာ ပင့်ကူပဲ"

"ဘာ... 'အထွန်း' ... မင်းဘာပြောလိုက်တယ်"

ကျွန်မ အံ့အားသင့်စွာ မေးလိုက်မိပါသည်။ 'အထွန်း' ဘာ အဓိပ္ပါယ်နဲ့ ပြောလိုက်တာလဲ။

"ပင့်ကူဆိုတာ သူ့ကိုယ်က ထွက်တဲ့ ပိုးခြည်မျှင်နဲ့ အိမ်ဖွဲ့တယ်... အဲဒီအိမ်မှာ လာနားတဲ့ပိုးကောင်ငယ်တွေကို သတ်စားတယ်... 'မ' လည်း ဒီလိုပဲ ကျွန်တော့်ကို 'မ' ရဲ့ သံယောဇဉ်တွေနဲ့ နှောင်ဖွဲ့တယ်... ကျွန်တော် 'မ' ရဲ့ သံယောဇဉ်တွေကြားမှာ မရုန်းနိုင် မထွက်နိုင်တော့မှ 'မ' ကျွန်တော့်ကို ပစ်ပြေးဖို့ ကြံတယ်"

"မင်းပြောတာ ငါလုံးဝ နားမလည်ဘူး 'အထွန်း' "

ကျွန်မ 'အထွန်း' ကို နာကြည်းစွာ အော်လိုက်မိပါသည်။ တကယ်ဆို ကျွန်မကသာ 'အထွန်း' ဆိုတဲ့ ပင့်ကူအိမ်မှာ တွယ်ငြိနေမိတဲ့ ပိုးကောင်ငယ်လေးဘဝပါ။

တစ်နေ့ အစားခံရမယ်ဆိုတာ သိနေပေမယ့်လည်း ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



ရန်းမထွက်နိုင်တာ ရန်းမထွက်ချင်တာ ကျွန်မရဲ့ အားနည်းချက် လား။

ကျွန်မ ကြေကွဲစွာ ရှိုက်အငို 'အထွန်း' ရဲ့မျက်နှာက ကျွန်မ ရဲ့ မျက်နှာပေါ်ကို နိမ့်ဆင်းလာပါသည်။

" 'မ' မငိုပါနဲ့… 'မ' ငိုရင် ကျွန်တော်ရူးလိမ့်မယ်"

"ဒါဆို မင်း 'မ' ကို ဘာလို့ မဟုတ်တာတွေ လျှောက်ပြော နေရတာလဲ"

"ကျွန်တော် 'မ' ကိုချစ်တယ်… 'မ' နဲ့ ကွဲရင် ကျွန်တော် သေလိမ့်မယ်"

'အထွန်း' ရဲ့ ထွက်သက်က ကျွန်မရဲ့ မျက်နှာပေါ် နွေးထွေး စွာကျရောက်နေပါသည်။ ဒီလိုပဲ ကျွန်မရဲ့ ရင်ခုန်သံကိုလဲ 'အထွန်း' ကြားရမည်ထင်ပါသည်။ ကျွန်မ 'အထွန်း' ကို ဘယ်လိုရှောင်ရမ လဲ။ ရှောင်လဲ မရှောင်ချင်ပါ။ နေရခက်စွာ ခေါင်းကို အငုံ့ …

" 'မ' ကျွန်တော့်ကို ချစ်လား"

လက်ရှိအခြေအနေမှာ ကျွန်မက ပင့်ကူအိမ်မှာ တွယ်ငြိနေ တဲ့ပိုးကောင်ငယ်လေးဘဝပါ။ ဒါပေမယ့် တွယ်ငြိနေရတာကိုလည်း နှစ်သက်သာယာမိပါသည်။ ရုန်းထွက်ဖို့ကိုလည်း ကျွန်မ မကြိုးစား ပါ။ မျက်နှာကို ဆွဲမော့လာတဲ့ 'အထွန်း' ကို မကြည့်ရဲသလို မျက် လုံးကိုအမှိတ် …

" 'မ' ကို ကျွန်တော် ချစ်တယ်"

ပူနွေးနူးညံ့သော 'အထွန်း' နှုတ်ခမ်းများက ကျွန်မရဲ့ မျက် နှာအနှံ့ အဆက်မပြတ်ရွာသော မိုးသီးမိုးပေါက်များလို ကျဆင်း လာခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ရှန်းကြည့်မိပါသေးသည်။ ဒါပေမယ့် 'အထွန်း' ရဲ့ နှောင်ကြိုးများက ရုန်းမရအောင် မြဲခိုင်လှပါသည်။

ကျွန်မ မရုန်းချင်တော့ပါ။ ကျွန်မကိုယ်တိုင်လည်း 'အထွန်း' ကို ချစ်နေမိပြီ။

www.burmeseclassic.com

www.burmeseclassic.com



## ၃၀

ပွင့်လင်းစွာ ချစ်ကြတဲ့ ချစ်သူတွေ ဖြစ်ခဲ့ကြပြီဆိုတော့ လည်း ကျွန်မတို့ပုံစံက အရင်ကနဲ့မတူကြတော့ပါ။

'အထွန်း' ဘက်က ဖိုးဖိုးတို့သိမှာ စိုးရိမ်သလို ကျွန်မဘက်ကလည်း အစ်မ 'မမြမူ' တို့ ရိပ်မိသွားမှာစိုးတာကြောင့် ကျွန်မတို့နှစ်ယောက်ကတော့ အပြင်ဘက်မှာ မကြာခဏ ချိန်းတွေ့ဖြစ်ကြပါသည်။

ဒီနေ့လည်း 'အထွန်း' နဲ့ ချိန်းထားတာကြောင့် ကျွန်မကားကိုအထုတ် ဖိုးဖိုး အပေါ်မှဆင်းလာကာ ကျွန်မကို လှမ်းမေးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့မြေး ဘယ်ကိုသွားမလို့လဲ"

"မြို့ထဲသွားပြီး စာအုပ်ဝယ်မလားလို့ ဖိုးဖိုး"

"ဒါဆိုအတော်ပဲ ဖိုးဖိုးလည်း လိုက်ခဲ့မယ်... မြို့ထဲဘက် မရောက်တာကြာပြီ"

ဖိုးဖိုးလိုက်လာ၍ ကျွန်မ 'အထွန်း' နဲ့ တွေ့ဖို့မလွယ်တော့ပါ။

ခုနောက်ပိုင်း ဖိုးဖိုးကိုယ်တိုင်လည်း ကျန်းမာရေးကောင်းလာပြီဆိုတော့ ကျွန်မ မန္တလေးကို ပြန်ရတော့မည်ထင်ပါသည်။

ကားမောင်းလာတဲ့ ကျွန်မကို ဖိုးဖိုးက ငဲ့ကြည့်ရင်း ပြောသည်။

"ငါ့မြေး မင်္ဂလာဆောင်တဲ့အထိတော့ ဖိုးဖိုးအသက်ရှည်ချင်ချင်ပါသေးတယ်ကွယ်"

"ဖိုးဖိုးကလည်း ဘာလို့ မရှည်ရမှာလဲ... မြေးကလည်း ချက် ခြင်း ယူအုံးမှာမှ မဟုတ်တာ"

"မြေးကသာ ပြောနေ... သမီးဖေဖေက ဒီသီတင်းကျွတ်မှာ သမီးတို့ကို မင်္ဂလာဆောင်ပေးတော့မယ် ဥစ္စာ"

" 'သိုက်' မင်္ဂလာဆောင်ရတော့မယ် ဟုတ်လား ဖိုးဖိုး"

ကျွန်မ အံ့အားသင့်စွာ မေးလိုက်မိပါသည်။

"ဘယ်သူနဲ့လဲ... 'သိုက်' လည်း မသိပါလား"

"'မောင်အဓိပတိ' နဲ့လေကွယ်... ဟိုတလောက သူ့မိဘတွေ လာကြတာ... ငါ့မြေးလေးကို လာအကဲခတ်ကြတာပေါ့... ငါ့မြေး မသိဘူးလား"

ကျွန်မ ခေါင်းခါလိုက်မိပါသည်။ ထိုအချိန်က 'အထွန်း'

www.burmeseclassic.com

www.burmeseclassic.com



စိတ်နဲ့ လှုပ်ရှားနေရတာမို့ ကျွန်မ ဂရုမထားမိခဲ့ပါ။

ခုလိုဆို ကျွန်မ ဘယ်လိုလုပ်ရပါ့။ စိတ်မောစွာ သက်ပြင်းအချ…

"မနက်ဖြန် သမီးဖေဖေ သမီးကို လာခေါ်လိမ့်မယ်"

" 'သိုက်' ပြန်ရတော့မယ် ဟုတ်လား ဖိုးဖိုး"

ကျွန်မပါးပေါ် မျက်ရည်ပူများ စီးကျလာခဲ့ပါသည်။ ကျွန်မ မပြန်ချင်သေးပါ။ 'အထွန်း' ကိုလည်း ဘယ်လိုပြောရပါ့။

တွေ့နေကျ စာအုပ်ဆိုင်အရောက် 'အထွန်း' က ကြိုတင်ကာ ရောက်နေပါသည်။ ကားပေါ်မှာ ဖိုးဖိုးပါလာတာကြောင့် 'အထွန်း' နားကို မသွားတော့ 'အထွန်း' က ကျွန်မအပါးကို လျှောက်လာပါသည်။

" 'မ' ဘာဖြစ်လာတာလဲ"

" ကားပေါ်မှာ ဖိုးဖိုးပါတယ် 'အထွန်း'… မနက်ဖြန် 'မ' မန္တလေးကို ပြန်ရတော့မယ်"

"မြန်လှချည်လား 'မ' "

'အထွန်း' မျက်နှာက ရုတ်ချည်းလို ပျက်ကာငေးငိုင်သွားတာကြောင့်…

" 'မ' လည်း ခုပဲသိတာ… ဘယ်လိုလုပ်ကြမလဲ 'အထွန်း' "

"ညကျမှ 'မ' 'အထွန်း' တို့ခြံဘက် ကူးလာပါလား… 'အထွန်း' စောင့်နေမယ်လေ"

ကျွန်မတို့ ခြံဘက်မှာတော့ 'ကိုမိုးလုံး' က အမြဲစောင့်နေတာကြောင့် 'အထွန်း' လာဖို့ မလွယ်ကူပါ။

" 'အထွန်း' 'မ' ကို ပြောစရာတွေရှိတယ်"

" 'မ' လည်း 'အထွန်း' ကို ပြောစရာတွေ အများကြီးပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဖိုးဖိုးကွယ်ရာတွင် 'အထွန်း' က ရပ်ကာ ကျွန်မက စာအုပ်ရွေးသလို ပုံစံဖြင့် စကားပြောနေကြခြင်းပါ။

" 'မ' ဘယ်နှစ်နာရီလောက် လာမှာလဲ"

ဖိုးဖိုးက ညကိုးနာရီမှ အိပ်ယာဝင်တာဆိုတော့ ကျွန်မ ကိုးနာ ရီခွဲလောက်မှ သွားဖြစ်မည်။ ဒါတောင် 'ကိုမိုးလုံး' ကို အလစ်ချောင်းရပါအုံးမည်။

'အထွန်း' ဆိုတဲ့ သံယောဇဉ်ကြီးမှာ တွယ်ငြိမိမှ ကျွန်မဘက်က ခိုးကြောင်ခိုးဝှက် လုပ်ရတဲ့ကိစ္စပါ။

" 'မ' ဆက်ဆက်လာနော်... 'မ' မလာရင် ကျွန်တော့် 'မ' ဆီကို ရောက်အောင်လာမှာ"

" 'အထွန်း' ကလည်း 'မ' လာမှာပါ"

ဖိုးဖိုးက ကားပေါ်က လှမ်းကြည့်နေတာကြောင့် ကျွန်မဆိုင်အပြင်ကို ထွက်လာခဲ့လိုက်ပါသည်။

ထိုနေ့တစ်နေ့လုံး ကျွန်မစိတ်တွေ ဂဏာမငြိမ်ပါ။ ဖြစ်နိုင်လျှင် ညအချိန်ကို ကျွန်မအမြန်ဆုံး ရောက်ချင်ပါပြီ။ ဖိုးဖိုးအိပ်ယာဝင်သည်နှင့် ကျွန်မအိမ်ပေါ်က အမြန်ဆုံးအဆင်း ခြံဝတွင် 'ကိုမိုးလုံး' ရပ်နေတာကြောင့် ခဏပုန်းနေရပါသေးသည်။

'ကိုမိုးလုံး' နောက်ဖေးဘက်ကို ထွက်သွားသည်နှင့် ကျွန်မ 'အထွန်း' ရှိရာကို တဟုန်ထိုး ပြေးလာခဲ့မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၃၁

“ ‘မ’ ”

‘အထွန်း’ က ခြံဝမှာ ထွက်စောင့်နေပါသည်။ နှစ်ဦးသား တွေ့သည်နှင့် ကျွန်မ ‘အထွန်း’ ရဲ့ ရင်ခွင်ထဲကို ပြေးအဝင် ‘အထွန်း’ က ကျွန်မကို အလိုက်သင့်ထွေးပွေ့ထားပါသည်။

“ ‘မ’ မန္တလေးပြန်သွားရင် ‘အထွန်း’ ဘယ်လို နေခဲ့ရမှာလဲ”

‘အထွန်း’ မျက်ဝန်းတွင် မျက်ရည်ကြည်များ ဝေ့ဝဲနေပါသည်။ ကျွန်မလည်း ‘အထွန်း’ ကို မခွဲချင်ပါ။ ဖြစ်နိုင်လျှင် မနက်ဖြန်ဆိုတဲ့ နေ့ကြီးသာမရှိလျှင် ဘယ်လောက် ကောင်းလိုက်လေမလဲ။

“ ‘အထွန်း’ မန္တလေးကို လိုက်ခဲ့ပေါ့”

‘တကယ်... ‘မ’ ‘အထွန်း’ ကို လာတွေ့မှာလား”



www.burmeseclassic.com

www.burmeseclassic.com



"တွေ့မှာပေါ့... 'အထွန်း' က 'မ' ရဲ့ တစ်ဦးတည်းသော ချစ်သူပဲဥစ္စာ"

"'မ' ကတော့ 'အထွန်း' ရဲ့ တစ်ကောင်တည်းသော ပင့်ကူ"

"ဘာဆိုင်လို့လဲ"

ကျွန်မက ရယ်တော့ 'အထွန်း' က အတည်ပေါက်နဲ့ ပြောနေပါသည်။

"'မ' ရဲ့ကွန်ယက်မှာ 'အထွန်း' ဘယ်လိုမှ ရုန်းမထွက်နိုင်တော့ဘူး... 'မ' ကို 'အထွန်း' ချစ်တယ်"

"အဲ့ဒီစကားလုံးက 'မ' က ပြောရမှာပါ... 'အထွန်း' ဆိုတဲ့ ကွန်ယက်မှာ လာငြိနေမိတာက 'မ' လေ... 'မ' မရုန်းချင်ပါဘူး 'အထွန်း' ရယ်"

ညမှောင်မှောင်တွင် 'အထွန်း' ရဲ့ အနမ်းကြမ်းကြမ်းများက ကျွန်မကို ဘယ်လိုမှ မရုန်းသာအောင် တုပ်နှောင်ထားသကဲ့သို့ ဖြစ်နေပါသည်။

ကျွန်မ ဖတ်ဖူးသ၍ ပင့်ကူများသည် စကြ္ဝာအာရုံထက် ဖေါ်ဒ္ဓဗ္ဗာရုံ၌ ပို၍ရှင်သန်ကြကာ သူတို့အိမ်တွင် အစာယင်ကောင်နားနေသလား...

ဒါမှမဟုတ် ရန်သူ နကျယ်ကောင်ကို နားနေသလား။ ထိုအကောင်၏ ရုန်းကန်အားကို ခံစားလိုက်ရုံဖြင့် သိကြသတဲ့။

ကျွန်မဟာ 'အထွန်း' ရဲ့ ရန်သူမဟုတ်ဘဲ ချစ်နေမိသူဆိုတာ 'အထွန်း' သိနေပုံပါပင်။

"မနက်လေးရောက်ရင် 'မ' ကို ဖေဖေတို့က ယောကျ်ားပေးစားကြတော့မှာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို 'မ' မပြန်ပါနဲ့တော့လားဟင်... 'အထွန်း' နဲ့အတူ 'အထွန်း' သူငယ်ချင်းတွေရှိတဲ့ ဖားကန့်ကို ထွက်ပြေးကြရအောင် လား"

ပင့်ကူသည် ပင့်ကူအိမ်၏ အလယ်ဗဟိုတွင်နေကာ အမျှင်များက ဖြာထွက်လာသည့်အလျှောက် မည်သည့်အမျှင်ပေါ်သို့မဆို ချက်ခြင်းသိနိုင်သည်။ ငြိတွယ်နေသော ပိုးကောင်ငယ်မလွတ်အောင် အိမ်ကိုလွှဲ၍ လွှဲ၍ လူပ်ပေးခြင်းဖြင့် အစေးပိုကပ်စေသည်။

"နော်... 'မ' 'အထွန်း' တို့ ထွက်ပြေးကြရအောင်လား"

ကျွန်မရဲ့စိတ်မှာ 'အထွန်း' ကလွဲ၍ ဘာမှမရှိတော့ပါ။ ကျွန်မ သည် 'အထွန်း' ရဲ့ ပင့်ကူအိမ်မှာ တွယ်ငြိမိတဲ့ ပိုးကောင်ငယ်လေး ဘဝပါ။

"ခုချိန်မှာ ထွက်ပြေးရင် 'မ' မှာ ဘာမှ မပါလာသေးဘူး... 'အထွန်း' လည်း စီစဉ်တတ်မှာ မဟုတ်ဘူး... ဒီတော့ 'မ' မန္တလေး ကို လိုက်သွားအုံးမယ်... လိုအပ်တာတွေ စီစဉ်ပြီးမှ 'အထွန်း' ဆီကို ပြန်လာခဲ့မယ်"

" 'မ' ဘယ်လောက် ကြာမှာလဲ... တကယ်ပြောတာလား"

"သြော် 'အထွန်း' ရယ်... ဒီအချိန်မှာ 'မ' က အပြောင်းအပျက်ပြောရမယ့် အချိန်လား...အနည်းဆုံးတစ်လလောက်တော့ ကြာမှာပေါ့"

" 'မ' ကိုပေးစားမှာ 'ဦးအဓိပတိ' နဲ့ မဟုတ်လား"

ကျွန်မငြိမ်နေတော့ 'အထွန်း' က နာကြည်းစွာနဲ့ ပြုံးနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သိပါတယ်... ကျွန်တော်တို့က 'ဦးအဓိပတိ' ထက်စာရင် အများကြီးကို မွဲတယ်မဟုတ်လား... 'မ' ကို ရွှေကလပ်ပေါ်မှာလည်း တင်မထားနိုင်ဘူးလေ"

'အထွန်း' ရဲ့စကားတွေက ကျွန်မရဲ့ အသဲနှလုံးကို ပါးပါးလှီးနေသလိုမျိုးမို့ ကျွန်မ 'အထွန်း' ရဲ့ နှုတ်ခမ်းကို လှမ်းပိတ်လိုက်မိပါသည်။

"ဒါတွေ ပြောမနေပါနဲ့တော့ 'အထွန်း' ရယ်... 'မ' ကိုယ်တိုင် 'အထွန်း' ဘက်မှာ ရှိနေပြီပဲ... 'မ' 'အထွန်း' ဆီကို ဆက်ဆက်ရောက်အောင် ပြန်ပြေးလာမှာပါ... 'မ' ကိုယုံပါ"

ထိုနေ့ညက 'အထွန်း' က ဆွဲထားတာကြောင့် တစ်ညလုံး 'အထွန်း' နဲ့အတူ ရှိနေကာ မနက်အာရုံတက်ချိန်လောက်မှ ကျွန်မ ပြန်လာခဲ့လိုက်ပါသည်။

ဒါတောင် 'အထွန်း' က ပြန်မလွှတ်ချင်သေးပါ။ ထိုအချိန်က 'ကိုမိုးလုံး' အိပ်ယာပြန်ဝင်ချိန်ဆိုတာကို ကျွန်မသိထားသည်လေ။

ကျွန်မအိပ်ယာက နိုးလာတဲ့အချိန်တွင် ဖေဖေရဲ့ကားက ခြံထဲကို ထိုးဆိုက်လာတာနဲ့ ကွက်တိပါ။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မရဲ့ဆုံးဖြတ်ချက်ကို ကျွန်မ မပြင်ချင်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



## ၃၂

"ဘယ်လိုလဲ သမီး... ပြင်ဦးလွင်မှာ အေးအေးဆေးဆေးနေလာရတာကြာလို့ မန္တလေးမှာ နားငြီးနေပြီလား"

ရောက်ပြီး လေးငါးရက်ခန့်ကြာသည့်တိုင် မန္တလေးသည် ကျွန်မအတွက် အသားမကျလှပါ။

'အထွန်း' ကို အချိန်ပြည့် သတိရနေတာလဲ ပါပါလိမ့်မည်။ ကျွန်မပြန်လာကာနီး 'အထွန်း' ရောက်လာကာ ယိုထုတ်တွေသယ်ဆောင်လာပေးရင်း စာတစ်စောင်ထည့်ပေးသွားခဲ့ပါသည်။ ဖေဖေ့အလစ်တွင် ကျွန်မခိုးဖတ်မိပါသည်။

www.burmeseclassic.com



'မ' ကို အချိန်တိုင်း မျှော်နေမယ့် 'အထွန်း' တဲ့။

ကျွန်မလည်း 'အထွန်း' ကို အချိန်တိုင်း သတိရနေပါသည်။ သတိရတာနဲ့အမျှ 'အထွန်း' ဆီသွားဖို့ ပြင်ဆင်နေတာကြောင့် ကျွန်မအတွက် မိနစ်တိုင်း စက္ကန့်တိုင်းက အရေးကြီးနေပါသည်။

'အထွန်း' နဲ့ပတ်သက်လျှင် ကျွန်မက အသက်ကြီးတာမို့ ကျွန်မကပဲ ဦးဆောင်ရမှာ သေချာပါသည်။

ဖားကန့်ကအေးတာကြောင့် 'အထွန်း' အတွက် ဂျာကင်၊ ကျွန်မအတွက် အနွေးထည်အပြင် လိုအပ်တာမှန်သမျှ ကျွန်မထည့်နေမိပါသည်။ ကျွန်မအဓိကထည့်ရမှာ ကျွန်မရဲ့ လက်ဝတ်လက်စားတွေကိုပါ။

တစ်ဦးတည်းသော သမီးမို့ ထွက်သမျှကျောက်ကောင်းမှန်သမျှ ဖေဖေတို့က ကျွန်မကို လက်ဝတ်လက်စားလုပ်ပေးထားပါသည်။

အရင်တုန်းက အခြေအနေဆို ကျွန်မဒါတွေကို မမက်မောပေမယ့် 'အထွန်း' နဲ့ နှစ်ယောက်ပေါင်းရမယ့်ဘဝမှာ ဒါတွေက အဓိကလိုအပ်သည်ဟု ထင်မိပါသည်။ ပြီးတော့ 'အထွန်း' ကို ကျွန်မကျောင်းဆက်တက်ခိုင်းရပါအုံးမည်။

ယောကျ်ားဖြစ်ပြီး ပညာမတတ်လျှင် သူများ အနိမ့်ခံရမည်ယုတ်စွအဆုံး သားသမီးတွေရလာလျှင်ပင် ဖခင်ကို အထင်ကြီးမည်မထင်ပါ။ 'အထွန်း' ကော ဒါတွေကို တွေးမိပါ့မလား။

မနက်ပိုင်း ကျွန်မ 'အထွန်း' တို့အိမ်က ပြန်ကာနီး 'အထွန်း' က ကျွန်မကို တီးတိုးမှာသည်။

"တစ်လကျော်လို့မှ 'မ' ပြန်ရောက်မလာရင် ကျွန်တော် 'မ'

www.burmeseclassic.com

www.burmeseclassic.com



ဆီကို လိုက်လာခဲ့မယ်နော်”

ယခုမှ တစ်လဝန်းကျင်ပဲရှိပါသေးသည်။ မနက်ဖြန်ဆို ကျွန်မ ‘အထွန်း’ ဆီကို ရောက်ပါတော့မည်။

‘အထွန်း’ ကော ပျော်နေမလား။

ဖေဖေနဲ့ မေမေကတော့ ကျွန်မရဲ့အကြံအစည်ကို သိပုံမရပါ။ ‘ဦးအဓိပတိ’ နဲ့တိုင်ပင်ကာ ကျွန်မရဲ့မင်္ဂလာပွဲကို ကြီးကျယ်သက်ထက် ကြီးကျယ်အောင် စီစဉ်နေကြပါသည်။ မနက်ဖြန်ဆို ဖေဖေကော မေမေပါ ရန်ကုန်ကို သွားကြပါမည်။

ပထမ ကျွန်မကိုပါခေါ်ပေမယ့် နားချင်သေးတယ်ဟု ငြင်းလိုက်တာကြောင့် ဖေဖေတို့က ထပ်မခေါ်တော့ပါ။ ပြီးတော့ ရန်ကုန်ဆိုတာ နောက်ပိုင်း ကျွန်မ အမြဲတမ်းနေရတော့မည့် နေရာဟုလဲ ဖေဖေတို့က မှတ်ယူထားပုံရပါသည်။

ဘယ်လိုပဲဖြစ်ဖြစ် ဖေဖေကော မေမေပါ မရှိဘူးဆိုတော့ ကျွန်မအတွက် ငြိမ်းအေးခဲ့ရပါပြီ။

မနက်ပိုင်း ဖေဖေနဲ့ မေမေကို ဘူတာလိုက်ပို့ပေးပြီးသည်နှင့် ကျွန်မ ယူစရာရှိတာအားလုံးကိုယူကာ ပြင်ဦးလွင်ကို တက်လာခဲ့လိုက်ပါသည်။

ဒီတစ်ခါ ကျွန်မတက်တာ ‘အထွန်း’ ရင်ခွင်ကို ထာဝရခိုဝင်ဖို့အတွက်ပါ။ ကျွန်မ ‘အထွန်း’ ကို တစ်လကြာရင် ပြန်လာမယ် ပြောခဲ့ပေမယ့် တကယ်တမ်း ကျွန်မပြန်လာခဲ့တာ တစ်လပြည့်ဖို့ခြောက်ရက်အလိုမှာပါ။ ကျွန်မရဲ့အချစ်ကို ‘အထွန်း’ သိနိုင်မှာပါ။

‘အထွန်း’ သာ ကျွန်မကို မြင်ရင် ဘယ်လောက်ဝမ်းသာမလဲ

www.burmeseclassic.com

www.burmeseclassic.com



မလဲ။ ကျွန်မရင်ထဲမှာလည်း 'အထွန်း' ကို တွေ့ချင်စိတ်ဖြင့် လှုပ်ရှားနိုးကြားနေမိပါသည်။

ပြင်ဦးလွင်ကို ကျွန်မရောက်ချိန်က ညနေစောင်းကြီးပါ။ ဒီအချိန် ကျွန်မသွားလျှင် ဖိုးဖိုးတို့ မြင်သွားနိုင်တာကြောင့် မိုးချုပ်အောင် စောင့်ရပါသေးသည်။

အလင်းရောင် လုံးဝပျောက်ကာ မှောင်ရိပ်သန်းတော့မှ ကျွန်မကားငှားကာ 'အထွန်း' ဆီကို လာခဲ့လိုက်ပါသည်။ ရုတ်တရက် 'အထွန်း' အံ့သြဝမ်းသာသွားစေချင်၍ အိတ်တွေကို ခြံဝမှာထားကာ ကားဂိုဒေါင်ဆီကို လျှောက်အလာ ဂိုဒေါင်တံခါးပိတ်ထား၍ ကျွန်မစိတ်ထဲ ထင့်သွားခဲ့ရပါသည်။

'အထွန်း' မရှိဘူးထင်ပါရဲ့။ 'အထွန်း' မရှိရင် ကျွန်မဘာလုပ်ရမလဲ။

တွေဝေစိတ်ဖြင့် ငေးငိုင်နေဆဲ အခန်းတွင်းမှ မီးရောင်သဲ့သဲ့နှင့်အတူ စကားသံအချို့ ကျွန်မဆီကို တိုးထွက်လာခဲ့ပါသည်။

"လွတ်ကွာ 'ကိုထွန်း'... 'ချစ်ချစ်' အော်ငိုလိုက်မှာနော်"

"ငိုလေ... ငိုချင်လို့ကို 'ချစ်ချစ်' တမင်လာခဲ့တာ မဟုတ်ဘူးလား"

"မေမေ ရန်ကုန်သွားလို့ 'ချစ်ချစ်' လာတာပါနော်"

"အန်တီ ရန်ကုန်မသွားလည်း 'ချစ်ချစ်' ခိုးလာနေကြပဲ မဟုတ် ဘူးလား"

" 'ကိုထွန်း' ကို ချစ်တာကိုးလို့ 'ကိုထွန်း' ကသာ 'ချစ်ချစ်' ကိုပစ်ပြီး တစ်ပါးသူနဲ့ ပျော်မွေ့နေတာ 'ချစ်ချစ်' မသိတာလိုက်လို့"

"ယောကျ်ားပဲ 'ချစ်ချစ်' ရယ်... ကိုယ့်ပင့်ကူအိမ်မှာလာနား

www.burmeseclassic.com

www.burmeseclassic.com



တဲ့ ပိုးကောင်ကို ဘယ်အလွတ်ပေးလို့ ဖြစ်မှာလဲ... 'ချစ်ချစ်' ကော 'ကိုထွန်း' ကို ချစ်လို့လာတာပဲ မဟုတ်ဘူးလား"

"ဘုရား"

ကျွန်မ ရင်ပတ်ကိုဖိကာ တံခါးကြားမှ မြင်နေရသော မြင်ကွင်းကို ငေးကြည့်နေမိပါသည်။

လွန်ခဲ့သော တစ်လခန့်က ကျွန်မ 'အထွန်း' နဲ့အိပ်ခဲ့သော ကွပ်ပျစ်လေးပေါ်တွင် 'ချစ်ချစ်' ထိုင်နေကာ 'အထွန်း' က ကျွန်မကို ကျောပေးအနေအထားဖြင့် ရပ်နေတာဖြစ်ပါသည်။

"မေမေနဲ့ ကိုကိုသာသိရင် 'ချစ်ချစ်' ကို ဘာပြောမလဲမသိဘူးနော်"

"မုန်းလိုက်လို့ ပြောမှာပေါ့... သီချင်းတောင်ရှိသေးတာပဲ... ကားလေးတစ်စီးတောင် × × × သူမပိုင် × × × အပြောလေးကောင်းလို့ချစ်တော့ × × × လွန်တာပေါ့ မေမေရဲ့တဲ့"

'အထွန်း' က စီးကရက်ဖွာရင်း 'ပုလဲ' ရဲ့ သီချင်းကို ငြီးနေပါသည်။

ကျွန်မဝယ်ပေးထားသော ဂျင်းဂျာကင်အနက်နဲ့ စီးကရက်ဖွာနေသော 'အထွန်း' ကိုငေးကြည့်ရင်း... တစ်စမကျန်အောင် ဆွဲဆုပ်ပစ်လိုက်ချင်ပါသည်။ ဒါကျွန်မကို ချစ်တာတဲ့လား...

ကျွန်မကသာ သူနဲ့ပေါင်းရဖို့ ပူပန်နေရသလောက် လူပ်ရှားနေရသလောက် ကျွန်မ မရှိတဲ့ခဏလေးမှာပင် 'အထွန်း' သည် ကျွန်မအပေါ်ကို သစ္စာမဲ့နိုင်သူပါ။ ဒီလိုလူမျိုးကို ကျွန်မတစ်သက်တာ ဘယ်လိုပေါင်းဖော်ရမှာလဲ။

" 'ချစ်ချစ်' ကတော့ အဲဒီသီချင်းထဲကလို မဟုတ်ပါဘူး

www.burmeseclassic.com

www.burmeseclassic.com



နော်… 'ကိုထွန်း' မှာ ဘာမှ မရှိလည်း ချစ်မှာပါပဲ"

'အထွန်း' ရဲ့ မျက်နှာက 'ချစ်ချစ်' မျက်နှာရှိရာကို နိမ့်ဆင်းအသွား ကျွန်မ ပါးစပ်ပိတ်ကာ ခြံဝဆီကို ပြေးထွက်လာခဲ့လိုက်မိပါသည်။

မျက်ဝန်းထဲမှာတော့ ပင့်ကူကြီးတစ်ကောင် သူ့ကွန်ယက်မှာမိထားသော ပိုးကောင်ငယ်လေးကို အကြိမ်ကြိမ် အထပ်ထပ်ရစ်ပတ်နေတာကို မြင်ယောင်နေမိပါသည်။

ရစ်ပတ်၍ ပိုးကောင်ငယ်လေးငြိမ်သွားလျှင် 'အထွန်း' စားပါတော့မည်။ အခြေအနေကလည်း ပေးနေသည်ပဲ။

ကျွန်မကိုယ်တိုင်လည်း ပင့်ကူရဲ့အစားကို ခံခဲ့ရပြီးပြီပဲ။ ဒါကို မှ အမှတ်မရှိ နောက်ထပ်တစ်ခါ အစားခံရဖို့ ကျွန်မကြိုးစားလျှင် ကျွန်မလောက်မိုက်တဲ့သူ ရှိမည်ပင် မထင်တော့ပါ။

ကျွန်မဘာလုပ်ရမလဲ။ ခုချိန်မှာ ကျွန်မအိမ်ပြန်လျှင် အချိန်မနှောင်းနိုင်သေးပါ။ ဖေဖေနဲ့ မေမေလည်း ရန်ကုန်က ရောက်နိုင်အုံးမည်မထင်ပါ… ကျွန်မအိမ်ကို ပြန်ပါတော့မည်။

မှောင်ရိပ်ခိုကာ ဖိုးဖိုးတို့ခြံရှေ့ကအဖြတ် ကျွန်မပါးပေါ်မျက်ရည်ပူများ ကျဆင်းလာခဲ့ပါသည်။ ကျွန်မ မိုက်တာတွေကိုဖိုးဖိုးသာသိလျှင် ဘယ်လောက် စိတ်ထိခိုက်ရှာမလဲ…

ကျွန်မ မမိုက်ချင်တော့ပါ။ ကျွန်မ လိမ္မာပါတော့မည်။

ကားဂိတ်တွင် ကားစင်းလုံးငှားကာ ကျွန်မ မန္တလေးကို ပြန်ဆင်းလာခဲ့လိုက်ပါသည်။ မန္တလေးရောက်သည်နှင့် ရန်ကုန်က 'ဦးအဓိပတိ' ဆီကို ဖုန်းဆက်ကာ မနက်ဖြန် လေယာဉ်ဖြင့် ပါလာမယ့် ကျွန်မကို လာကြိုပေးဖို့ ပြောလိုက်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဘဝကို ပင့်ကူတစ်ကောင်အတွက် ဆက်လက်အသက်မရှင်ချင်တော့ပါ။ ကျွန်မဘဝကို မှန်ကန်သော လမ်းကြောင်းပေါ်ရောက်အောင် ကျွန်မပဲ ပို့ဆောင်ရပါမည်။

လေဆိပ်တွင် လာကြိုသော 'ဦးအဓိပတိ' က ကျွန်မကိုကြည့်ကာ ကြည်နူးပျော်ရွှင်နေပါသည်။

သူ့ကိုယ်သူ အိမ်မက် မက်နေသလို အောင်းမေ့နေသည်တဲ့။ တကယ်တမ်း အိမ်မက်မှ လန့်နိုးခဲ့သူက 'ဦးအဓိပတိ' မဟုတ်ပါ။ ကျွန်မကိုယ်တိုင်ပါ။

ကျွန်မကိုယ်တိုင်က 'ဦးအဓိပတိ' ကို လိုလိုလားလား လက်ခံလိုက်ပြီဆိုတော့ မင်္ဂလာပွဲကို အချိန်မဆွဲတော့ပါ။

ကျွန်မဖြစ်ချင်သလို မနက်ပိုင်းတွင် မင်္ဂလာဆွမ်းကျွေးကာ ညပိုင်းတွင် ဒင်နာကျွေးလိုက်ပါသည်။ မင်္ဂလာပွဲပြီးသည်နှင့် ကျွန်မဘဝကို ရန်ကုန်မှာ အသစ်တဖန် ပြန်လည်ကာ တည်ဆောင်ခဲ့ပါသည်။

ဒီတစ်ခါတော့ ကျွန်မရဲ့နာမည်ဟောင်းဖြစ်တဲ့ 'ရတနာသိုက်' အဖြစ်နဲ့ မဟုတ်ပါ… ကျွန်မရဲ့နာမည်က 'သစ်သစ်သိုက်'။

လူသစ်၊ စိတ်သစ်၊ ဘဝသစ်နှင့်မို့ နာမည်ဟောင်းကို ကျွန်မဘဝထဲက အပြီးအပိုင်ဖယ်ထုတ်လိုက်မိပါပြီ။

ကျွန်မယောကျ်ားက နဂိုထဲက အေးကာ ကျွန်မကို ချစ်လွန်းသူမို့ ကျွန်မနာမည်ပြောင်းတာကိုလည်း မကန့်ကွက်ခဲ့ပါ။ ကျွန်မတက္ကသိုလ်မှာ ဆရာမဝင်လုပ်တာကိုလည်း မတားမြစ်ခဲ့ပါ။

ကျွန်မ မင်္ဂလာဆောင်ပြီး တစ်နှစ်ခန့်အကြာတွင် ဖိုးဖိုးဆုံးသွားခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖိုးဖိုးမဆုံးခင် ကျွန်မရန်ကုန်ကိုခေါ်ကာ ဆေးကုပေးပါသေးသည်။

ဒါပေမယ့် လူကြီးရောဂါဆိုတော့ ဆေးမတိုးတော့ပါ။

ဖိုးဖိုးမဆုံးခင် ကျွန်မကို ကျေနပ်စွာပြုံးကြည့်သွားပါသည်။ ပြီးတော့ ကျွန်မ ကြားသာရုံလဲ တီးတိုးပြောသွားခဲ့ပါသေးသည်။

"ပင့်ကူအိမ်မှာ ဝင်တိုးမိတဲ့ ပိုးကောင်ငယ်တိုင်းဟာ လွတ်ဖို့လွယ်ကြတာမဟုတ်ဘူး... ငါ့မြေးလွတ်သွားလို့ ဖိုးဖိုးကျေးဇူးတင်ပါတယ်"

ထိုနေ့ညမှာပင် ဖိုးဖိုးဆုံးသွားခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၃၃

ညက အတိတ်ဟောင်းတွေကို ပြန်သတိရနေတာကြောင့် မနက်အိပ်ရာက နိုးလာတော့ 'ရာဇ' မရှိတော့ပါ။ မနက် စောစောပဲ ကျောင်းကို ထွက်သွားခဲ့ပြီတဲ့။

ခါတိုင်း ကျွန်မနိုးပြီး အတော်ကြာတဲ့တိုင် မနိုးတဲ့သမီးက စောစောစီးစီးနိုးတာကြောင့် ကျွန်မအံ့အားသင့်ကာ 'မြညို' ကို မေးလိုက်မိပါသည်။

" 'ရာဇ' ဘာစားသွားသေးလဲ 'မြညို' "

"လမ်းမှာပဲ တစ်ခုခုဝယ်စားတော့မယ်လို့ ပြောသွားတယ်...

www.burmeseclassic.com

www.burmeseclassic.com



မေမေလေး"

ကျွန်မ မျက်မှောင်တွန့်ကာ 'ရာဇ' ဟန်းဖုန်းကို နှိပ်လိုက်မိပါသည်။

"ဟယ်...လို"

သမီးရဲ့ထူးသံက ကြည်ကြည်လင်လင်ပါ။

" 'ရာဇ' လား... အခုဘယ်ရောက်နေတာလဲ"

"စိန်လှုံခြံထဲမှာ မာမီ... နန်းကြီးသုတ်စားမလို့ ဘာဖြစ်လို့လဲဟင်"

"အိမ်မှာ ဘာမှ စားမသွားလို့"

"မနေ့က ကျူရှင်မတက်လိုက်ရတော့ စာတွေကူးဖို့ 'ရာဇ' စောစောထွက်ခဲ့တာ မာမီ"

"အေးလေ... သမီး စားနေပြီဆိုရင်တော့ ပြီးတာပါပဲ... အနား မှာ ဘယ်သူရှိလဲ"

သမီးဘက်က တိတ်သွားပြီးမှ ခပ်တိုးတိုးလေးဖြေသည်။

" 'အင်းကြင်း' ... ဒါပဲနော် မာမီ"

ကျွန်မဖုန်းကို ပြန်ချလိုက်ပေမယ့် စိတ်ထဲမှာ တစ်မျိုးကြီး ခံစားနေရပါသည်။ 'အင်ကြင်း' ဆိုတဲ့ သမီးရဲ့အသံက ပုန်းလျှိုး ကွယ်လျှိုးဖြစ်နေမလား။ ဖြေနေတဲ့ အသံကိုက ခိုးကြောင်ခိုးဝှက် ပုံစံပါ။ သူမ မသိအောင် သမီးများ တစ်ခုခုလုပ်နေပြီလား။

ကျွန်မရင်မှာ စိုးရိမ်ပူပန်စိတ်တွေ တိုးလာတာကြောင့် 'အင်ကြင်း' တို့အိမ်ကို ဖုန်းလှမ်းဆက်လိုက်ပါသည်။

"ဟုတ်ကဲ့ 'အင်းကြင်း' ပါ"

"သမီး... အန်တီပါ... 'ရာဇ' ရဲ့မာမီပါ... သမီးကျောင်း မ

www.burmeseclassic.com

www.burmeseclassic.com



သွားသေးဘူးလား”

“မနက်ပိုင်းအချိန်က မိုင်နာချိန်မို့လို့ သမီးတို့ မတက်ဖို့ တိုင်ပင်ထားလို့ပါ အန်တီ… ‘ရာဇ’ မနိုးသေးလို့လား”

“အေးကွယ်”

ကျွန်မ ချောလဲရောထိုင်လိုက်မိပါသည်။ ကျွန်မရဲ့ လက်ဖျား တွေက အေးစက်လာကာ ကျွန်မရဲ့ ရင်ခုန်သံက ဗုံတီးနေသလို မြည်ဟီးနေပါသည်။

ဒါဆို သမီးရဲ့အနားမှာ ရှိနေတာ ‘အထွန်း’ လား။ သမီးက ဒီလိုကောင်နဲ့ ဘာလို့များ ပတ်သက်ရတာလဲ။

ကျွန်မ စိတ်မောစွာ ‘ရာဇ’ ရဲ့ဖုန်းကို လှမ်းအဆက်… ဖုန်း ပိတ်ထားတာကို သိလိုက်ရတဲ့နောက် ကျွန်မ နေလို့မရတော့ပါ။

‘ရာဇ’ ကို ‘အထွန်း’ သူ့ဘက်ပါအောင် နှူးနေပြီနဲ့ တူပါ သည်။ ကျွန်မရဲ့ သမီးလို ရိုးသားဖြူစင်သူလေးတစ်ယောက်ကို ‘အထွန်း’ မလှည့်စားသင့်ဘူးဟု ကျွန်မထင်ပါသည်။ ဒီလိုမှန်းသိ လျှင် ကျွန်မ သမီးကို ‘မောင်မိုးကောင်း’ နဲ့ ထည့်လိုက်ရကောင်း သား။

ကျွန်မရဲ့အတ္တကြီးမှုကြောင့် ကျွန်မရဲ့သမီးလေး ‘အထွန်း’ ရဲ့ပင့်ကူအိမ်မှာ တွယ်ငြိမိလျှင် ဒုက္ခရောက်တော့မည် ထင်ပါသည်။

ကျွန်မဒီလိုအဖြစ်မျိုးကို အဖြစ်မခံနိုင်ပါ။ နဂိုမူလက ကျွန်မ ‘အထွန်း’ ကို တွေ့ဖို့ အစီအစဉ်မရှိပေမယ့် ကျွန်မ တွေ့မှကိုဖြစ် ပါမည်။

ကျွန်မ သမီးလေးအတွက် ကျွန်မ ‘အထွန်း’ ကို တွေ့ကို တွေ့ရမည်။

www.burmeseclassic.com

www.burmeseclassic.com



နေ့လည်ပိုင်းတွင် ကျွန်မ ကျောင်းက စောဆင်းလာကာ ယုဇနစူပါမားကက်ရှိရာ ကားကိုမောင်းလာခဲ့လိုက်ပါသည်။

ကျွန်မ ရောက်တဲ့အချိန်တွင် 'အထွန်း' က ကြိုရောက်နေနှင့်ကာ ကျွန်မရဲ့ ကားတံခါးကို လာဖွင့်ပေးခဲ့ပါသည်။

" 'မ' ကတိတည်သားပဲ"

ကျွန်မ ဘာမှမပြောဘဲ ယုဇနစူပါမားကက်အောက်ထပ်ကို လျှောက်ဝင်လာခဲ့လိုက်ပါသည်။

ကျွန်မကို လူတကာတွေ့လျှင် မမှတ်မိနိုင်အောင် အနက်ရောင်ဖရိမ်ကြီးကြီးနှင့် မျက်မှန်ကို တက်လာခဲ့ပါသည်။

အပေါ်ပိုင်းတွင် Twin - Set ပန်းရင့်ရောင် ဝတ်စုံကိုဝတ်ကာ ပန်းရင့်ရောင်ပေါ် နက်ပြာရောင် အစင်းလေးတွေပါသော ကိုးရီးယားစိန်မိုက်ကယ်လုံချည်ပျော့ပျော့က ကျွန်မရဲ့ကိုယ်လုံးပေါ်မှာ ပျောင်းနွဲ့စွာ ရှိနေမည်ထင်ပါသည်။

ကျွန်မသက်ပြင်းချကာ အောက်ထပ်ရှိ ပစ္စည်းတွေကို လျှောက်ကြည့်ရင်း 'အထွန်း' ကို လှည့်မကြည့်ဘဲ မေးလိုက်မိပါသည်။

"မနက်ရှစ်နာရီလောက်က မင်းဘယ်မှာရှိနေလဲ"

"စားသောက်ဆိုင် တစ်ဆိုင်မှာ"

"စိန်လှျံလား"

ကျွန်မရဲ့အမေးကြောင့် 'အထွန်း' က ရယ်နေပါသည်။

" 'မ' ကျွန်တော့်ကို စိတ်ဝင်စားသားပဲ"

ကျွန်မ ပြုံးလိုက်မိပါသည်။ ကျွန်မစိတ်ဝင်စားတာ ကျွန်မရဲ့သမီးကိုပါ သူ့ကိုမဟုတ်ပါ။ ဒါဆို သမီးအနားမှာ သူရှိနေတာ

www.burmeseclassic.com

www.burmeseclassic.com



သေချာသွားရပြီ။

သမီးက သူ့ကိုချိန်းတာလား.... သူက သမီးကို ချိန်းတာလား... သိချင်ပါ၍ ...

"နေပါအုံး... မင်းကအရင်တုံးက စောစောစီးစီးထဘူးလို့လား... စားသောက်ဆိုင်ကို ရောက်နေရအောင်"

"အနှစ်နှစ်ဆယ်ကြာခဲ့ပြီလေ 'မ' ရဲ့... အရင်က ထချင်မှ ထပေမယ့် ခုတော့လည်း ထသင့်ရင် ထရမှာပေါ့... ဥပမာ တစ်စုံတစ်ယောက်က ချိန်းခဲ့ရင်ပေါ့"

ကျွန်မ သိလိုက်ပါပြီ။ 'ရာဇ' က စပြီးချိန်းတယ်ဆိုတာကို။ ဒီကောင်မလေး 'အထွန်း' ကို ဘယ်လိုလူစားများ မှတ်နေသည် မသိပါ။

စက်လှေကားဖြင့် ဒုတိယအထက်ကို အတက် ...

"'မ' အရင်ကထက် အများကြီး လှလာတယ်"

ကျွန်မ နှုတ်ခမ်းကိုတွန့်ကာ ပြုံးလိုက်မိပါသည်။ ဒီစကားတွေကို သာယာတတ်ခဲ့တဲ့ 'ရတနာသိုက်' ဆိုတဲ့ မိန်းမက ဟိုဘက်အနှစ်နှစ်ဆယ်ဝန်းကျင်မှာ သေဆုံးသွားခဲ့ပါပြီ။

ခု 'သစ်သစ်သိုက်' ဆိုတဲ့ မိန်းမက လူသစ်၊ စိတ်သစ်၊ ဘဝသစ်နဲ့ အသဲနှလုံးအသစ်ကို တည်ဆောက်ထားတဲ့ မိန်းမပါ။

"မင်း... အိမ်ထောင်မပြုရသေးဘူးလား"

"အခု ပြုမလားလို့ စဉ်းစားနေတာ"

"ဘယ်သူလဲ"

"'မ' တဲ့... လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က ကျွန်တော့်ကိုထားပြီး ထွက်ပြေးသွားခဲ့တဲ့သူ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းရူးနေပြီလား 'အထွန်း'… ဒါမှမဟုတ် တမင်သက်သက် ရူးချင်ဟန်လာဆောင်နေတာလား… 'မ' က အရင်တုံးက 'မ' မ ဟုတ်ဘူးနော်… 'အထွန်း' "

"သိတယ်… 'မ' မျက်လုံးတွေမြင်လိုက်ရထဲက ဘယ်လောက် စိမ်းကားနေပြီဆိုတာ ကျွန်တော်သိတယ်… ကျွန်တော် နားမလည် တာက 'မ' ဘာဖြစ်လို့ ကျွန်တော့်ကို သစ်စိမ်းချိုးချိုးသွားတာလဲပဲ နားမလည်တာ"

ကျွန်မပြုံးရုံကလွဲ၍ ဘာမှမပြောဖြစ်ပါ။ လူဆိုတာ ကိုယ့်အ ပြစ်ကို ကိုယ်သိတာသာ အကောင်းဆုံးပါ။

"အဲဒီအချိန်က 'မ' ရောက်မလာလို့ … ကျွန်တော်ဘယ် လောက် အထီးကျန်ဆန်ခဲ့ရလဲ"

အထီးကျန်ဆန်သူ၏ ရင်ခွင်မှာ မိန်းမတစ်ယောက်အသင့် ရှိနေတာကလဲ အံ့သြစရာ။

ကျွန်မ မထေ့တထေ့ပြုံးတော့ 'အထွန်း' က မလုံမလဲအော် သည်။

" 'မ' ဘာပြုံးတာလဲ"

"ပြုံးမိလို့လား"

ကျွန်မ အူကြောင်ကြောင် ပြန်မေးတော့ 'အထွန်း' က သူ့ အကြောင်းတွေကို ပြောပြ၍နေသည်။

"အဲဒီနှစ်က ကျွန်တော့်အတွက် ကံဆိုးမိုးမှောင်ကျတဲ့နှစ်ပါ ပဲ"

အရက်သောက်ရင်း အဖေက ဦးဏှောက်ကြောပြတ်ကာ ဆုံးပါးသွားခဲ့ရသလို အဖေ့စိတ်နှင့် အမေကိုယ်တိုင်လဲ အိပ်ရာထဲ

www.burmeseclassic.com

www.burmeseclassic.com



လဲခဲ့လေသည်။

ရရာအလုပ်ကို ဝင်လုပ်ရင်း 'အထွန်း' အမေ့ကို ပြုစုခဲ့ရသည်။ ထိုအချိန်မှာပဲ ခေါင်းရင်းခြံမှ ဖိုးဖိုးဆုံးသွားသလို ခြေရင်းခြံက 'ဘဂ်' တို့လည်း ရန်ကုန်ကို အပြီးပြောင်းသွားခဲ့ပါသည်။

'အထွန်း' ဘဝမှာ 'အထွန်း' တစ်ယောက်ထဲ ကျန်ရစ်ခဲ့သည်။

ဖားကန့်က သူငယ်ချင်းတွေက လိုက်လာဖို့ခေါ်သော်လည်း အမေ့ကို တစ်ယောက်ထဲထားခဲ့ကာ 'အထွန်း' လိုက်မသွားဖြစ်ပါ။

နေ့ဘက်တွင် မြင်းလှည်းမောင်း၊ ညဘက်တွင် စာကျက်ရင်း စာပေးစာယူ တက်ဖြစ်ခဲ့သည်။

ဒီလိုနှင့် ဘဝကိုခက်ခဲစွာ ဖြတ်ကျော်နေဆဲ ကံကောင်းချင်တာလား။ ကံဆိုးချင်တာလားမသိ။ 'အထွန်း' တို့ရဲ့ခြံကြီးကို ရောင်းဖို့ဖြစ်လာခဲ့ပါသည်။

ဝယ်သူက ရန်ကုန်က သမားတော်ကြီးတစ်ယောက်မို့ ခြံကို လာကြည့်ရင်း 'အထွန်း' တို့ဘဝကို တွေ့သွားခဲ့သည်။

'အထွန်း' အမေရဲ့နာမည်ကို မေးမြန်းရင်း ပျောက်ဆုံးနေတဲ့ ညီမလေးမှန်း သိသွားသည်။

အမေ့ကို ရန်ကုန်ခေါ်ကာ ဘယ်လိုပင်ကုသော်လည်း ဘဝတစ်သက်တာလုံး ပင်ပန်းဆင်းရဲခဲ့တဲ့ ဒဏ်တွေနဲ့အတူ ရန်ကုန်ရောက်ပြီး နှစ်လအကြာတွင် အမေဆုံးပါးသွားခဲ့ပါတော့သည်။

အမေမရှိတဲ့နောက် ဘကြီးလုပ်သူ လူပျိုကြီးက 'အထွန်း' ကို မွေးစားကာ စင်ကာပူတွင် ကျောင်းသွားတက်စေခဲ့သည်။ စင်ကာပူ မှတဖန် ဂျပန်ကိုလွှတ်ကာ ကုမ္ပဏီဖွင့်ပေးခဲ့ပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။

ကိုယ့်ပြဿနာတွေနဲ့ကိုယ်မို့ 'အထွန်း' လည်း မြန်မာပြည်ကို ပြန်မလာချင်ပေမယ့် ပြီးတဲ့နှစ်က ဘကြီးလုပ်သူ ကျန်းမာရေး ချို့ယွင်းလာခဲ့သည်။

ကိုယ့်အပေါ်လည်း သားအရင်းလိုကောင်းသူမို့ 'အထွန်း' လှစ်လျူမရှုလိုပါ။

ဘကြီးလုပ်သူက သူ့တိုက်ရှိရာ ရွှေတောင်ကြားလမ်းမှာ လိုက်နေစေချင်ပေမယ့် 'အထွန်း' လွတ်လွတ်လပ်လပ် ကုမ္ပဏီမှာပဲ နေဖြစ်ခဲ့သည်။

'မ' သာ သူမျှော်လင့်သလို သူ့ဘဝထဲကို ဝင်လာခဲ့မည်ဆိုလျှင်တော့ သူတစ်မျိုးတစ်ဖုံ စီစဉ်ပါအုံးမည်။

ခက်တာက 'မ' ဆက်ဆံပုံက စိမ်းကားလွန်းလှပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၃၄

“ကဲ… မင်း ‘မ’ ကို ဘာပြောစရာရှိလို့ ချိန်းတာလဲ”

ယုဇနစူပါမားကက်ရှိ စားသောက်ခန်းတွင်အထိုင် ‘မ’ က ပြောတာဖြစ်ပါသည်။

“ကျွန်တော့်ရဲ့အကြောင်းတွေ ပြောပြချင်လို့”

“ ‘မ’ မှ နားမထောင်ချင်တာ… မင်းနဲ့ ‘မ’ ရဲ့ဘဝက ပြီးဆုံးသွားခဲ့ပြီပဲ”

“အဲဒီလိုပဲ ပြီးဆုံးသွားခဲ့ပြီလို့ ဘယ်သူပြောလဲ”

“ ‘မ’ ပြောတာလေ”

www.burmeseclassic.com

www.burmeseclassic.com



“ ‘မ’ ဒီလိုတဖက်သပ် ပြောရုံနဲ့ ပြီးစတမ်းလား... ကျွန်တော် ဖက်က မပြီးသေးဘူး ... ‘မ’ ကို ကျွန်တော် ဒီနေ့ထက်ထိ မျှော်လင့်နေတုံးပဲ ... တမ်းတနေတုံးပဲ”

“လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်က ကိစ္စဟာ အချိန်ကာလနဲ့အတူ ငါ့ဘဝထဲက လုံးဝပျောက်ကွယ်သွားခဲ့ပြီ ... ငါအခု ပြောချင်တာက ငါ့သမီး ‘ရာဇ’ နဲ့ လုံးဝ လာမပတ်သက်ပါနဲ့ ‘အထွန်း’ ”

‘အထွန်း’ ပြုံးလိုက်မိပါသည်။ ‘ရာဇ’ နဲ့ကိစ္စမှာ သူ့ဘက်က ပတ်သက်တာမှ မဟုတ်တာ။ ‘ရာဇ’ ကိုယ်တိုင် သူ့ဆီကို ဖုန်းဆက်ပြီး ချိန်းခဲ့တာပဲ။

‘မ’ နဲ့ပတ်သက်လို့သာ ‘ရာဇ’ ကို သိခဲ့ရတာပါ။

ဒီညနေတောင် ‘ရာဇ’ က သူ့ကို ရွှေရှမ်းကန်မှာ ချိန်းထားသေးသည်။

‘အထွန်း’ လျှို့ဝှက်စွာပြုံးတော့ ‘မ’ က စိုက်ကြည့်နေသည်။

“ ‘ရာဇ’ နဲ့ပတ်သက်တာ မပတ်သက်တာက ‘ရာဇ’ နဲ့မဆိုင်ဘူး... ‘မ’ နဲ့ပဲဆိုင်တယ်... ‘မ’ ကျွန်တော့်ကို လက်ခံရင် ကျွန်တော် ‘ရာဇ’ ကို လက်ခံစရာ မလိုဘူး”

“သေချာလို့လား”

“သေချာတာပေါ့... ‘မ’ ကျွန်တော့်ကို ရှောင်ကြည့်ပါလား ‘ရာဇ’ ကို ကျွန်တော်ဘယ်လိုလုပ်မလဲ ပြောပြရအုံးမလား”

ကျွန်မ ‘အထွန်း’ ကို စိုက်ကြည့်နေဆဲ ‘အထွန်း’ က သူ့ရဲ့ ဆဲ(လ်) ဖုန်းကို နှိပ်လိုက်တာ အသံချဲ့စက်ကို ဖွင့်ပေးထားပါသည်။

“ ‘ဦး’ လား... ဘာကိစ္စလဲ ဟင်”

www.burmeseclassic.com

www.burmeseclassic.com



"ညနေ 'ဦး' မအားဘူး"

"ဟာ... 'ဦး' ကလည်း 'ရာဇ' က 'ဦး' ကိုခင်လို့ ချိန်းတဲ့ဥစ္စာ"

" 'ဦး' သိပါတယ်... ညကျမှသာ 'ဦး' က အားမှာ 'ရာဇ' 'ဦး' ရဲ့ တိုက်ခန်းကို လာခဲ့ပါလား"

"လိပ်စာကကော 'ဦး' "

" 'ရာဇ' ကိုပေးထားတဲ့ ကဒ်ထဲမှာ ပါတယ်လေ... ဖြစ်ပါ့မလား"

"မာမီသိရင်တော့ မိုးမီးလောင်မှာ ... ဒါပေမယ့် ကြံဖန်ပြီး ထွက်ရင်တော့ ဖြစ်မှာပါ... 'ဦး' စောင့်နေမှာလားဟင်"

"အင်းပေါ့... 'ဦး' က 'ရာဇ' ကို သီချင်းဆိုပြမလို့"

"ဘာ သီချင်းလဲဟင်"

"သီချင်းကတော့ ကြာပါပြီ... ဟိုးအရင်တုံးက 'စိုင်းထီဆိုင်' ဆိုထားတဲ့ သီချင်းလေ 'ချစ်တာတစ်ခုတည်းသိတယ်' တဲ့"

သမီးဘက်က အသံလေးတိတ်သွားတာကြားလိုက်ရပါသည်။

"ဘယ်နှယ့်လဲဟင်... 'ရာဇ' နားထောင်ချင်ရဲ့လား"

"ဟုတ်ကဲ့"

သမီးရဲ့အသံတိမ်တိမ်လေးက 'အထွန်း' ရဲ့ ကွန်ယက်ထဲမှာ ဝင်တိုးချင်တဲ့ အသံမျိုးလေးဆိုတာ ကျွန်မနားထောင်ရုံနဲ့ သိလိုက်ပါပြီ။

ကျွန်မရင်ထဲမှာ ဒေါသကချုပ်တည်း၍ မရတော့တာကြောင့် ဖုန်းလိုင်းကို ပိတ်ပစ်မည်အပြု 'အထွန်း' က ဖုန်းကိုရုတ်လိုက်ရင်း

" 'ဦး' စောင့် နေရမှာလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"တကယ်လို့ 'ရာဇ' မလာခဲ့ရင်ကော"

" 'ရာဇ' ဖြစ်အောင်ကို လာခဲ့မှာပါ 'ဦး' "

သည့်နောက် 'အထွန်း' က ဖုန်းခလုတ်နှိပ်ကာ ကျွန်မကို အောင်မြင်စွာ ပြုံးပြနေပါသည်။

မုန်းစရာကောင်းလိုက်တာ။ သူ့မျက်နှာကို ကာဖီပူပူနဲ့ ပက်ပစ်တော့မယ့်စိတ်ကို ချုပ်တည်းကာ ကျွန်မ 'အထွန်း' ကို လှမ်းပြောလိုက်မိပါသည်။

"ဒီလို အောက်တန်းကျတဲ့ အလုပ်တွေက မင်းအတွက် ထမင်းစား ရေသောက်နဲ့တူပါရဲ့"

" 'မ' ပဲပြောတော့ ကျွန်တော်ဟာ ပင့်ကူဆို... ကိုယ့်ပိုက်ကွန်မှာ အလကားလာနားလို့မှ မစားရင် ကျွန်တော်ဟာ နွားဖြစ်သွားမှာပေါ့... ကျွန်တော် နွားမဖြစ်ချင်ပါဘူး... ပင့်ကူပဲဖြစ်ချင်တာ"

သူ့ပါးကို လှမ်းချတော့မည့် ကျွန်မရဲ့လက်ကို ချုပ်ကိုင်ကာ သူက ကျွန်မကို တီးတိုးပြောပါသည်။

"ဒါပေမယ့် ကျွန်တော်ဆိုတဲ့ ပင့်ကူကတော့ 'မ' ဆိုတဲ့ ကျွန်တော့်ရဲ့ ပိုးကောင်ကိုပဲ ဖမ်းတာပါ... သူသာ ကျွန်တော့်ရဲ့ ပိုက်ကွန်ထဲ ပြန်ဝင်လာလို့ကတော့ ကျွန်တော် မစားဘဲအလှကြည့်ထားမှာပါ... ဘယ်လိုလဲ ညကျ 'ရာဇ' လာမှာလား... 'မ' လာမှာလား"

" 'ရာဇ' လည်းမလာဘူး... ငါလည်း လာမှာမဟုတ်ဘူး"

" 'မ' က ကျွန်တော့်ကို စိန်ခေါ်နေတာလား"

"မင်း စောင့်ကြည့်လိုက်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ 'အထွန်း' ကို နှုတ်မဆက်ဘဲ ကားကို ဒလကြမ်း မောင်းထွက်လာခဲ့လိုက်ပါသည်။

ရင်ထဲမှာတော့ 'အထွန်း' ရဲ့ စကားတွေအတွက် ခံပြင်းနေမိပါသည်။

ဘာတဲ့… ကိုယ့်ပိုက်ကွန်မှာ အလကားလာနားလို့မှ မစားရင် ကျွန်တော်ဟာ နွားဖြစ်သွားမှာပေါ့… ကျွန်တော်နွားမဖြစ်ချင်ပါဘူး ပင့်ကူပဲဖြစ်ချင်တာ…

စိတ်ချ မင်းပင့်ကူဖြစ်ရအောင် ငါလုပ်ပေးမယ်။

ကျွန်မ ပြုံးနေရာမှ ကျယ်ကျယ်လောင်လောင် ရယ်လိုက်မိပါ သည်။

www.burmeseclassic.com

www.burmeseclassic.com



## ၃၅

အိမ်ပြန်ရောက်သည်နှင့် ကျွန်မ 'ဘကြီးဒွေး' ကို ခေါ် ကာ ညဖက်ခြံတံခါးသော့ကို လုံခြုံစွာခတ်ဖို့ သတိပေးရသလို 'မြညို' ကိုခေါ်ကာ သမီးဘာလုပ်လုပ် ကျွန်မကို ပြန်အသိပေးဖို့ မှာရပြန်ပါသည်။

'မလွန်း' ကတော့ အိမ်က ဖုန်းကို ကိုင်ရသူပီပီ သမီးဆီကို ဘယ်သူ့ဆီကဖုန်းလာလာ ခေါ်မပေးဖို့ ပြောရပါသည်။

'ဒေါ်ပန်းနု' ကတော့ ကျွန်မရဲ့ လုပ်ရပ်တွေအတွက် နားမလည်ပါ။ ဒါပေမယ့် ကျွန်မ နားလည်ဖို့ပဲ အရေးကြီးတာကြောင့် အိမ်မှာ 'ရာဇ' နဲ့ ပတ်သက်၍ ဘာတွေပဲထူးခြားထူးခြား ကျွန်မ

www.burmeseclassic.com



အား အသိပေးဖို့ မှာထားရပါသည်။

ဒီလိုမှာထားတာတွေကိုလည်း 'ရာဇ' အား လုံးဝအသိမပေးဖို့ ပြောရပါသေးသည်။

သမီးနဲ့ အမေပေမယ့်လည်း သူ့ရဲ့လွတ်လပ်ခွင့် ဆုံးရှုံးလျှင် သမီး ကျွန်မကို ငြိုငြင်မှာ သေချာပါသည်။ ဒါပေမယ့် ကျွန်မရဲ့ သမီးဘဝကို 'အထွန်း' ဆိုတဲ့ ပင့်ကူအိမ်မှာ မငြိတွယ်စေချင်ပါ။

ဒါကြောင့်လည်း ကျွန်မ ဒီလိုတားဆီးနေရတာဖြစ်ပါသည်။ 'အထွန်း' ကိုသာ ကျွန်မစိတ်မချခဲ့ဘူးဆိုလျှင် ဒီလောက်စိုးရိမ်ပူပန်လိမ့်မည်ဟု မထင်ပါ။ ခုတော့ ဒီလောက်စီစဉ်နေရုံဖြင့်လည်း ကျွန်မ မကျေနပ်နိုင်ပါ။

တယ်လီဖုန်းစာအုပ်ကိုယူကာ 'မောင်မိုးကောင်း' တို့အိမ်ကို ဆက်လိုက်မိပါသည်။

'မောင်မိုးကောင်း' ဆီက ဖုန်းလာလျှင် သမီးဆီကို ဆက်ပေးဖို့ အကြောင်းပါ။ ဒီထက် အခြေအနေဆိုးလာလျှင် သမီးကို ကျောင်းနှုတ်ကာ နိုင်ငံခြားကို ပို့သင့်လျှင် ပို့ဖို့ ကျွန်မ စဉ်းစားနေရပါပြီ။

'အထွန်း' ကျွန်မကိုရွဲ့ကာ ဒီထက်ရှေ့မတိုးလာဘူးဟုလည်း ဘယ်သူပြောနိုင်မှာလဲ။

ခါတိုင်း ကျောင်းကပြန်ရောက်သည်နှင့် ရေမိုးချိုးကာ ညစာစားပြီး ခြံထဲဆင်းလမ်းလျှောက်တတ်တဲ့ ကျွန်မ ဒီနေ့အဖို့မှာတော့ ခြံထဲမဆင်းဖြစ်တော့ပါ။

သမီးကျောင်းကပြန်အလာကိုသာ စိုးရိမ်စွာ စောင့်စားနေမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကသာ စိုးရိမ်နေသော်လည်း သမီးက ခါတိုင်းထက် ကျောင်းက စောပြန်လာကာ ကျွန်မဆီပြေးလာပါသည်။

"မာမီ ဒီမှာ ဘာလဲ"

ကျွန်မရဲ့ မျက်စေ့ရှေ့ကို ဖော့ဘူးလေးနှစ်ဘူး ရောက်လာပါသည်။

"ဘာလို့ မာမီထင်လဲ"

"သမီးပဲ ပြောပါကွယ်"

သမီးရဲ့ပုံစံလေးက ပျော်ပျော်ရွှင်ရွှင်ပုံစံလေးပါ။ သမီးလေးကို တစ်သက်တာလုံး ဒီလိုလေးသာ ကျွန်မမြင်ချင်တာကြောင့် ငေးအကြည့် ...

"မာမီ မှန်းကြည့်လေ"

"မာမီ မသိပါဘူး... သမီးရယ်"

ဘော်ဒီဖစ် ကိုယ်ကျပ်ရှပ်အင်္ကျီစိမ်းပြာရောင်၊ လယ်သာစကဒ်အနက်ရောင် ကျပ်ကျပ်လေးဖြင့် သမီးရဲ့အသားက ဝင်းစိုနေပါသည်။

"ကဲ... မာမီမသိရင် 'ရာဇ' ပြောမယ် 'ရာဇ' ဝယ်လာတာ ဒင်းဆမ်း (Dim Sum) ကြက်သားလည်းပါတယ်... ပုဇွန်လည်းပါတယ်... ငုံးဥလေးတွေနဲ့ လုပ်ထားတာ"

"သမီး ဘယ်ရောက်ခဲ့လို့လဲ"

စူးစမ်းသလို ကျွန်မရဲ့လှမ်းကြည့်တဲ့အမေးကို သမီးက အေးအေးဆေးဆေး ဖြေသည်။

"ဘယ်မှ မဟုတ်ဘူး... 'အင်ကြင်း' တို့နဲ့ ယုဇနပလာဇာ လိုက်သွားရင်း အဲဒီအပေါ်ထပ်က ဝင် ဝယ်လာခဲ့တာ"

www.burmeseclassic.com

www.burmeseclassic.com



ဒီလောက် ချစ်စရာကောင်းတဲ့ သမီးလေးကို ကျွန်မဘယ်လို များ ခွဲရက်နိုင်ပါ့မလဲနော်။

"အေးတော့ သွားပြီ... ဆိုင်မှာဆို ပူပူလေးစားရမှာ ... ဝါးပေါင်းအိုးလေးတွေနဲ့လေ... နောက်နေ့မှ ကန်တောင်ကြီးနားက Royal Garden မှာ မာမီကို လိုက်ကျွေးအုံးမယ်"

"အေးပါကွယ်... အခုတော့ သမီးရေချိုးလိုက်ပါအုံး"

" 'မြညို့' ငါ့အတွက် ဘာချက်ထားလဲ"

သမီးက နှာခေါင်းရှုံ့ကာ အနံ့ရှူရင်းအမေး ...

" 'ရာဇ' အကြိုက် ငါးပတ်မွှေတယ်... ငါးဆီပေါင်းနဲ့ အူမ ကြီးကို ရှယ် ဖယ်ထားပေးတယ်"

"ဒါကြောင့် 'မြညို့' ကို ချစ်ရတာ"

သမီးအပေါ်ထပ်ကို ပြေးတက်မည်အပြု ...

"သမီး ခဏ"

"ဘာလဲ မာမီ"

သမီးအနားကိုအရောက် ကျွန်မသမီးကို လှမ်းပြောလိုက်မိ ပါသည်။

"မာမီ သမီးကို ဟမ်းဖုန်းအသစ်လေးလဲပေးမလားလို့ ... သမီးဖုန်းလေး မာမီ့ကို ပြန်ပေးထားနော်"

"ဟုတ်လား... ဘာဖုန်းလဲ မာမီ"

"ကိုးရီးယားကလို့ ပြောတာပဲ... သူက လိုင်းပိုကောင်းတယ် ပြောတယ်... နံပါတ်အသစ်လေးလဲ ရတာပေါ့လေ"

သမီးက မပေးချင် ပေးချင်ပုံစံလေးဖြင့် သူ့အိတ်ထဲက ဖုန်း လေးကို ထုတ်ပေးပြီး အပေါ်ထပ်ကို တက်သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သမီးတက်သွားသည်နှင့် ကျွန်မ သမီးရဲ့ဟမ်းဖုန်းကိုပိတ် ပစ်လိုက်ကာ အိမ်က ဖုန်းကိုလည်း ပလပ်ဖြုတ်ပစ်လိုက်ပါသည်။

ကဲ 'အထွန်း' ဆိုတဲ့ 'ရန်နောင်ထွန်း' သမီးကို ဘယ်လိုဆက် သွယ်အုံးမှာလဲ။

ဒီညအဖို့တော့ ကျွန်မ သမီးကို ကောင်းစွာချုပ်ထိန်းနိုင်ပြီ ထင်ရပေမယ့် နောက်နေ့ နောက်နေ့တွေမှာ ကျွန်မသမီးကို ဘယ် လိုချုပ်ထိန်း၍ ရမှာလဲ။

ကျွန်မ တွေးနေဆဲ သမီးက အပေါ်ထပ်မှ ပြန်ဆင်းလာကာ ကျွန်မကို လာပြောပါသည်။

"မာမီ အိမ်ကဖုန်းက ဘာဖြစ်နေတာလဲ"

"ဘာဖြစ်လို့လဲ သမီး"

ကျွန်မ မသိဟန်ဆောင်ကာ မေးလိုက်မိပါသည်။

"အော်တိုကို လုံးဝမဝင်ဘူး ဖြစ်နေတယ်"

"ဟုတ်လား... လိုင်းပြတ်နေပြီနဲ့တူတယ်... မနက်ဖြန် မာမီ ကျောင်းသွားမှ ဆက်သွယ်ရေးကို အကြောင်းကြားလိုက်အုံးမယ်"

သမီးရဲ့မျက်နှာက မကြည်လင်ပါ။ ကျွန်မ မသိဟန်ဆောင် နေလိုက်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၃၆

ထမင်းစားပွဲခုံမှာထိုင်ကာ ထမင်းစားနေသော်လည်း 'ရာဇ' စိတ်က ထမင်းမှာ မရှိပါ။

ဒီနေ့မှ မာမီက သူ့ဖုန်းကို တောင်းသလို တစ်ခါမှ မပြတ်ဘူး တဲ့ သူတို့အိမ်ကဖုန်းလိုင်းက ပြတ်တာကလည်း အံ့ဩစရာပါ။

သူ့ဟမ်းဖုန်းမရှိ၍ အိမ်ကဖုန်းကောင်းလျှင်တောင် 'ဦး' နဲ့ 'ရာဇ' ဆက်သွယ်လို့ ရနိုင်ပါသေးသည်။

ခု ဖုန်းလိုင်းကလည်း ပြတ်နေတယ်ဆိုတော့ 'ရာဇ' 'ဦး' ဆီကို ဘယ်လိုဆက်သွယ်ရပါ့။

သူ့ဘက်က အဆက်အသွယ်ကိုထား 'ဦး' ဘက်က သူ့ဆီကို

www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ်လာခဲ့ရင်ကော။

ဖွန်းနဲ့ခက်ရင်းကိုချကာ 'ရာဇ' ခေါင်းကို တဖြင်းဖြင်းကုတ်လိုက်မိပါသည်။

ဒီလိုမှန်းသာသိလျှင် မာမီ့ကို သူ့ဖုန်းမပေးပါဘူး။ ခုပြန်တောင်းဖို့ကျပြန်တော့လည်း မာမီသူ့ကို တမျိုးထင်တော့မည်။ 'ဦး' ဆီကို ဆက်သွယ်ဖို့က အရေးကြီးသည်။

ခု ဖုန်းလိုင်းကလည်း ပြတ်နေတယ်ဆိုတော့ 'ဦး' ဆီကို ဘယ်လို ဆက်သွယ်ရပါ့။

သူ့ဘက်က အဆက်အသွယ်ကိုထား ... 'ဦး' ဘက်က ဆက်သွယ်လာခဲ့ရင်ကော။

ပါးစပ်က ထမင်းကိုဝါးနေသော်လည်း 'ရာဇ' ရင်ထဲမှာ ပူလောင်နေပါသည်။

မတော် 'ဦး' ဖုန်းဆက်၍ မာမီနဲ့တွေ့သွားလျှင် ကွိုင်ပြီ ... 'ရာဇ' ဘာလုပ်ရပါ့။

မာမီဖုန်းပိတ်ထားသည်ဆိုလျှင်တော့ ပြဿနာမဖြစ်နိုင်ပါ။

ထမင်းစားပြီး အိမ်ရှေ့ကိုထွက်လာကာ မာမီ့အနားတွင် ထိုင် ပြီး T.V ကို ကြည့်နေပေမယ့် 'ရာဇ' မျက်ဝန်းမှာ T.V က ပုံရိပ် တွေကို မမြင်ပါ။

နားထဲမှာ 'ဦး' ရဲ့ ချိုရှရှ စကားသံကိုသာ ကြားယောင်နေမိပါသည်။

'ဦး' က 'ရာဇ' ကို သီချင်းဆိုပြမလို့တဲ့။ 'ဦး' ဆိုပြမယ့် သီချင်းက 'ချစ်တာတစ်ခုတည်းသိတယ်' တဲ့။

နားထောင်ချင်လိုက်တာ 'ဦး' ရယ်။ ချက်ခြင်းကို မာမီ့နားက

www.burmeseclassic.com

www.burmeseclassic.com



ထကာ အိမ်ပေါ်ကို ပြေးအတက် ...

"'ရာဇ' ဘယ်လဲ"

မာမီဆီက အသံထွက်လာခဲ့ပါသည်။

"'အင်ကြင်း' ဆီ စာအုပ်ကျန်ရစ်ခဲ့လို့ မာမီ... သွားတောင်းမလားလို့"

"ဒါလေးများ သမီးရယ် မနက်မှသွားလည်း ဖြစ်တဲ့ဥစ္စာ... မိုးချုပ်နေပြီ အိပ်တော့နော်"

"ဟာ... မာမီကလည်း မနက်မှဆို 'ရာဇ' ဘယ်လိုလုပ် စာကျက်ချိန်ရှိတော့မှာလဲ... သွားပါရစေမာမီရယ်"

သမီးက ငိုတော့မယ့် မျက်နှာလေးဖြင့် အကြည့် ...

"'ရာဇ' နော်... မာမီ့ကို စိတ်တိုအောင် လုပ်မနေနဲ့... အိပ်လိုက်တော့"

ကျွန်မရဲ့ ယတိပြတ်စကားသံကြောင့် သမီးက မကျေနပ်သလို အိမ်ပေါ်ကို ခြေစောင့်ကာအတက် ခြံဝမှ ကြားလိုက်ရသော ကားဟွန်းသံကြောင့် သမီးက ပြန်ဆင်းလာခဲ့ပါသည်။

"ညကြီးမင်းကြီး ဘယ်သူလဲ 'ဘကြီးဒွေး' "

"ဟို 'ရန်နောင်ထွန်း' လို့ပြောတာပဲ... 'ရာဇ' နဲ့ တွေ့ချင်လို့တဲ့"

"အို... မိုးချုပ်လှပြီ ... 'ဘကြီးဒွေး' ရယ်... 'ရာဇ' အိပ်နေပြီလို့ ပြောလိုက်ပါ"

"ပြောပါတယ်... ခဏလေးလို့ ပြောတာပဲ"

သမီးက ကျွန်မကို လှမ်းကြည့်နေပါသည်။ ကျွန်မ ရင်ထဲမှာတော့ အတင့်ရဲလှသော 'အထွန်း' ဆိုတဲ့အကောင်ကို အမှုန့်အဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ကြိတ်ခြေပစ်ချင်နေပါပြီ။

ဒါ တမင်သက်သက် ကျွန်မကို လာကလိနေတာ မဟုတ်လို့ ဘာလဲ။

ဘာအကြောင်းမှ မသိတဲ့ သမီးက သူ့ကိုလာတွေ့တယ်ထင်ကာ တွေ့ချင်ရှာနေလေသည်။

ကျွန်မ သမီးကို အပြတ်ပြောလိုက်မိပါသည်။

"မတွေ့နဲ့တော့ 'ရာဇ'... မာမီ အိပ်ပြီလို့ သွားပြောလိုက်မယ်"

"မာမီ မတရားဘူး"

သမီးက ကျွန်မကို မျက်ရည်များကြားမှ ရန်ထောင်၍နေပါသည်။

"မာမီနဲ့သူနဲ့ ဘာဖြစ်ခဲ့တယ်ဆိုတာ 'ရာဇ' မသိဘူး... ဒါပေမဲ့ 'ရာဇ' နဲ့ ဘာမှ,မှ မဖြစ်တာ 'ရာဇ' က ဘာလို့ မတွေ့ရမှာလဲ"

"သမီးက သူ့အကြောင်း ဘယ်လောက်သိလို့ သူ့ကိုတွေ့ချင် နေရတာလဲ"

"သိတယ်... ဦးဟာ ကြင်နာတယ်... 'ရာဇ' အပေါ်မှာလည်း အရမ်းကောင်းတယ်"

"ဒါနဲ့ပဲ သမီးက သူ့ကို တွေ့ချင်ရရောလား"

"ပြီးတော့ သမီးကို အစစအရာရာ အလိုလိုက်တယ်"

" 'ရာဇ' ရယ်"

ကျွန်မ သမီးကိုကြည့်ကာ ခေါင်းခါလိုက်မိပါသည်။ ဒီလိုဖြားယောင်းမှုတွေနဲ့ပဲ သူ့ကွန်ယက်မှာ ပိုးကောင်ဘယ်နှစ်ကောင်

www.burmeseclassic.com

www.burmeseclassic.com



တွယ်ငြိခဲ့ပြီးပြီလဲ သမီးသိလို့လား။

"မာမီ ပေးမတွေ့နိုင်ဘူး သမီး"

ကျွန်မ ပြတ်သားစွာ ပြောတော့ သမီးက ကျွန်မကိုခပ်စိမ်းစိမ်းစိုက်ကြည့်ကာ အိမ်ပေါ်ကို ပြေးတက်သွားတာ တွေ့လိုက်ရပါသည်။

သမီးရဲ့ ဒီလို အပြုအမူက ကျွန်မရဲ့ နှလုံးသားကို အပ်နဲ့ဆွသလို နာကျင်စေတာမို့ ကျွန်မ ခြံဝကိုထွက်လာကာ 'အထွန်း' ကို အပြတ်ပြောလိုက်မိပါသည်။

"မင်း ငါတို့အိမ်ကို နောက်ထပ်မလာရင် ကောင်းမယ် 'အထွန်း'"

"ကျွန်တော်လည်း မလာချင်ပါဘူး 'မ' ရာ… ဒါပေမဲ့ 'မ' ကမှ ကျွန်တော့်ဆီကို မလာတာ… 'မ' မလာသရွေ့ ကျွန်တော်ကတော့ 'မ' ဆီကို လာနေရမှာပဲ"

"မင်း မင်း တော်တော် ယုတ်မာပါလား 'အထွန်း' "

"ဒါ ယုတ်မာတာ မဟုတ်ဘူး 'မ'… 'မ' ကိုချစ်တာ"

"ဘာ ငါ့ကိုချစ်တာလဲ… ငါ့ကိုချစ်ရင် ငါ့သမီးလေးကို ဒုက္ခမပေးနဲ့ပေါ့… ခုတော့ နေရင်းထိုင်ရင်း ငါ့သမီးလေးက ငါ့ကိုမုန်းပြီ"

"ဒါ 'မ' ဖါသာ 'မ' ဖန်တီးတဲ့ ပြဿနာပဲ ဥစ္စာ… 'မ' ကိုပဲ ချစ်တာ… 'မ' ကိုပဲ တွေ့ချင်တာ"

ကျွန်မနားကို လက်နှစ်ဖက်နဲ့အုပ်ကာ ငိုကြွေးလိုက်မိပါသည်။ ဒီစကားကို သမီးလေးကြားလျှင် ဘယ်လောက်စိတ်ဆင်းရဲလိုက်လေမလဲ။

www.burmeseclassic.com

www.burmeseclassic.com



သမီးကတော့ သူ့ကို ဂရုစိုက်ကာ အလိုလိုက်သူမို့ သူ့ကို ချစ်နေတယ် ထင်နေတာ။

"ကျွန်တော် 'မ' ကို မနက်ဖြန် တွေ့ချင်တယ်"

"ငါ မတွေ့နိုင်ဘူး"

"ရတယ်လေ… 'မ' မတွေ့နိုင်ဘူးဆိုလည်း တွေ့နိုင်တဲ့သူကို ပဲ တွေ့ရတော့မှာပေါ့"

'အထွန်း' က အပြုံးနှင့်ပြောကာ သူ့ကားပေါ်ကိုအတက် သမီးကြားအောင် လှမ်းအော်နှုတ်ဆက်လိုက်ပါသေးသည်။

" 'ရာဇ' ရေ… ဦး ပြန်ပြီနော်"

သမီးက ဝရံတာမှ ပြေးထွက်လာကာ 'အထွန်း' ကိုလက်ပြ နေပါသည်။ ထိုမြင်ကွင်းကို ငေးကြည့်ကာ ကျွန်မ 'အထွန်း' ကို ဘယ်လိုမှ ခွင့်မလွှတ်နိုင်တော့ပါ။

တကယ်ဆို ခုနက 'အထွန်း' ပြောတဲ့စကားတွေက ကျွန်မကို ပဲ ပြောနေတာပါ။ ခု ပြန်ကာနီးမှ သမီးကို အော်နှုတ်ဆက်လိုက် တော့ သူလာတာပဲ သမီးဆီကို လာသလိုဖြစ်အောင် သူ လုပ်လိုက် တာဖြစ်ပါသည်။

ဘာကိုမှ နားမလည်ရှာတဲ့ သမီးကတော့ ကျွန်မကိုမုန်းမှာ သေချာပါသည်။

ဒေါပွပွဖြင့် ကျွန်မ အိမ်ပေါ်ကိုအတက် သမီးက အိမ်ပေါ်က ပြေးဆင်းလာကာ ကျွန်မကို ရန်ထောင်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ၃၇

"မာမီ... အရမ်းကို လွန်တာပဲ... ဦးက 'ရာဇ' ကိုလာတွေ့တာ... 'ရာဇ' က ဦးကို တွေ့ရုံနဲ့ ဘာဖြစ်မှာမို့လို့လဲ"

"တွေ့ကို မတွေ့စေချင်တာ... ဒီ 'ရန်နောင်ထွန်း' ဆိုတဲ့လူနဲ့ သမီးနဲ့ကို မပတ်သက်စေချင်တာ"

"ဘာလဲ သမီးနဲ့ မပတ်သက်နဲ့ဆိုတော့ မာမီနဲ့ ပတ်သက်ချင်လို့လား... ဒါမှမဟုတ် မာမီနဲ့ ပတ်သက်ခဲ့ဘူးလို့လား"

သမီးက ကျွန်မကို မထေမဲ့မြင် စိုက်ကြည့်နေပါသည်။

ကျွန်မနဲ့ သမီးရဲ့ ဘဝတစ်သက်တာမှာ ကျွန်မက သမီးကို ဒီလို



www.burmeseclassic.com

www.burmeseclassic.com



မကြည့်ခဲ့ဘူးသလို၊ သမီးကလည်း ဒီလို ကြည့်လာလိမ့်မည် ဟု ကျွန်မ ဘယ်တုန်းကမှ မထင်ခဲ့မိပါ။

ခုသမီး ကျွန်မကို ကြည့်လိုက်တဲ့ပုံစံက ရန်သူတစ်ယောက်လိုမို့…

"သမီး"

ကျွန်မ သမီးအနားကို တိုးအလာ…

"တော်ပြီ… မာမီ့ကို 'ရာဇ' မတွေ့ချင်ဘူး"

"မဟုတ်ဘူး… သမီး 'အထွန်း' ဆိုတာ"

"တော်စမ်းပါ မာမီရာ… ငါ ပြောသလိုလုပ်… ငါလုပ်သလို မလုပ်နဲ့ဆိုတဲ့ လူထဲမှာ မာမီက ထိပ်ဆုံးက မဟုတ်လား… သူများကိုသာ ဆုံးမနေတာ မာမီကော ဦးနဲ့ ကင်းခဲ့လို့လား"

" 'ရာဇ' …"

ကျွန်မ 'ရာဇ' ကို ငေးကြည့်နေမိပါသည်။ ဒါ သမီးတစ်ယောက်က အမေတစ်ယောက်ကို ပြောရမယ့်စကားလား။ ပြီးတော့ 'အထွန်း' ဆိုတာ မနေ့တစ်နေ့ကမှ တွေ့ရတဲ့လူ။

ဒီလို လူတစ်ယောက်အတွက် သမီးက ကျွန်မကို ခွန်းတုံ့ပြန်ဝံ့ပြီလား။

"မုန်းတယ်… မာမီ့ကို သမီး အရမ်းမုန်းတာပဲ"

ပြောရင်း သမီးက အိမ်ပေါ်ကို ပြေးအတက် ကျွန်မနေရာမှ အရုပ်ကြိုးပြတ်သလို ထိုင်ချလိုက်မိပါသည်။

'အထွန်း' အောင်မြင်ပါသည်။ သူပစ်လိုက်တဲ့ မြှားက သမီးရဲ့ နှလုံးသားထဲ တိုက်ရိုက်စူးဝင်ကာ သမီးလေး ကျွန်မကို အထင်လွဲခဲ့ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



သမီး ကျွန်မအပေါ် အမြင်ကြည်လင်လာအောင် ကျွန်မ ဘယ်လို လုပ်ရပါ့မလဲ။

ထိုနေ့ညက အိပ်ယာထဲဝင်ခဲ့သော်လည်း ကျွန်မအိပ်၍ မ ပျော်ပါ။ ကျွန်မ မပျော်သလို သမီးလည်း ပျော်နိုင်မည် မထင်ပါ။ အိပ်မရ၍ ကျွန်မ ဝရံတာကိုအထွက် ဘယ်ကမှန်းမသိတဲ့ သီချင်း လေးတစ်ပုဒ် ကျွန်မနားထဲကို တိုးဝင်၍ လာခဲ့ပါသည်။

ငယ်စဉ်ကတည်းက× × × ရိုးသားဖြူစင်ခဲ့× × ×
ရေလိုကြည်လင်အေးမြလို့× × × သာယာနေတဲ့× × ×
ကိုယ့်ဘဝကို× × × ဘယ်သူဝင်ကာ ဆေးဆိုးလိုက်ပြီလဲ
အိုး× စဉ်းစားမရတော့ဘူး× ကိုယ့်စိတ်တွေလေထဲမှာ
လွင့်မျောကာ× ထိန်းမရနိုင်ဘူး× ကိုယ့်မျက်လုံးတွေ×
အမြင်တွေ မှုန်ရီဝါး မသဲကွဲတော့ဘူး× × ×
ရေး× × × ဆန္ဒများနဲ့ စိတ်ဓါတ်ကိုဖိစီး× × × ခန္ဓာကိုယ်က
သွေးဆဲလ်နဲ့× × × တည်ငြိမ်နေတဲ့ နှလုံးသားထဲ ဘယ်သူ
ဝင်ကာ အဆိပ်ခတ်လိုက်ပြီလဲ× × × အိုး× × ×
အိပ်လို့မရတော့ဘူး× × ည× ညတွေရင်မောကာ နေရ
တာ စိတ္တဇလိုပဲ× × × ကူညီကြပါအုံး× × × ဒီမှာ × ×
ကယောင်ခြောက်ခြားအတွေးများနဲ့ ... ရူး× × ×
အတ္တ × စိတ်က လူတစ်ကိုယ်လုံးဖုံးလွှမ်းကာ× ×
ကိုယ့်အရိပ်ကို× ရန်သူထင်တယ်× ဦးနှောက်ထဲမှာ
လိုချင်တာပဲသိ× × ×
ဘယ်အရာတွေ× ဘယ်လို× အို× ကောင်းသလား
ဆိုးမှာလား× × × ကိုယ်ကိုယ်တိုင်လည်း ခွဲခြားမသိတော့ဘူး

www.burmeseclassic.com

www.burmeseclassic.com



ဘူး× အတ္တများနဲ့ အဆိပ်တက်လို့× အခန်းကျဉ်းထဲမှာ
ကိုယ်တစ်ယောက်တည်း ရူး× × ×

'ဖိုးခွား' ရဲ့ 'အတ္တ' သီချင်းလေးပါ။ သမီးအခန်းက ဖွင့်ထားတာထင်ပါရဲ့။ ဒီသီချင်းလေးထဲကလို ကျွန်မလည်း ကျွန်မရဲ့အတ္တနဲ့ ရူးနေပြီလား။

သမီးက 'အထွန်း' ကို ပိုင်ဆိုင်ချင်၍ ရူးနေသလို ကျွန်မကတော့ ကျွန်မရဲ့သမီးလေးကို လက်လွှတ်ဆုံးရှုံးလိုက်ရမှာ စိုးရိမ်တာကြောင့် ရူးနေတဲ့အဖြစ်ပါ။

ကျွန်မသမီးအပေါ်မှာ ဒီလို လုပ်တာမှားသလား။

ကျွန်မဘက်ကတော့ မမှားဘူးဟု ထင်ပါသည်။ 'အထွန်း' သာ ပင့်ကူတစ်ကောင် မဟုတ်ခဲ့ရင် ကျွန်မကောသမီးကို ဒီလောက်တားမြစ်ဖြစ်ပါ့မလား။

ခုတော့ 'အထွန်း' ပင့်ကူဖြစ်ကာ ကျွန်မသိနေရက်နဲ့ မတားမြစ်လျှင် ကျွန်မရဲ့သမီးလေး ဘဝပဲ ရေစုန်မျောကာ 'အထွန်း' ရဲ့ ပင့်ကူအိမ်မှာ တွယ်ငြိနေသော ပိုးကောင်ငယ်လေး ဖြစ်ပေရော့မည်။ ကျွန်မ မကြည့်ရက်နိုင်ပါ။

ကျွန်မ မကြည့်ရက်သလို သမီးကကော ကျွန်မရဲ့စေတနာကို နားလည်ပါ့မလား။

ဒီလိုနဲ့ မိုးစင်စင် လင်းလာခဲ့ပါပြီ။ ကျွန်မ တစ်မှေးမှကိုမ အိပ်ခဲ့ရသေးပါ။

ကျွန်မ သမီးရဲ့အခန်းကို လာချောင်းအကြည့် သမီးအခန်းက မီးလင်းနေတာ တွေ့လိုက်ရပါသည်။

သမီးကော ညက တစ်ညလုံး အိပ်ရရဲ့လား မသိပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အောက်ထပ်ကို ပြန်ဆင်းလာကာ ဧည့်ခန်းထဲတွင် ငူငူကြီး ထိုင်နေမိပါသည်။ ထိုင်ရင်းမှ 'မောင်မိုးကောင်း' ကို ဖုန်း ခေါ်ခိုင်းထားတာ သတိရကာ ဖုန်းပလပ်ကို ပြန်အတပ်…

ဖုန်းမြည်သံက ကျယ်လောင်စွာ ထွက်ပေါ်လာခဲ့ပါသည်။

ကျွန်မ ချက်ခြင်းကောက်အကိုင် တစ်ဖက်မှ 'မောင်မိုးကောင်း' အသံထွက်လာခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၃၈

“အန်တီလား… ကျွန်တော် ‘မိုးကောင်း’ ပါ… ညက တစ်ညလုံး ဖုန်းခေါ်သေးတယ်… အန်တီတို့ ဖုန်းပျက်နေတယ်နဲ့ တူပါရဲ့”

“ဟုတ်တယ်သား… ခုမှ လိုင်းပြန်ကောင်းတာ”

အပေါ်ထပ်မှ သမီးကိုင်နေတာကို ကျွန်မ သိပါသည်။

“မာမီတို့က ပြောတယ်… ‘ရာဇ’ ကို အန်တီက ပို့မပို့ဆို”

“ဟုတ်တယ် သား… လိုအပ်တာတွေ သားပဲ လုပ်ပေးပါအုံး”

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ အန်တီ... 'ရာဇ' ကော"

"ခဏနော် သား... 'မြညို' ရေ"

ကျွန်မ ဖုန်းကိုပိတ်ကာ 'မြညို' ကိုအော်ခေါ်ပြီး ပြောလိုက်မိပါသည်။

" 'ရာဇ' ကို သွားပြော... 'မိုးကောင်း' ဆီက ဖုန်းလာတယ်လို့"

'မြညို' အိမ်ပေါ်ပြေးတက်ပြီး မကြာခင် ပြန်ဆင်းလာကာ ကျွန်မကို ပြောပါသည်။

" 'ရာဇ' က မပြောချင်ဘူးတဲ့ မေမေလေး"

သမီး ကျွန်မကို ရွဲ့ပြီဆိုတာ ကျွန်မ သိပါသည်။ ဒါကြောင့်လည်း တစ်ဖက်က 'မောင်မိုးကောင်း' ကို တောင်းပန်လိုက်မိသည်။

" 'ရာဇ' က အန်တို့ကို စိတ်ကောက်နေတာ သားရေ... သူသွားချင်တုန်းက မလွှတ်ခဲ့ဘဲ ခုမှ လွှတ်ဖို့စီစဉ်လို့လေ"

"ခုမှ လွှတ်လဲရတာပါပဲ... ဒါဆို နောက်မှ ကျွန်တော်ထပ်ဆက်မယ် အန်တီ"

"အေးကွယ်... ကျေးဇူးတင်ပါတယ်"

ကျွန်မ ဖုန်းကိုချပြီး နေရာမှအထ 'ရာဇ' က အပေါ်ထပ်မှ ဆင်းလာတာကို တွေ့လိုက်ရပါသည်။

အင်္ကျီအဝတ်အစားလဲကာ ပခုံးမှာ အိတ်လွယ်ထားတာမို့ ကျွန်မ ဆီးမေးလိုက်မိပါသည်။

"ဒါ ဘယ်လဲ 'ရာဇ' "

"ညတည်းက မာမီ့ကို ပြောထားသားပဲ.. 'အင်းကြင်း' ဆီ စာအုပ်သွားငှားပါ့မယ်ဆို"

www.burmeseclassic.com

www.burmeseclassic.com



"မလိုဘူး 'ရာဇ'... သမီး ကျောင်းတက်စရာလည်း မလိုတော့ဘူး... ခုနက 'မောင်မိုးကောင်း' နဲ့ စကားပြောပြီးသွားပြီ... ဟိုမှာ ကျောင်းဆက်တက်ဖို့ သူလိုအပ်တာတွေ လုပ်ပေးလိမ့်မယ်"

"မာမီ ဘာတွေ လုပ်နေတာလဲ"

သမီးက ကျွန်မကိုကြည့်ကာ အရူးတစ်ယောက်လို အော်ပါသည်။

ကျွန်မ သမီးကို အရှုံးမပေးချင်တော့ပါ။ တကယ်တော့ ဒီလိုဖြစ်လာမယ်ဆိုတာ သိလို့ ကျွန်မကိုယ်တိုင် သမီးကို 'အထွန်း' နဲ့ မပတ်သက်ဖို့ တားမြစ်ခဲ့ပြီးပြီပဲ။ ဒါကို ဘာလို့ သမီးရှေ့ဆက်တိုးပြီး မိုက်ချင်နေရတာလဲ။

"မာမီလွှတ်လဲ သမီး မသွားဘူး... သမီး ဒီမှာပဲ ကျောင်းဆက်တက်မယ်"

ကျွန်မ ပြုံးလိုက်မိပါသည်။ သမီးက ကျွန်မကို ဒီလို အကြပ်ကိုင်လို့ ရစတမ်းလား။

" 'မြညို' ... မေမေလေးကို 'ရာဇ' ရဲ့ ကားသော့ပေးစမ်း"

'မြညို' က နံရံတွင်ချိတ်ထားသော 'ရာဇ' ရဲ့ ကားသော့ကို ဖြုတ်ကာ ကျွန်မကို လာအပေး...

"မာမီ မတရားဘူး"

သမီး ငိုပါတော့သည်။ သမီးငိုတော့ ကျွန်မလည်း စိတ်မကောင်းပါ။ ဒါပေမဲ့ သမီးကို အပြင်ကို လွှတ်လိုက်လျှင် စူဌလိပ်ရေထဲလွှတ်တာကမှ ရေထဲကူးသွားတာ မြင်ရပါအုံးမည်။

သမီးကတော့ 'အထွန်း' ဆီကို ပြေးသွားတာ ကျွန်မပင်မြင်ရမည် မထင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ နာကြည်းစွာအပြုံး သမီးက ကျွန်မကို ရန်ထောင်ပါသည်။

“ပြဿနာတစ်ခုကို အေးအေးဆေးဆေး မဖြေရှင်းဘဲ မာမီ ဒီလိုပဲ ရှင်းလို့ရမယ် ထင်နေလား”

“သွေးပူနေတုန်းတော့ သမီး မာမီ့ကို ဒီလိုပဲ အထင်လွဲနေမှာပါပဲ... နောင်တစ်ချိန် သွေးအေးသွားတော့မှ သမီး မာမီ့ကိုနားလည်လာမှာပါ”

“နားမလည်ဘူး... ဘယ်တော့မှ နားမလည်ဘူး... မာမီ သမီး ကို အပြင်လွှတ်မလား မလွှတ်ဘူးလားပြော”

သမီးက သူ့မောင်းချခါးကိုထုတ်ကာ သူ့လက်ပေါ်တင်ရင်း ကျွန်မကို ခြိမ်းခြောက်နေပါသည်။

“ခုချိန်မှာ ‘ရာဇ’ ဘာမှ မသိဘူး... ဦးဆီကို သွားချင်တာပဲ သိတယ်”

“သမီး”

ကျွန်မ သမီးကို အံ့သြစွာအကြည့်...

“ ‘မြညို’ ... မာမီဆီက ငါ့ကားသော့ ယူပေးစမ်း”

‘မြညို’ က ကျွန်မထိုင်နေသော စားပွဲပေါ်မှ ကားသော့ကို ကြောက်ကြောက်ရွံ့ရွံ့ဖြင့် လှမ်းအယူ ...

“သမီး မာမီ့ကို ဒါမျိုး မလုပ်ချင်ပါဘူး... ဒါပေမဲ့ ဒါမျိုး လုပ်တတ်အောင် သင်ပေးတာက မာမီပဲ... သမီး မာမီ့ကို နှုတ်ဆက်ခဲ့ပါတယ်”

“သမီး”

ကျွန်မ တားမြစ်နေဆဲ သမီးက ကျွန်မရှေ့က ချာကနဲလှည့်

www.burmeseclassic.com

www.burmeseclassic.com



ကာ တိုက်ထဲမှ ပြေးထွက်သွားပါသည်။

ခဏနေတော့ ခြံထဲမှ သမီးရဲ့ကားလေး အရှိန်ပြင်းစွာ မောင်းထွက်သွားတာကို ကျွန်မ တွေ့လိုက်ရပါသည်။

ကျွန်မ ဘာလုပ်ရမလဲ။

သမီး 'အထွန်း' ဆီက လွဲ၍ ဘယ်ကိုမှ မသွားဘူးဆိုတာကို ကျွန်မ သိပါသည်။

ကျွန်မ ဘာလုပ်သင့်သလဲ။

ကျွန်မ အခန်းထဲကို ပြေးလာကာ သမီးရဲ့ ဟန်းဖုန်းလေးကို ချက်ချင်း ထုတ်လိုက်ပါသည်။ သမီးခေါ်ထားတဲ့ နံပါတ်တွေထဲက အများဆုံးခေါ်ထားတဲ့ နံပါတ်တစ်ခုကို ကျွန်မ ကောက်နှိပ်လိုက်မိပါသည်။

ကျွန်မ ရင်ထဲမှာခုန်ကာ ကျွန်မရဲ့ လည်ချောင်းတွေလည်း သွေ့ခြောက်၍ နေပါသည်။

"ဟုတ်ကဲ့ ပြောပါ... 'ရန်နောင်ထွန်း' ပါ"

'အထွန်း' ရဲ့ အသံက ပုံမှန်အသံပါ။ တော်ပါသေးရဲ့... သမီး 'အထွန်း' ဆီကို ဖုန်းမဆက်ရသေးဘူးနဲ့ တူပါရဲ့။

"'အထွန်း' ... 'မ' ပါ... 'အထွန်း' အားလားဟင်"

" 'မ' အတွက်ဆို အချိန်မရွေးပဲ"

" 'မ' ... 'အထွန်း' ကို တွေ့ချင်တယ်"

"ကျွန်တော် ဘယ်ကိုလာခဲ့ရမလဲ"

ကျွန်မ 'အထွန်း' နဲ့ တွေ့သင့်တဲ့နေရာ တစ်နေရာကို စဉ်း စားနေမိပါသည်။ စဉ်းစားရင်းမှလည်း ကျွန်မ ယူသင့်တဲ့ပစ္စည်း တချို့ကို ယူနေမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့က ကျွန်မ ဘဝနဲ့ချီကာ အရေးကြီးတဲ့နေ့။ ဒီနေ့မှာမှ ကျွန်မ သမီးလေးရဲ့ဘဝကို မကယ်နိုင်လျှင် ကျွန်မလောက်ဆိုး သွမ်းမိုက်မဲတဲ့ မိခင်မျိုး ဒီကမ္ဘာပေါ်မှာ ရှိတော့မည်မထင်။

ကျွန်မ အလွယ်တကူပင် အင်းလျားကန်စောင်းပေါ် ချိန်း လိုက်မိပါသည်။

" 'အထွန်း' လာနိုင်ပါ့မလား"

" 'မ' အတွက်ပဲ လာခဲ့ရမှာပေါ့... ဆယ်မိနစ်ပဲ စောင့်"

'အထွန်း' လေချွန်ကာ ဟန်းဖုန်းကို အပိတ် နောက်ထပ်ဖုန်း သံတစ်သံက ထပ်မြည်လာတာကြောင့် နံပါတ်ကိုအကြည့် တစ်ခါ မှ မမြင်ဘူးတဲ့ နံပါတ်မို့ အသံအပေး...

" 'ဦး' လား"

တစ်ဖက်မှ ထွက်လာတဲ့ 'ရာဇ' ရဲ့ အသံလေးကြောင့် အံ့ဩ သွားရပါသည်။

" 'ရာဇ' ဘယ်က ဆက်တာလဲ"

"လမ်းဘေးဖုန်းက ဆက်နေတာ... ဦး ဘာလုပ်နေလဲ... 'ရာဇ' ဦး ဆီကိုလာမလို့"

" ဦး ဆီကို လာမလို့ဟုတ်လား... ဘာဖြစ်လို့လဲ"

"မာမီနဲ့ ကွိုင်တက်နေလို့"

"ဩော်"

'အထွန်း' ပြုံးလိုက်မိပါသည်။ ဒါကြောင့်သာပဲ 'မ' သူ့ဆီကို ဖုန်းဆက်တာ ထင်ပါရဲ့။

"လာခဲ့လေ အခု ဦး အပြင်သွားစရာရှိတယ်... အခန်းသော့ ကို အောက်ထပ်မှာ ပေးခဲ့လိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဦး ကျေနပ်ရဲ့လား"

"ဘာကိုလဲ"

"'ရာဇ' ရောက်လာမှာကိုလေ"

"ဘာလို့ မကျေနပ်ရမှာလဲ... ဦးက 'ရာဇ' ကို အမြဲတွေ့ချင်နေတဲ့ ဥစ္စာ"

'ရာဇ' မျက်နှာလေး ပြုံးသွားရပါသည်။ ဒီလောက် ချစ်စရာကောင်းတဲ့ ဦးကို မာမီဘာလို့များ ဒီလောက် အူတိုနေရတာပါလိမ့်။

"ဦးက ဘယ်သွားမှာလဲ"

"သူငယ်ချင်းနဲ့ ချိန်းထားလို့... ခဏလေးပဲ ချက်ချင်းပြန်လာမှာ"

"ဒါဆို 'ရာဇ' ဖုန်းချလိုက်တော့မယ်နော်... ဦး တာ့တာ"

'ရာဇ' ဖုန်းချပြီးတာနဲ့ 'အထွန်း' အောက်ထပ်ကို ဆင်းလာခဲ့လိုက်ပါသည်။ ခုလောက်ဆို 'မ' အင်းလျားကန်စောင်းကို ရောက်နေလောက်ရောပေါ့။

'မ' နဲ့ ဒီလိုဆုံဆည်းဖို့ သူ နှစ်တွေဘယ်လောက်ကြာအောင် စောင့်စားခဲ့ရသလဲ။ ကားပေါ်တက်ခါနီး 'မ' ပေးခဲ့ဘူးတဲ့ ဂျင်းဝတ်စုံအနက်လေးကို သတိရမိသည်။

ဒါပေမဲ့ ထိုဝတ်စုံတွေက 'အထွန်း' နဲ့ လုံးဝမတော်တော့ပါ။ အင်း 'ရာဇ' နဲ့ဆို တော်နေမလား။

သူငယ်ငယ်တုန်းကလည်း 'ရာဇ' လောက်ပဲရှိတာ။ 'ရာဇ' အကြောင်းကို တွေးမိတော့ ပြုံးမိရပြန်ပါသည်။ ဒီလိုပဲ 'အထွန်း' ဘဝမှာ သူ့ကွန်ယက်ထဲ အလကားနေ လာတိုးဝင်တဲ့ မိန်းကလေးတွေ မနည်းမနောပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒီလို လာတိုးဝင်တိုင်းသာ 'အထွန်း' လက်ထပ်ရမယ်ဆို ခုဆို မိန်းမ တစ်ဒါဇင် ကျော်လောက်ပါပြီ။

သူ့ဘဝမှာ သူ့အချစ်ဆုံးက 'မ' ပါ။ 'မ' ကလွဲ၍ ဘယ်မိန်းမ ကိုမှ ချစ်ဖို့ သူ မစဉ်းစားပါ။ အတွေးတွေ တဝေဝေဖြင့် ကန်ဘောင် ကို အရောက်…

'မ' က ခုံတန်းတစ်ခုမှာထိုင်ကာ သူ့ကိုစောင့်နေတာ တွေ့ရ ပါသည်။

'မ' ရယ်… ဒီလို ရက်မျိုးတွေ ကြုံရဖို့ 'အထွန်း' မှာ နှစ် ပေါင်းများစွာ စောင့်လိုက်ရတာ။ ခုတော့ စောင့်ရကျိုးနပ်ပြီ ထင်ပါ ရဲ့။

'အထွန်း' ကန်ဘောင်ပေါ်ကို ပြေးတက်လာခဲ့လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၃၉

“ ‘မ’ ”

ရုပ်ရှင်တွေထဲမှာဆို ဒီလိုအခန်းမျိုးက လပ်ဖ်ဆင်းန် အခန်းမျိုးပါ။ သူက ပြေးအလာ ‘မ’ က ရင်ဖွင့်ပြီး ကြိုနေရမှာ။

ခုတော့ ‘မ’ က အေးစက်စွာ ထိုင်စောင့်နေပါသည်။

“ ‘မ’ ”

သူ ထပ်ခေါ်တော့ ‘မ’ က သူ့ကို လှမ်းကြည့်ပါသည်။ ‘မ’ ရဲ့ မျက်လုံးတွေက အေးစက်စက်နိုင်လိုက်တာ။ ‘မ’ ‘အထွန့်’ ကို မချစ်တော့ဘူးလား။

www.burmeseclassic.com

www.burmeseclassic.com



'မ' အနားတွင် သူ ပူးကပ်အထိုင် 'မ' ဆီမှ အေးစက်စက် အသံ ထွက်လာခဲ့ပါသည်။

"မင်းဆီကို 'ရာဇ' ဖုန်းဆက်သေးလား"

'အထွန်း' ခေါင်းညိတ်လိုက်မိပါသည်။ 'မ' ကို သူ ဘာညာ စရာလိုသလဲ။

"သူ ကျွန်တော့်ဆီမှာ နေဖို့လာတာလို့ ပြောတယ်"

ကျွန်မ နာကြည်းစွာ ပြုံးလိုက်မိပါသည်။

မိခင်ဖြစ်သူကတော့ ဒီသမီးလေး မျက်နှာငယ်မှာစိုး၍ နောက်အိမ်ထောင်ပင် မပြုခဲ့ပါ။ သမီးမျက်နှာကို အရိပ်လိုကြည့်ကာ သမီးရဲ့ဘဝကို ရွေလိုဥနိုင်အောင် ထားခဲ့မိသည်။

ခု သူစိမ်း ယောကျ်ားတစ်ယောက်နဲ့ တွေ့တာမှ မကြာခင် သမီးက သူ့ကို စိမ်းကားရက်စက် နိုင်ပြီလား။

ပါးပေါ် မျက်ရည်များ စီးအကျ…

"'မ' ဘာဖြစ်လို့ ငိုတာလဲ… 'အထွန်း' နဲ့ တွေ့ရတုန်း ပျော်ပျော်နေပါ 'မ' ရယ်… 'မ' ကို 'အထွန်း' သိပ်ချစ်ပါတယ်"

'အထွန်း' ရဲ့ အိကျလာတဲ့ ကိုယ်ခန္ဓာကို ဆောင့်တွန်းကာ ကျွန်မ နေရာမှ ရုန်းထပစ်လိုက်သည်။

ဒါ ပင့်ကူတစ်ကောင်ရဲ့ ဖြားယောင်း သွေးဆောင်ခြင်းတဲ့လား။ အရင်တုန်းက ကျွန်မက ငယ်သေးလို့ 'အထွန်း' ရဲ့ ဖြားယောင်းမှုမှာ သာယာခဲ့မိတာ။ ယခု ကျွန်မက အသက်လေးဆယ် ကျော်နေပြီ။ သာယာမှု ဘယ်လိုမှ မရှိနိုင်တော့။ ကျွန်မ ပူနေတာ ကျွန်မရဲ့ သမီးလေးအတွက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



" 'ရာဇ' မင်း ဘယ်လိုလုပ်မှာလဲ"

"ဘာလုပ်ရမှာလဲ 'မ'... ကျွန်တော် 'ရာဇ' ကိုမှ မချစ်တာ... ကျွန်တော့်သူ့ကို တခြား မိန်းကလေးတစ်ယောက်လိုပဲ ခင်တာ"

"အဲ့ဒါဆို 'ရာဇ' သာယာအောင် မင်းဘာလို့ ဖြားယောင်းစကားတွေ ပြောခဲ့ရတာလဲ 'အထွန်း' "

"ကျွန်တော် ဘာမှ မဖြားယောင်းခဲ့ဘူး... ကျွန်တော် ပြောတတ်သလို ပြောခဲ့တာ"

"အေး မင်းပြောခဲ့တာက အရေးမကြီးဘူး... ခု 'ရာဇ' က ငါ့ ကို အထင်လွဲနေပြီ... မင်း 'ရာဇ' ကို ဘာလုပ်မှာလဲ"

"ကျွန်တော့်မှ သူ့ကို မချစ်တာ"

"မင်း မချစ်ပေမယ့် 'ရာဇ' က မင်းဆီ ရောက်နေပြီလေ... မင်းမှာ တာဝန် မရှိဘူးလား"

'အထွန်း' က ခေါင်းခါပြလေသည်။ ကျွန်မ 'အထွန်း' ကို ကြည့်ကာ စက်ဆုပ်ရွံမုန်းလိုက်တာ။ ဒါ ယောကျ်ားလေးတစ်ယောက်တဲ့လား။

ဒီလိုနဲ့ပဲ သူ့ကွန်ယက်မှာ လာငြိတဲ့မိန်းကလေး ဘယ်နှစ်ယောက်လောက်ကို 'အထွန်း' ဖျက်ဆီးခဲ့ပြီးပြီလဲ။

"မင်း အတော်ယုတ်မာတဲ့လူပဲ 'အထွန်း' "

" 'မ' အရင်တုန်းကပြောတော့ ပင့်ကူဆိုတာ လူမဟုတ်ဘူးဆို ... ခု ဘယ်နှယ့်လူ ဖြစ်ရပြန်တာလဲ"

ရယ်နေတဲ့ 'အထွန်း' ရဲ့ပုံစံက မုန်းစရာပါ။

"ကျွန်တော်တော့ ပင့်ကူဖြစ်ရတာ သဘောကျတယ်... အစာရှာစရာလည်း မလိုဘူး... ကိုယ်ပိုက်ကွန်မှာ လာနားတဲ့ ပိုးကောင်

www.burmeseclassic.com

www.burmeseclassic.com



မှန်သမျှကို အသာလေး စားလိုက်ရုံပဲ… 'မ' ဆီက ပြန်ရင် အိမ်မှာ အသင့်စောင့်နေတဲ့ ပိုးကောင်လေးတစ်ကောင် ရှိနေသေးတယ်"

"'အထွန်း'"

ကျွန်မရဲ့ ချုပ်ထိန်းနိုင်တဲ့ စွမ်းအင်တွေလည်း ကုန်ဆုံးသွားပြီထင်ပါသည်။ ကျွန်မ ပိုက်ဆံအိတ်ထဲတွင် အသင့်ဆောင်လာသောဓါးဖြင့် 'အထွန်း' ရဲ့ ဗိုက်ကို တဆုံးအထိုး …

"'မ'"

'အထွန်း' က ကျွန်မကို အံ့သြတကြီး ငေးကြည့်နေပါသည်။

"'မ' ကျွန်တော့်ကို လုပ်ရက်တယ်…."

"အေး… အဲဒီ့လိုမှ မလုပ်ရင် မင်းရဲ့ ပိုက်ကွန်မှာ နောက်ထပ်ပိုးကောင်ငယ်တွေ အများကြီးထပ်မိအုံးမှာပဲ… ငါ့သမီး 'ရာဇ' လိုနောက်ထပ် ဘယ်ပိုးကောင်မှ ထပ်အငြိမခံစေချင်တော့ဘူး… ဒါကြောင့် မင်းကို ငါထိုးတာ"

"'မ' ရက်စက်လိုက်တာ"

သွေးများဖြင့် ရွှဲနစ်နေသော ဗိုက်ကိုဖိကာ 'အထွန်း' က အပြော…

"ငါ့ဘဝမှာ ငါ့သမီးက အရေးအကြီးဆုံးပဲ… ငါ့သမီးအတွက်ဆို ငါဘဝလည်း ရင်းရင် ရင်းရပါစေ… ငါရင်းမယ်"

ကျွန်မပြောနေဆဲ 'အထွန်း' ဝေဒနာကို မခံစားနိုင်သလို ခံ့တန်းကို မှီကာ ငြိမ်သက်နေပါသည်။ ကျွန်မအိတ်ထဲ အသင့်ထည့်လာသော သမီးရဲ့ ဟန်းဖုန်းလေးကို နှိပ်ကာ 199 ကိုနှိပ်ကာ ဖုန်းခေါ်လိုက်ပါသည်။

ခဏနေဆိုလျှင် ရဲကားတွေ ရောက်လာပါတော့မည်။ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



ပင့်ကူတစ်ကောင်ရဲ့ ဇာတ်သိမ်းခန်းကို ထိုင်ကြည့်နေမိပါသည်။

မကြာခင်မှာ ဇာတ်သိမ်းတော့မယ့် ပင့်ကူက ကျွန်မကြားအောင် စကားတွေ လှမ်းပြောနေပါသေးသည်။

"'မ' ကျွန်တော့်ကို ရက်စက်ပေမယ့် ကျွန်တော်က 'မ' ကို တကယ်ချစ်ခဲ့တာပါ"

ကျွန်မ နာကြည်းစွာ အော်ရယ်လိုက်မိပါသည်။ တကယ်ချစ်ခဲ့တယ်တဲ့လား။ အချစ်မှာ အချစ်အပြင် သစ္စာတရားပါ ဒွန်တွဲပါရတယ်ဆိုတာကို ဒင်းမသိဘူးတဲ့လား။

ဘာပဲဖြစ်ဖြစ် ကျွန်မသမီးရဲ့ဘဝကို ကယ်တင်လိုက်နိုင်တာကိုတော့ ကျွန်မ ကျေနပ်မိပါသည်။

ကျွန်မ 'အထွန်း' ရဲ့ နောက်ဆုံးထွက်သက်ကို ငေးကြည့်နေဆဲ ရဲကားတွေ ဆူဆူညံညံနဲ့ ကန်ဘောင်ခြေရင်းမှာ ရပ်လာတာကို တွေ့လိုက်ရပါသည်။

ကျွန်မ သမီးအပေါ်မှာ တာဝန်ကျေသော မိခင်ဖြစ်ရတာကို ဂုဏ်ယူနေမိပါသည်။ ကျွန်မ ကန်ဘောင်မှ ထရပ်လိုက်တော့ အသက်ဝိဉာဉ်ကင်းမဲ့နေပြီဖြစ်သော 'အထွန်း' ရဲ့ သက်မဲ့ခန္ဓာက ကျွန်မကို လှမ်းကြည့်နေပါသည်။

ကျွန်မ 'အထွန်း' ကို ကျောခိုင်းကာ ရဲကားရှိရာဆီ ဆင်းလာခဲ့လိုက်မိပါတော့သည်။

www.burmeseclassic.com

**ရှင်လန်းချမ်းမြေ့ပါစေ**
**ဆက်လက်ကြိုးစားနေဦးမည့်**
**ဝေဝေဝေအောင်**

**ကြောင်နှစ်ကောင်စာအုပ်တိုက်**

www.burmeseclassic.com

